ရန်ကင်းတောင်စာစဉ်(၃၆)



# ပဋ္ဌာန်းပဉ္စာဝါရ

## အပိုင်း (၁)

ပဋ္ဌာန်း ပဉ္စာဝါရ ကုသလတိက် ပါဠိ မြန်မာပြန် နှင့်
ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိ မြန်မာ အင်္ဂလိပ်

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)မှ စုစည်းပြုစုပါသည်။

ရန်ကင်းတောင်စာစဉ် (၃၆)

# ပဋ္ဌာန်းပဉှာဝါရ

## (အပိုင်း - ၁)

**ပဋ္ဌာန်းပဉှာဝါရ ကုသလတိက် ပါဠိ မြန်မာပြန်နှင့်**
**ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိ မြန်မာ အင်္ဂလိပ်**


**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်**

Email : ven.khemananda.brahmana@gmail.com

## ရန်ကင်းတောင်စာစဉ်အမှတ် (၃၆)

ထုတ်ဝေခြင်း – ပထမအကြိမ်( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ)

အုပ်ရေ – ၁၀၀၀

ထုတ်ဝေသူ – ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၄၁၉၃)

အဖုံးနှင့်အတွင်းပုံနှိပ် – ရွှေနိုင်ငံပုံနှိပ်တိုက် (၀၅၇၄၅)
အမှတ် (၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း– ၀၁–၅၅၄၄၇၄

ဖြန့်ချိရေး – **ရန်ကင်းတောင်စာစဉ်**

**နေပြည်တော်**

ဖုန်း ၀၉–၄၃၀ ၇၅၇၀၄၊ ၀၉–၄၂၀ ၇၁၂၇၅၈၊
၀၉–၈၃၀ ၄၄၄၆

**ရန်ကုန်**

ဖုန်း ၀၉ ၅၁၇၀ ၉၇၉၊ ၀၁ ၆၄၅ ၈၉၄၊ ၀၉ ၅၁၄ ၈၄၇၈

**သစ္စာမဏ္ဍိုင်ပိဋကစာပေ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)**

ဖုန်း ၀၉–၇၃၀ ၉၆၈၉၈၊ ၀၁–၃၈၇၈၄၉

တန်ဖိုး – ကျပ်

**‘ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း’ (CIP)**

၂၉၄ ・ ၃

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်။
ပဋ္ဌာန်းပဥ္စာဝါရ အပိုင်း (၁)
ရန်ကုန်၊ ရွှေနိုင်ငံစာပေ ၂၀၁၉။ - စာ၊ ၁၉ × ၂၆. ၆၇ စင်တီ။
(၁) ပဋ္ဌာန်းပဥ္စာဝါရ အပိုင်း (၁)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | ဤစာအုပ်အကြောင်း | ဂ |
| * | ကျေးဇူးဥပကာရမော်ကွန်း | င |
| * | နိဒါန်း | စ |
| က | **ပဋ္ဌာန်းပဉှာဝါရ** | |
| | ၁ - ဟေတုပစ္စယော | ၁ |
| | ၂ - အာရမ္မဏပစ္စယော | ၄ |
| | ၃ - အဓိပတိပစ္စယော | ၁၄ |
| | ၄ - အနန္တရပစ္စယော | ၂၁ |
| | ၅ - သမနန္တရပစ္စယော | ၂၄ |
| | ၆ - သဟဇာတပစ္စယော | ၂၈ |
| | ၇ - အညမညပစ္စယော | ၃၅ |
| | ၈ - နိဿယပစ္စယော | ၃၈ |
| | ၉ - ဥပနိဿယပစ္စယော | ၄၅ |
| | ၁၀ - ပုရေဇာတပစ္စယော | ၇၅ |
| | ၁၁ - ပစ္ဆာဇာတပစ္စယော | ၇၉ |
| | ၁၂ - အာသေဝနပစ္စယော | ၈၁ |
| | ၁၃ - ကမ္မပစ္စယော | ၈၃ |
| | ၁၄ - ဝိပါကပစ္စယော | ၈၆ |
| | ၁၅ - အာဟာရပစ္စယော | ၈၈ |
| | ၁၆ - ဣန္ဒြိယပစ္စယော | ၉၁ |
| | ၁၇ - ဈာနပစ္စယော | ၉၅ |
| | ၁၈ - မဂ္ဂပစ္စယော | ၉၈ |
| | ၁၉ - သမ္ပယုတ္တပစ္စယော | ၁၀၁ |
| | ၂၀ - ဝိပ္ပယုတ္တပစ္စယော | ၁၀၃ |
| | ၂၁ - အတ္ထိပစ္စယော | ၁၀၇ |
| | ၂၂ - နတ္ထိပစ္စယော | ၁၁၉ |
| | ၂၃ - ဝိဂတပစ္စယော | ၁၂၂ |
| | ၂၄ - အဝိဂတပစ္စယော | ၁၂၅ |
| ခ | ပဋ္ဌာန်း ၂၄ - ပစ္စည်း | ၁၂၆ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဂ | **ပဋ္ဌာန်းပစ္စယနိဒ္ဒေသ** | |
| | ၁ - ဟေတုပစ္စယော | ၁၂၈ |
| | ၂ - အာရမ္မဏပစ္စယော | ၁၂၉ |
| | ၃ - အဓိပတိပစ္စယော | ၁၃၂ |
| | ၄ - အနန္တရပစ္စယော | ၁၃၄ |
| | ၅ - သမနန္တရပစ္စယော | ၁၄၀ |
| | ၆ - သဟဇာတပစ္စယော | ၁၄၂ |
| | ၇ - အညမညပစ္စယော | ၁၄၃ |
| | ၈ - နိဿယပစ္စယော | ၁၄၄ |
| | ၉ - ဥပနိဿယပစ္စယော | ၁၄၆ |
| | ၁၀ - ပုရေဇာတပစ္စယော | ၁၄၉ |
| | ၁၁ - ပစ္ဆာဇာတပစ္စယော | ၁၅၂ |
| | ၁၂ - အာသေဝနပစ္စယော | ၁၅၃ |
| | ၁၃ - ကမ္မပစ္စယော | ၁၅၅ |
| | ၁၄ - ဝိပါကပစ္စယော | ၁၅၆ |
| | ၁၅ - အာဟာရပစ္စယော | ၁၅၇ |
| | ၁၆ - ဣန္ဒြိယပစ္စယော | ၁၅၈ |
| | ၁၇ - ဈာနပစ္စယော | ၁၆၁ |
| | ၁၈ - မဂ္ဂပစ္စယော | ၁၆၂ |
| | ၁၉ - သမ္ပယုတ္တပစ္စယော | ၁၆၃ |
| | ၂၀ - ဝိပ္ပယုတ္တပစ္စယော | ၁၆၄ |
| | ၂၁ - အတ္ထိပစ္စယော | ၁၆၆ |
| | ၂၂ - နတ္ထိပစ္စယော | ၁၆၉ |
| | ၂၃ - ဝိဂတပစ္စယော | ၁၇၀ |
| | ၂၄ - အဝိဂတပစ္စယော | ၁၇၄ |
| ဃ | **နောက်ဆက်တွဲများ** | |
| | ၁ - စက္ခုဒွါရ၌ အတိမဟန္တာရုံဝီထိဖြစ်ပုံ (A COMPLETE EYE - DOOR PROCESS) | ၁၇၅ |
| | ၂ - ပဉ္စဒွါရဝီထိသို့ အစဉ်လိုက်သော အနုဗန္ဓကမနောဒွါရဝီထိ | ၁၇၆ |
| | ၃ - မနောဒွါရဝီထိ | ၁၇၇ |
| | ၄ - ပဋ္ဌာဝါရ အနုလုံ သဘာဂဇယား | ၁၈၁ |
| င | မှီငြမ်းကိုးကား ကျမ်းစာအုပ်များ | ၁၈၃ |

## ဤစာအုပ်အကြောင်း

ရန်ကင်းတောရ ပရိယတ် ပဋိပတ်ဌာနတွင် နေ့စဉ်ဘဝနှင့် အဘိဓမ္မာတရား Daily life Abhidhamma သင်တန်းကို ရန်ကင်းတောရဆရာတော်မှ လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလက စတင်ပြီး သင်ကြား ပို့ချပေးတော်မူလျက် ရှိပါသည်။

ကျနော်အပါအဝင် ဝိပဿနာတရားကို မြတ်နိုးကြသည့် ရပ်နီး၊ ရပ်ဝေးမှ တပည့်ယောဂီများ၏ လျှောက်ထားမှုကြောင့် ၂၀၁၈-ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် တနင်္ဂနွေနေ့မှ စတင်ကာ Daily life Patthana နေ့စဉ်ဘဝနှင့် ပဋ္ဌာန်းတရား သင်တန်းကို ဖွင့်လှစ် သင်ကြားပေးတော်မူပါသည်။ သင်တန်း၌ ပဋ္ဌာန်းပဥှာဝါရကျမ်းကို အခြေခံပြီး ပစ္စယနိဒ္ဒေသကို သင်ယူလေ့လာလျက် ရှိပါသည်။

## ဘဝနှင့် တရားသင်တန်း

ဆရာတော်က စာမေးပွဲအောင်မြင်ရန်ကို အထူး ပဓာနမပြုဘဲ အဘိဓမ္မာတရားတော်ကို လက်တွေ့ ဘဝထဲတွင်အသုံးချနိုင်ရန် အဓိကထား သင်ကြားပေးနေပါသဖြင့် အချို့သော တပည့်များက စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြောင်း လျှောက်ထားရာတွင် "ဘဝနှင့် တရားကို Applied လုပ်ပြီး လက်တွေ့ အသုံးချဖို့ ရည်ရွယ်ချက်ထား ကြိုးစားသင်ယူနေတဲ့သူအတွက် စာမေးပွဲဖြေဖို့များ ဆန္ဒရှိနေကြတယ်ဆိုရင်ဖြင့် ခရီးသွားဟန်လွဲ ဖြေလိုက်ရုံပေါ့"ဟု မိန့်တော်မူပါသည်။

## မြို့တော်ဝန်ကျောင်း၌ ပဋ္ဌာန်းသင်တန်းပို့ချ

ယခုအခါတွင် သင်တန်းတက်ရောက် လေ့လာနေကြသည့် သင်တန်းသူ၊ သင်တန်းသား များလာသဖြင့် လယ်ဝေးမြို့နယ် သပြေပင် စံပြကျေးရွာရှိ ရန်ကင်းတောရကျောင်းတွင် နေရာထိုင်ခင်း အခက်အခဲဖြစ်လာသည်က တစ်ကြောင်း၊ သင်တန်းသားများ သွားလာရသည့် ခရီးကွာဝေးလွန်းသည် က တစ်ကြောင်းတို့ကြောင့် ဆရာတော်ဝါဆိုရာ မြို့တော်ဝန်ကျောင်းသို့ သင်တန်းဌာန ပြောင်းရွှေ့ ဖွင့်လှစ်ထားပါသည်။

## သင်နည်းစနစ်

အဘိဓမ္မာတရားတော်သည် သာမန်အားဖြင့် ဉာဏ်သက်ဝင်ရန် ခက်ခဲနက်နဲသည့် ဘာသာရပ် ဖြစ်ပါသည်။ ထို့အပြင် ဆရာတော်မှ သင်ကြားရာတွင် လူသားတစ်ဦး၏ ဘဝထဲတွင် လက်တွေ့ အသုံးချနိုင်သည့် သင်ကြားနည်းစနစ် Applied Method ဖြင့် သင်ကြားပေးပါသည်။ ထို့ကြောင့် သင်ကြားမှုသည် သာလွန်၍ပင် အခက်အခဲ ရှိနေခဲ့ပါသည်။

Applied Method ကို နားလည်သဘောပေါက်ကာ ဘဝထဲ တရားပါလာရန်အတွက် သင်တန်း၏ လိုအပ်ချက်အရ ပါဠိ နိဿယဖြင့် သင်ကြားသော်လည်း ခေတ်ပညာတတ် သင်တန်းသား တို့အတွက် နားလည်ရန် အခက်အခဲ ရှိမြဲ ရှိနေပါသည်။ ထို့ကြောင့် မြန်မာပြန်ကို လက်ကိုင်ပြုကာ ပို့ချလာခဲ့ပါသည်။ သို့သော် အခက်အခဲမှာ မပြေလည်နိုင်ဘဲ ရှိနေပါသည်။

အင်္ဂလိပ်စာကို အထိအတွေ့များပြီး အတန်းပညာ တတ်မြောက်ကြသည့် ဘွဲ့ရသင်တန်းသူ သင်တန်းသားများအဖို့ ပါဠိ စကားလုံးကို မြန်မာပြန်အဓိပ္ပါယ်ထက် အင်္ဂလိပ်ဘာသာဝေါဟာရဖြင့် တန်ဆာဆင်ကာ သင်ထောက်ကူအဖြစ် Hand notes များ၊ Power Point presentation တို့ကို အသုံးပြု သင်ကြားပေးခြင်းဖြင့် သင်တန်းသူ သင်တန်းသားတို့၏ သင်ယူမှုစွမ်းရည် မြင့်မားလာသည်ကို တွေ့လာရပါသည်။

## အင်္ဂလိပ်ဝါကျ ဖွဲ့တတ်သည်

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာပေနှင့် မြန်မာစကားကြောင့် ပါဠိ စကားလုံးများစွာနှင့် ရင်းနှီးကြပါသော်လည်း ပါဠိစာပေ မသင်ကြားဘူးသည့် မြန်မာလူမျိုးတစ်ယောက်အနေဖြင့် ပါဠိ ဝါကျကို မဖွဲ့တတ်ပါ။ သို့ပါသော်လည်း မြန်မာနိုင်ငံ၏ ပညာရေးစနစ်အရ အင်္ဂလိပ်စာကို ထဲထဲဝင်ဝင် ရင်းနှီးကြပြီး အင်္ဂလိပ်ဝါကျကို အတန်အသင့် ဖွဲ့တတ် ကြသောကြောင့် ကျနော်အပါအဝင် ပဋ္ဌာန်း သင်ခန်းစာကို နားလည်သည့်စွမ်းရည် သိသိသာသာ မြင့်တက်လာခြင်း ဖြစ်မည်ဟု ထင်ပါသည်။

ထို့ကြောင့် ရန်ကင်းတောရဆရာတော်မှ ဤသင်တန်းသုံး စာအုပ်ကို သင်တန်းသားတို့၏ ပညာအရည်အချင်းအားလျော်စွာ နားလည်နိုင်ရန် ပါဠိ၊ ပါဠိ နိဿယ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ပြုစုပေးတော်မူထားပါသဖြင့် ခက်ခဲနက်နဲလှသည့် ပဋ္ဌာန်းတရားတော်မြတ်ကို သင်တန်းသူ သင်တန်းသားအများ ဝမ်းမြောက်ပျော်ရွှင်စွာ ဆည်းပူးခွင့်ရကြတော့မည်ဟု ယုံကြည်မျှော်လင့်မိပါသည် ခင်ဗျား။

ကပ္ပိယဦးကျော်ဝင်း
ရန်အောင်မြင်တောရ (မြို့တော်ဝန်ကျောင်း)

## ကျေးဇူးဥပကာရမော်ကွန်း

နေပြည်တော် မြို့တော်ဝန်ကျောင်းတွင် ပို့ချလျက်ရှိသည့် ပဋ္ဌာန်းပဉ္စာဝါရ သင်တန်းအတွက် သင်တန်းသုံး စာအုပ်တစ်အုပ် ကာလအတန်ကြာကပင် လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် သင်တန်းသုံးစာအုပ်တစ်အုပ် ဖြစ်လာနိုင်ရေးအတွက် ကျမ်းစာအုပ်ပေါင်းများစွာအကြားတွင် ခေါင်းထိုးကာ နေ့နေ့ညည စာမူရေးသားပြုစုနေခဲ့ပါသည်။

အနန္တရပစ္စည်းကို ရေးသားပြုစုနေသည့် ကာလ၏ တစ်ခုသောညနေပိုင်းတွင် ပါဠိ၊ အင်္ဂလိပ်နှင့် မြန်မာဘာသာတို့ဖြင့် ပြုစုထားသော ပဋ္ဌာန်းကျမ်း စာအုပ်တစ်အုပ် ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် မထင်မှတ်ဘဲ လက်ဆောင်ရလာပါသည်။ ကျမ်းစာအုပ်ကို ရေးသားပြုစုသူမှာ ဘဝတစ်ခုလုံးကို ပဋ္ဌာန်းစာဝါတို့ဖြင့် ပျော်မွေ့တော်မူနေသည့် တောင်တွင်းကြီးမြို့ ဂန္ဓာရုံဘုံကျော်ဆရာတော် ဖြစ်နေပေတော့သည်။ လွန်စွာမှပင် တိုက်ဆိုင်နေသဖြင့် ဆရာတော်ထံပါး တယ်လီဖုန်းဖြင့် ကျေးဇူးတင်စကားကို ဝမ်းမြောက်ဝမ်းသာ အားပါးတရ လျှောက်ထားခဲ့ပါသည်။ စာအုပ်ပါ အကြောင်းအရာအချို့ကိုလည်း ရေးသားနေသည့် ကျမ်းစာအုပ်တွင် အသုံးပြုခွင့်ပေးပါရန် တောင်းပန် လျှောက်ထားပါသည်။ ထို့ကြောင့် ဤစာမျက်နှာတွင် ဆရာတော်အား ကျေးဇူးဥပကာရ မှတ်တမ်း ရေးသားခွင့် ပြုတော်မူပါဘုရား။

ဆက်လက်ပြီး ကျေးဇူးတင်စကားကို လျှောက်ထားရမည်မှာ မော်ဘီ သာသနာ့ဝန်ဆောင် ဆရာတော် ဦးစန္ဒာသိရီ (ဓမ္မာစရိယ၊ ဝိနယဝိဒူ) ဖြစ်ပေသည်။ ဆရာတော်သည် သာသနာ့တာဝန်များပြားနေသည့်ကြားက ရသည့်အချိန်တိုကလေးကို မရမကယူကာ ပဋ္ဌာန်းစာမူကြမ်းကို ဖတ်ရှုပေးတော်မူပြီးပုဒ်ထီး ပုဒ်မ ထားသိုမှုကအစ၊ စာလုံးပေါင်းသတ်ပုံ အမှားအယွင်းအပါအဝင် မြန်မာဘာသာပြန်ဆိုရာတွင် ဖြစ်လေ့ဖြစ်ထရှိတတ်သည့် ပါဠိသဒ္ဒါရေးရှုထောင့်တို့ကိုပါ မခြွင်းမချန် စစ်ဆေးပြုပြင် တည့်မတ်ပေးတော်မူခဲ့ပါသည်။

ဆရာတော် ပြုပြင်စိစစ်ပေးတော်မူခဲ့သည့်စာမူ လက်ဝယ် ရောက်ရှိလာပါသော်လည်း ဆရာတော်ကမူ သာသနာရေးတာဝန်တစ်ရပ်ဖြင့် ပြည်ပခရီး ကြွသွားတော်မူပါသည်။ ဆရာတော်အား ကျေးဇူးတင်စကားကို နှုတ်ဖြင့် လျှောက်ထားခွင့် မရခဲ့ပါသေးသော်လည်း ဤစာမျက်နှာတွင် ကျေးဇူးဥပကာရမှတ်တမ်း ရေးသားခွင့်ပြုတော်မူပါဘုရား။

ရန်ကင်းတောရဆရာတော်<br>
(မြို့တော်ဝန်ကျောင်း)<br>
၁၃၈၀ ပြည့်၊ ပြာသိုလပြည့်<br>
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်

# နိဒါန်း

ပဋ္ဌာန်းတရားတော်မြတ်သည် ဂမ္ဘီရော နက်နဲလွန်းပါသည်၊ ဒုဒ္ဒသော မြင်နိုင်ခဲပါသည်၊ ဒုရာနု-ဗောဓော သာမန်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲလွန်းပါသည်။ အတက္ကာဝစရော လောကရေးရာကိစ္စရပ်များပမာ ကြံစည်တွေးတော စဉ်းစားရုံမျှဖြင့်လည်း သိနိုင်သည့်တရား မဟုတ်ပေ။ ပဏ္ဍိတဝေဒနီယော ပရမတ္ထတရားကို သိမြင်နိုင်စွမ်းသည့် ပညာရှိအနည်းစုတို့ကသာ ဉာဏ်သက်ဝင်နိုင်စွမ်းသည့် တရားတော်မြတ်ကြီးဖြစ်ကြောင်းကို အဋ္ဌကထာဆရာမြတ်များက မိန့်ဆိုတော်မူထားပါသည်။

သဒ္ဓမ္မသာသနာတော် ထွန်းပလျက်ရှိသည့် မြန်မာ့မြေပေါ်တွင်မူ ရခဲလှသည့် ဒုလ္လဘအခွင့် အခါကောင်းတစ်ခု ရှိနေပေ၏။ ပရိယတ် ပဋိပတ်အရာ ကျွမ်းကျင်နိုင်နင်းတော်မူသည့် ဆရာမြတ်များ ထံတော်ပါးမှ ပဋ္ဌာန်းတရားတော်မြတ်ကို လေ့လာချဉ်းကပ်နိုင်ရန် နည်းလမ်းကောင်းလည်းရမည်၊ ဘဝါ ဘဝက ဆည်းပူးခဲ့သည့် ကံပါရမီတို့နှင့်လည်း ပြည့်စုံမည်။ ကြိုးစားသင်ယူလိုသည့် အာရဒ္ဓလုံ့လ နှင့်လည်း ပြည့်စုံသည့် သူတော်ကောင်းအဖို့မှာမူ ပဋ္ဌာန်းတရားတော်မြတ်ကို သင်ယူ နားလည်ရသဖြင့် မဖြစ်ဘူးသေးသော သဒ္ဓါတရားများ ဖြစ်လာပြီး၊ ဖြစ်ပြီးသဒ္ဓါတရားများ တိုး၏။ မဖြစ်ဘူးသေးသော ဝီရိယတရားများ ဖြစ်လာပြီး၊ ဖြစ်ပြီးဝီရိယတရားများ တိုး၏။ မဖြစ်ဘူးသေးသည့် သတိတရားများ ဖြစ်ပြီး၊ ဖြစ်ပြီးသတိတရားများ တိုးပွား၏၊ မဖြစ်ဘူးသေးသည့် သမာဓိတရားများဖြစ်ပြီး၊ ဖြစ်ပြီး သမာဓိတရားများ တိုးပွား၏၊ မဖြစ်ဘူးသေးသည့် ပညာဉာဏ်များဖြစ်လာပြီး၊ ဖြစ်ပြီးဉာဏ်ပညာများ တိုးပွားလာသဖြင့် စိတ်ဝယ် ကြည်ရွှင်အေးမြပြီး တိုး၍ တိုး၍ ဉာဏ်သက်ဝင်နိုင်လာသည်နှင့်အမျှ ဓမ္မပီတိကြောင့် နှစ်သက် ဝမ်းမြောက်မဆုံး ဖြစ်ကြရ၏။

ထိုအခါ ယောဂါဝစရပုဂ္ဂိုလ်အဖို့ စိတ်ရွှင် ကိုယ်ပျော်စွာဖြင့် ဒေသနာတော်ကို ကြည်ညို၍ မဆုံး ဖြစ်ရသကဲ့သို့ ဒေသကဖြစ်တော်မူသော ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်မြတ်ကိုလည်း ကြည်ညို၍ မဆုံး၊ အံ့ချီး၍မကုန် ဖြစ်လာတတ်သည်မှာ ဓမ္မတာဖြစ်ပေသည်။

သမုဒ္ဒရာကြီးသည် ကမ်းမမြင်၊ လမ်းမမြင် အလွန်ကျယ်ပြန့်၏။ အလွန်နက်ရှိုင်း၏။ ထိုနည်း အတူ ပဋ္ဌာန်းကျမ်းတော်ကြီးသည်လည်း အလွန်ကျယ်ပြန့်၏။ အလွန်နက်ရှိုင်း၏။ မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးသည်လည်း အလွန်ကြီးကျယ်၊ အလွန်နက်ရှိုင်းသောကြောင့် "ဉာဏသာဂရ" မည်ပေသည်။

**၁–ကုသလတ္တိက　　၇–ပဉှာဝါရ　　၁–ပစ္စယာနုလောမ　　၁–ဝိဘင်္ဂဝါရ**

## ၁–ဟေတုပစ္စယော

*၄၀၁။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။*
*အလောဘ၊ အဒေါသ၊ အမောဟ* ဟူသော ကုသိုလ်ဟိတ် တစ်ပါးပါးသည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> Hetu is compared to roots of a tree. Among the six roots greeds, hatred, delusion and non-greed, non hatred and non-delusion. If you look at the roots and a tree, you know that the roots and the tree must be existing at the same time.

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)*
ကုသိုလ်တရားသည် အဗျာကတတရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။*
ကုသိုလ်ဟိတ်တစ်ပါးပါးသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)*

ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။*

*အလောဘ၊ အဒေါသ၊ အမောဟ* ဟူသော ကုသိုလ်ဟိတ် တစ်ပါးပါးသည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*၄၀၂။ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။*

*လောဘ၊ ဒေါသ၊ မောဟ* ဟူသော အကုသိုလ်ဟိတ်တစ်ပါးပါးသည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*

အကုသိုလ်တရားသည် အဗျာကတတရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။*

အကုသိုလ်ဟိတ် တစ်ပါးပါးသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ -၃)*

အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။*

အကုသိုလ်ဟိတ် တစ်ပါးပါးသည် အတူယှဉ်၍ဖြစ်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ နှင့် ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*၄၀၃။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။* (ဗျာ၊ ဗျာ-၁)

အဗျာကတတရားသည် အဗျာကတတရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော၊*

ပဝတ္တိအခါဖြစ်သော ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတ ဟိတ်တစ်ပါးပါးသည် အတူယှဉ်ဖြစ်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။*

ပဋိသန္ဓေအခါဖြစ်သော ဝိပါက်အဗျာကတဟိတ် တစ်ပါးပါးသည် အတူယှဉ်ဖြစ်သော နာမ်ခန္ဓာတို့နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဟေတုပစ္စည်း**

နာမ်တရားက နာမ်နှင့် ရုပ်တရားတို့ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။ Mind to mind and matter.

ပစ္စယဟူသော အကြောင်းတရားမှာ - လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟတို့ဖြစ်၏။
ပစ္စယုပ္ပန်ဟူသော အကျိုးတရားမှာ - သဟိတ်စိတ် - ၇၁၊ သဟိတ်စေတသိက် - ၅၂၊ သဟိတ်စိတ္တဇရုပ်နှင့် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်၏။

ဟေတုပစ္စည်း၏ သုဒ္ဓသချာ - ၇ ဖြစ်၏။
(ဟေတုယာ သတ္တ) ဟေတုပစ္စည်းသည် သဟဇာတမျိုးဖြစ်၏။

## ၂-အာရမ္မဏပစ္စယော

*၄၀၄။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ၊*
အလှူဒါနပေး၍၊ ငါးပါးသီလဆောက်တည်၍၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၍၊ ထိုထိုဒါန၊ သီလနှင့် ရှစ်ပါးသော ဥပုသ်သီလတည်းဟူသော ကာမာဝစရကုသိုလ်ကို ဆင်ခြင်၏။

*ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ၊*
ရှေးကပြုလုပ်ခဲ့သည့် ဒါန၊ သီလ နှင့် ရှစ်ပါးသော ဥပုသ်သီလတည်းဟူသော ကာမာဝစရ ကုသိုလ်တရားတို့ကို အာရုံပြု၍ ဆင်ခြင်၏။ ဈာန်ဝင်စားပြီးနောက် ဈာန်မှထမြောက်၍ ဝင်စားပြီးသောဈာန်ကို ဆင်ခြင်၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> "Arammana" meaning is a place where people take delight, like an amusement park or a garden or something like that. It is called Arammana. As an amusement park has delightful power, the six objectsalso has delightful force so our minds are always delighting in the great object-garden. That is one meaning of the word "Arammana".

*သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ၊*
ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သည့် ဂေါတြဘူကို ဆင်ခြင် သုံးသပ်ကြကုန်၏။

*ဝေါဒါနံ ပစ္စဝေက္ခန္တိ၊*
သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၏ရှေ့ ကိလေသာမှ စင်ကြယ်သော ဝေါဒါန်စိတ်ကို ဆင်ခြင်သုံးသပ်ကြကုန်၏။

*သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ၊*
ကျင့်ဆဲဖြစ်သော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် မိမိတို့ဆိုင်ရာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်မှ ထမြောက်၍ မိမိဆိုင်ရာဆိုင်ရာ မဂ်ကို ပစ္စဝေက္ခန္တိ ဆင်ခြင် သုံးသပ်ကြကုန်၏။

*<u>သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊</u>*

ကျင့်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဝိပဿနာတရား အားထုတ်ကြသည့် ပုထုဇဉ် ယောဂီပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ကုသိုလ်တရားကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ဝိပဿနာရှုကြ၏။

*<u>စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။</u>*

သူတစ်ပါး၏စိတ်ကို သိနိုင်စွမ်းသော စေတောပရိယအဘိညာဉ်ဖြင့် ကုသိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏စိတ်ကို သိကြကုန်၏။

*<u>အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။</u>*

ဤဘဝ၊ ရှေးဘဝ မိမိအဖျတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသကသိုဏ်းကို ရှုပွား၍ ရရှိသော အာကာသာနဉ္စာယတန ကုသိုလ်စိတ်သည် ဖြစ်ပေါ်ဆဲ ဝိညာဏဉ္စာယတနကုသိုလ်စိတ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*<u>အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။</u>*

ဤဘဝ၊ ရှေးဘဝ မိမိသန္တာန်၌ ဖြစ်ဖူးသော မရှိပညတ် နတ္ထိဘောပညတ်ကို အာရုံပြု၍ ဖြစ်သော *အာကိဉ္စညာယတန* ကုသိုလ်စိတ်သည် အမှတ်သညာ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟု သိစွမ်းနိုင်သော *နေဝသညာနာသညာယတန* ကုသိုလ်စိတ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*<u>ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။</u>*

ကုသိုလ်ဖြစ်သော နာမ်ခန္ဓာတို့သည် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်စွမ်းသော ဣဒ္ဓိဝိဓဉာဏ်အား လည်းကောင်း၊ သူတစ်ပါးစိတ်ကို သိနိုင်စွမ်းသော *စေတောပရိယ*ဉာဏ်အားလည်းကောင်း၊ ဖြစ်ခဲ့ဖူးပြီးသော ဘဝအဆက်ဆက်ကို သိနိုင်စွမ်းသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ ပြုခဲ့ပြီးသော ကံအမျိုးမျိုးကို သိနိုင်စွမ်းသော ယထာကမ္မူပဂဉာဏ်အားလည်းကောင်း၊ နောင် အနာဂတ်၌ ဖြစ်နိုင်သည်တို့ကို သိနိုင်စွမ်းသော အနာဂတံသဉာဏ်အားလည်းကောင်း အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

*၄၀၅။ <u>ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။</u> (ကု၊ အကု-၂)*

ကုသိုလ်တရားသည် အကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

အလှူဒါနကိုပေး၍၊ သီလဆောက်တည်၍၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၍ ထိုထိုဒါန၊ သီလနှင့် ရှစ်ပါးသောဥပုသ်သီလတည်းဟူသော ကာမာဝစရကုသိုလ်တို့ကို *အဿာဒေတိ* သာယာ မြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်ပေါ်လာ၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်ပေါ်လာ၏၊ စိတ်နှလုံး မသာယာမှု ဖြစ်ပေါ်လာ၏။

*ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

ရှေး၌ ကောင်းစွာ လေ့ကျက်ပြုလုပ်ခဲ့ပြီးကုန်သော ထိုထိုဒါန၊ သီလနှင့် ရှစ်ပါးသော ဥပုသ်သီလတည်းဟူသော ကာမာဝစရကုသိုလ်တို့ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်ကြည်နူး၏၊ ထိုသာယာ မြတ်နိုး နှစ်သက်ကြည်နူးမှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်ပေါ်လာ၏။ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်နှလုံးမသာယာမှု ဖြစ်ပေါ်လာ၏။

*ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

လောကီ ကုသိုလ်ဈာန်ဝင်စားခြင်းမှထ၍ ယင်းဈာန်ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်၏။ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်၏၊ ဈာန် လျှောကျခြင်းကြောင့် စိတ်နှလုံး မသာယာမှု ဖြစ်ပေါ်လာ၏။

*၄၀၆။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၃)*

ကုသိုလ်တရားသည် အဗျာကတတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊*

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်မှထမြောက်၍ ထိုမဂ်ကို ဆင်ခြင်၏။ ရှေး၌ ကောင်းစွာ အလေ့အကျင့်ပြုလုပ်ခဲ့ပြီးသော ထိုထိုကုသိုလ်တရားတို့ကို ဆင်ခြင်၏။ ကုသိုလ်တရားအပေါင်းကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရအနတ္တဟု ဝိပဿနာရှု၏။

*စေတောပရိယဉာဏေန ကုသလ စိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊*

သူတစ်ပါးစိတ်ကို သိစွမ်းနိုင်သော စေတောပရိယဉာဏ်ဖြင့် ကုသိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ စိတ်ကို သိ၏။ ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော သေက္ခပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ *ပုထုဇ္ဇနာ* ပုထုဇဉ်ယောဂီ ပုဂ္ဂိုလ်တို့သည်လည်းကောင်း ကုသိုလ်တရားအပေါင်းကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ဝိပဿနာရှုကြကုန်၏။

*ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။*

ကုသိုလ်ချုပ်သည်ရှိသော် ကာမာဝစရဝိပါက်စိတ်သည် တဒါရုံ အဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။

*ကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊*

ကုသိုလ်ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်ပေါ်လာ၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်ပျံ့လွင့်ခြင်း *ဥဒ္ဓစ္စ* ဖြစ်ပေါ်လာ၏၊ စိတ်နှလုံး မသာယာခြင်း ဖြစ်ပေါ်လာ၏။

*အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။*

အကုသိုလ် ချုပ်ပျောက်သည်ရှိသော် ကာမာဝစရဝိပါက်စိတ်သည် တဒါရုံအဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။

*အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ စ ကိရိယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။*

ဤဘဝ ရှေးဘဝက မိမိသန္တာန်၌ဖြစ်ဖူးသော အာကာသကသိုဏ်းကို ရှုပွား၍ရရှိသော ကုသိုလ်စိတ်သည် ဖြစ်ပေါ်ဆဲ ဝိညာဏဉ္စာယတနဝိပါက်စိတ်အားလည်းကောင်း၊ ကိရိယာစိတ်အားလည်း ကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနဝိပါကဿ စ ကိရိယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။*

ဤဘဝ၊ ရှေးဘဝက မိမိသန္တာန်၌ဖြစ်ဖူးသော မရှိပညတ် နတ္ထိဘောပညတ်ကို အာရုံပြု၍ ရရှိသော ကုသိုလ်စိတ်သည် အမှတ်သညာ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်ဟု သဘောဖြစ်သော နေဝသညာနာသညာယတနဝိပါက်စိတ်အားလည်းကောင်း၊ ကိရိယာစိတ်အားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ခန္ဓာ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ယထာကမ္မူပဂ-ဉာဏဿ၊ အနာဂတံသဉာဏဿ၊ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။*

*ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ* နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော ကုသိုလ်နာမ်ခန္ဓာတို့သည် သူတစ်ပါးစိတ်ကိုသိသော စေတောပရိယဉာဏ်အားလည်းကောင်း၊ ဖြစ်ခဲ့ဖူးသော ဘဝအဆက်ဆက် သိသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ ဖြစ်ခဲ့ဖူးသော ကံအမျိုးမျိုးကိုသိသော ယထာကမ္မူပဂဉာဏ်အားလည်းကောင်း၊ နောင်၌ ဖြစ်ပေါ်မည်တို့ကိုသိသော အနာဂတံသဉာဏ်အား လည်းကောင်း၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ *အာဝဇ္ဇနာယ* တစ်ပါးပါးသော မနောဒွါရာ ဝဇ္ဇန်းအားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*၄၀၇။ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*
အကုသိုလ်တရားသည် အကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ရာဂံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

*ရာဂ* ပြဋ္ဌာန်းသည့် *လောဘ* နှင့်အတူဖြစ်သော စိတ်ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်ကြည်နူး၏၊ ထိုသာယာမြတ်နိုး နှစ်သက်ကြည်နူးမှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်ပေါ်လာ၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်ပေါ်လာ၏၊ စိတ်နှလုံး မသာယာမှု ဖြစ်ပေါ်လာ၏။

*ဒိဋ္ဌိံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆံ အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

အယူလွဲမှားသော *ဒိဋ္ဌိ* ပြဋ္ဌာန်းသည့် စိတ်ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်ပေါ်လာ၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်ပျံ့လွင့်ခြင်း *ဥဒ္ဓစ္စ* ဖြစ်ပေါ်လာ၏၊ စိတ်နှလုံးမသာယာမှု ဖြစ်ပေါ်လာ၏။

*ဥဒ္ဓစ္စံ အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စကို အာရုံပြု၍ စိတ်ပျံ့လွင့်ခြင်း *ဥဒ္ဓစ္စ* ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်ပေါ်လာ၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်နှလုံး မသာယာမှု ဖြစ်ပေါ်လာ၏။

*ဒေါမနဿံ အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။*

စိတ်နှလုံး မသာယာဖြစ်ခြင်းကို အာရုံပြု၍ စိတ်နှလုံးမသာယာမှု *ဒေါမနဿ* ဖြစ်ပေါ်လာ၏။ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်ပေါ်လာ၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်ပေါ်လာ၏။

*၄၀၈။ အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။* *(အကု၊ ကု-၂)*
အကုသိုလ်တရားသည် ကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ၊ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ၊ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ။*

ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် မဂ်ဖြင့်ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်ကြကုန်၏။ မဂ်ဖြင့် ပယ်ခွာအပ်ပြီးကုန်သော ကိလေသာတို့ကို ဆင်ခြင်ကြကုန်၏။ ကျင့်ဆဲအရိယာပုဂ္ဂိုလ်တို့သည် ရှေး၌ပြုကျင့်လေ့ရှိပြီးကုန်သော ကိလေသာတို့ကို သိကြကုန်၏။

*သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ စေတောပရိယဉာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။*

ကျင့်ဆဲအရိယာ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဝိပဿနာအားထုတ်ကြသည့် ပုထုဇဉ်ယောဂီ ပုဂ္ဂိုလ်တို့သည်လည်းကောင်း အကုသိုလ်ကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ဝိပဿနာ ရှုကြကုန်၏။ သူတစ်ပါးစိတ်ကို သိသောဉာဏ်ဖြင့် အကုသိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏စိတ်ကို သိကြကုန်၏။

*အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ယထာကမ္မူပဂ-ဉာဏဿ၊ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။*

*ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ*ဟူသော အကုသိုလ်နာမ်ခန္ဓာတို့သည် သူတစ်ပါးစိတ်ကို သိနိုင်စွမ်းသော စေတောပရိယဉာဏ်အားလည်းကောင်း၊ ဖြစ်ခဲ့ဖူးသော ဘဝ အဆက်ဆက်ကို သိနိုင်စွမ်းသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အား လည်းကောင်း၊ ဖြစ်ခဲ့ဖူးသော ကံအမျိုးမျိုးကို သိနိုင်စွမ်းသော ယထာကမ္မူပဂဉာဏ်အားလည်းကောင်း၊ နောင်အနာဂတ်၌ ဖြစ်နိုင်သည်တို့ကို သိနိုင်စွမ်းသော အနာဂတံသဉာဏ်အားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

*၄၀၉။ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။* *(အကု၊ ဗျာ-၃)*
အကုသိုလ်တရားသည် အဗျာကတတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ၊ ပုဗ္ဗေသမုဒါစိဏ္ဏေ ကိလေသေ ဇာနာတိ၊ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။*

ရဟန္တာပုဂ္ဂိုလ်သည် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို *ပစ္စဝေက္ခတိ* ဆင်ခြင်၏၊ ရှေး၌ ပြုကျင့်လေ့ ရှိပြီးကုန်သော အကုသိုလ်တို့ကို သိ၏။ အကုသိုလ်ကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ရှု၏။

*စေတောပရိယဉာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။*

သူတစ်ပါးစိတ်ကို သိသောဉာဏ်ဖြင့် အကုသိုလ်စိတ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ စိတ်ကိုသိသည်။ ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဝိပဿနာတရားအားထုတ်ကြသည့် ပုထုဇဉ်ယောဂီပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အကုသိုလ်ကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ရှုမြင်ကြသည်။

*ကုသလေ နိရုဒ္ဓေဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။*

ကုသိုလ်စိတ် ချုပ်ပျောက်သည်ရှိသော် ကာမာဝစရဝိပါက်စိတ်သည် တဒါရုံ အဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။

*အကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

အကုသိုလ်ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထိုသာယာမြတ်နိုး နှစ်သက်ကြည်နူးမှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်ပေါ်လာ၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်ပေါ်လာ၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်ပေါ်လာ၏၊ စိတ်နှလုံးမသာယာမှု *ဒေါမနဿ* ဖြစ်ပေါ်လာ၏။

*အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။*

အကုသိုလ်စိတ် ချုပ်ပျောက်သည်ရှိသော် ကာမာဝစရ ဝိပါက်စိတ်သည် တဒါရုံအဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။

*အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မုပဂ-ဉာဏဿ အနာဂတံသဉာဏဿ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။*

*ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ*ဟူသော အကုသိုလ်နာမ်ခန္ဓာတို့သည် သူတစ်ပါးစိတ်ကို သိစွမ်းနိုင်သော စေတောပရိယဉာဏ်အားလည်းကောင်း၊ ဖြစ်ခဲ့ဖူးသော ဘဝအဆက်ဆက်ကို သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ ဖြစ်ခဲ့ဖူးသော ကံအမျိုးမျိုးကို သိစွမ်းနိုင်သော ယထာကမ္မုပဂဉာဏ်အားလည်းကောင်း၊ နောင်အနာဂတ်၌ ဖြစ်နိုင်သည်တို့ကို သိစွမ်းနိုင်သော အနာဂတံသဉာဏ်အားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*၄၁၀။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာကတတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟာ ဖလံ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏ-ပစ္စယေန ပစ္စယော။*

ရဟန္တာသည် အရဟတ္တဖိုလ်ကို ဆင်ခြင်၏၊ နိဗ္ဗာန်ကို ဆင်ခြင်၏၊ နိဗ္ဗာန်သည် သောတပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်ဟူသော ဖိုလ်လေးပါးအားလည်းကောင်း၊ မနောဒွါရဝဇ္ဇန်းအားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။*

ရဟန္တာပုဂ္ဂိုလ်သည် မျက်စိအကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ရှု၏။ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထုကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရ အနတ္တဟု ရှု၏။ ဝိပါက် အဗျာကတစိတ်၊ ကိရိယာ အဗျာကတစိတ်နှင့်အတူ ဖြစ်ကုန်သော နာမ်ခန္ဓာတို့ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာရှုကြ၏။

*ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ၊ စေတောပရိယ-ဉာဏေန ဝိပါကာဗျာကတ ကိရိယာဗျာကတ စိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ အာကာသာနဉ္စာယတနကိရိယံ ဝိညာဏဉ္စာယတနကိရိယဿ အာရမ္မဏပစ္စယေန ပစ္စယော။*

ဒိဗ္ဗစက္ခုအဘိညာဉ်ဟူသော အဘိညာဉ်မျက်စိဖြင့် ရုပ်အဆင်းကို မြင်၏၊ ဒိဗ္ဗသောတဟူသော အဘိညာဉ်နားဖြင့် အသံကိုကြား၏၊ သူတစ်ပါး စိတ်ကိုသိသော စေတောပရိယအဘိညာဏ်ဖြင့် ဝိပါက် အဗျာကတ၊ ကိရိယအဗျာကတစိတ်နှင့် ပြည့်စုံသောသူ၏ စိတ်ကိုသိ၏၊ ယခုဘဝ မိမိသန္တာန်၌ဖြစ်သော အာကာသာနဉ္စာယတနကိရိယာစိတ်သည် ဝိညာဏဉ္စာယတနကိရိယာစိတ်အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။

*အာကိဉ္စညာယတနကိရိယံ နေဝသညာနာသညာယတနကိရိယဿ အာရမ္မဏပစ္စယေန ပစ္စယော။*

အာကိဉ္စညာယတနကိရိယစိတ်သည် နေဝသညာနာသညာကိရိယာစိတ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ရူပါယတနံ စက္ခုဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတ-ဝိညာဏဿ။ ဂန္ဓာယတနံ ဃာနဝိညာဏဿ။ ရသာယတနံ ဇိဝှါဝိညာဏဿ။ ဖောဋ္ဌဗ္ဗာ-ယတနံ ကာယဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။*

အဆင်းရူပါရုံသည် မြင်သိစိတ်အား အာရမ္မဏပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။ အသံသဒ္ဒါရုံသည် ကြားသိစိတ်အား အနံ့ဂန္ဓာရုံသည် နံသိစိတ်အား၊ အရသာ ရသာရုံသည် အရသာသိစိတ်အား အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံသည် ထိသိစိတ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ၊ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၊ အနာဂတံသဉာဏဿ၊ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။*

အဗျာကတနာမ်ခန္ဓာသည် တန်ခိုး အဘိညာဉ်ကို ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်အားလည်းကောင်း၊ သူတစ်ပါးစိတ်ကိုသိသော စေတောပရိယဉာဏ်အားလည်းကောင်း၊ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို

သိသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ နောင်အနာဂတ်၌ ဖြစ်နိုင်သည်တို့ကို သိစွမ်းနိုင်သော အနာဂတံသဉာဏ်အားလည်းကောင်း၊ တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းအား လည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*၄၁၁။ အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၂)*

အဗျာကတတရားသည် ကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော။*

ကျင့်ဆဲဖြစ်သောသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် ဖိုလ်ကို ဆင်ခြင်ကြ၏။ နိဗ္ဗာန်ကို ဆင်ခြင်ကြ၏။ နိဗ္ဗာန်သည် သောတာပတ္တိမဂ်၏ ရှေ့၌ဖြစ်သော ဂေါတြဘူစိတ်အားလည်းကောင်း၊ အထက်မဂ်သုံးပါး၏ ရှေး၌ဖြစ်သော ဝေါဒါန်စိတ်အားလည်း ကောင်း၊ မဂ်စိတ်အားလည်းကောင်း၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။*

ကျင့်ဆဲဖြစ်သောသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ဝိပဿနာတရားအားထုတ်ကြသည့် ပုထုဇဉ် ယောဂီပုဂ္ဂိုလ်တို့သည်လည်းကောင်း မျက်စိအကြည်ကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ဝိပဿနာရှုကြကုန်၏။ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထုကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ရှုမြင်ကြကုန်၏။ ဝိပါက် အဗျာကတစိတ်၊ ကိရိယာအဗျာကတစိတ်နှင့်အတူ ဖြစ်ကုန်သော နာမ်ခန္ဓာတို့ကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ရှု၏။

*ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။ စေတောပရိယ- ဉာဏေန ဝိပါကာဗျာကတကိရိယာဗျာကတစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, အနာဂတံ သဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။*

ဒိဗ္ဗစက္ခုအဘိညာဉ်တန်ခိုးဖြင့် အဆင်းကို မြင်ကြသည်။ ဒိဗ္ဗသောတအဘိညာဉ်ဖြင့် အသံကို ကြားကြ သည်။ သူတစ်ပါးစိတ်ကို သိသောဉာဏ်ဖြင့် ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတစိတ်နှင့် ပြည့် စုံသောသူ၏စိတ်ကို သိကြသည်။ အဗျာကတခန္ဓာသည် တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သောဉာဏ်အား၊

သူတစ်ပါးစိတ်ကိုသိသောဉာဏ်အား၊ ရှေးဘဝအဆက်ဆက်ကို သိသောဉာဏ်အား၊ နောင်ဖြစ်ပေါ်မည်တို့ကို သိသောဉာဏ်အား အာရမ္မဏပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုသည်။

*၄၁၂။ အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။* *(ဗျာ၊ အကု-၃)*
အဗျာကတတရားသည် အကုသိုလ်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

မျက်စိအကြည်ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာမြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်၏။ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်၏၊ စိတ်နှလုံး မသာယာမှုဖြစ်၏။

*သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထု၊ ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတတို့နှင့်အတူဖြစ်ကုန်သော နာမ်ခန္ဓာတို့ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်၏။ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်၏၊ စိတ်နှလုံး မသာယာခြင်းဖြစ်၏။

**အာရမ္မဏပစ္စည်း**

နာမ်တရား၊ ရုပ်တရား၊ နိဗ္ဗာန်တရားနှင့် ပညတ်တရားတို့က နာမ်တရားကို ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။
Mind, matter, nibbana and pannatti to mind.

ပစ္စယဟူသောအကြောင်းတရားမှာ - စိတ်၊ စေတသိက်ဟူသော နာမ်တရားများ၊ ရုပ်တရားများ၊ နိဗ္ဗာန်နှင့် ပညတ်အမျိုးမျိုးဟူသော အာရုံ (၆)ပါးတို့ ဖြစ်ကြသည်။
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ်စေတသိက်ဟူသော နာမ်တရားများ။

အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၉ ဖြစ်၏။ (အာရမ္မဏေ နဝ)
အာရမ္မဏပစ္စည်းသည်၊ အာရမ္မဏမျိုးဖြစ်၏။ အာရမ္မဏခေါင်းဆောင်မျိုးကြီး ၈-ပါးရှိသည်။

| | | |
|---|---|---|
| ၁။ အာရမ္မဏ | ၂။ အာရမ္မဏာဓိပတိ | ၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ |
| ၄။ အာရမ္မဏူပနိဿယ | ၅။ အာရမ္မဏပုရေဇာတ | ၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ |
| ၇။ အာရမ္မဏပုရေဇာတတ္ထိနှင့် | ၈။ အာရမ္မဏပုရေဇာတအဝိဂတ | တို့ဖြစ်သည်။ |

## ၃-အဓိပတိပစ္စယော

၄၃၃။ *ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။*

၁။ အဓိပတိပစ္စည်းသည် အာရုံအားဖြင့်လွှန်ကဲစွာ အစိုးရခြင်းဟူသော အာရမ္မဏာဓိပတိနှင့်
၂။ အတူတကွဖြစ်၍ လွှန်ကဲစွာ အစိုးရခြင်းဟူသော သဟဇာတာဓိပတိဟူ၍ နှစ်မျိုးရှိ၏။

*အာရမ္မဏာဓိပတိ*


ထိုနှစ်မျိုးတို့တွင် အာရုံအားဖြင့် လွှန်ကဲစွာ အစိုးရသည့် အာရမ္မဏာဓိပတိဟူသည် -

*ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ၊ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ။*

အလှူဒါနပေး၍၊ ငါးပါးသီလဆောက်တည်၍၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၍၊ ထိုထိုပြုပြုသမျှသော ကာမာဝစရကုသိုလ်တို့ကို အလေးအမြတ် ဂရုတစိုက်အာရုံပြု၍ ဆင်ခြင်၏။ ရှေးကပြုလုပ်လေ့ကျင့်ခဲ့သော ကာမာဝစရကုသိုလ်တရားအပေါင်းကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ ဆင်ခြင်၏။

*ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။*

ဈာန်ဝင်စားပြီးနောက် ဈာန်မှထမြောက်၍ ဝင်စားပြီးသော ဈာန်ကို ဆင်ခြင်၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Adhipati means predominance. There are two kinds of Adhipati.Arammanadhipati and Sahajatadhipati. Arammana-dhipati is very charming object. This object can charm our mind to it. He is the one who is predominant in all of the world. As Sahajatadhipati is compared to a universal king and also we may compare it to a president in this country. The president has the sole power, so Adhipati is like the president.They are predominant desire, predominant effort, predominant mind and predominant investigation.

*သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။*

ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်စီးတတ်သည့် ဂေါတြဘူကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ ဆင်ခြင်သုံးသပ်ကြကုန်၏။

*ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။*

သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၏ရှေ့ ကိလေသာမှ စင်ကြယ်သော ဝေါဒါန်စိတ်ကို ဆင်ခြင် သုံးသပ်ကြကုန်၏။

*သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။*

ကျင့်ဆဲဖြစ်သော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် မိမိတို့ဆိုင်ရာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်မှ ထမြောက်၍ မိမိဆိုင်ရာဆိုင်ရာမဂ်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ ဆင်ခြင်ကုန်၏။

*သဟဇာတာဓိပတိ*

အတူတကွဖြစ်၍ လွန်ကဲစွာ အစိုးရသည့် သဟဇာတာဓိပတိဟူသည် -

*ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။*

ကုသိုလ်ဖြစ်သော အဓိပတိသည် အတူ ယှဉ်တွဲ၍ဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော နာမ်ခန္ဓာလေးပါးတို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*၄၁၄။ ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (ကု၊ အကု-၂)*

ကုသိုလ်တရားသည် အကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏာဓိပတိ*

အာရုံအားဖြင့် လွန်ကဲစွာဖြစ်၍ အစိုးရသည့် အာရမ္မဏာအဓိပတိဟူသည် -

*ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ၊ တံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊*

အလှူဒါနပေး၍ ငါးပါးသီလနှင့် ရှစ်ပါးသောဥပုသ်သီလတည်းဟူသော ကာမာဝစရကုသိုလ်တို့ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ ထိုထိုပြုပြုသမျှ ကုသိုလ်တို့ကို *အဿာဒေတိ* သာယာ မြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏။

*ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

ရှေး၌ ကောင်းစွာ လေ့ကျက်ပြုလုပ်ခဲ့ပြီးကုန်သော ထိုထိုဒါန၊ သီလနှင့် ရှစ်ပါးသောဥပုသ်သီလတည်း ဟူသော ကာမာဝစရ ကုသိုလ်တို့ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ *အဿာဒေတိ* သာယာ မြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏။

*ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

လောကီ ကုသိုလ်ဈာန်ဝင်စားခြင်းမှထ၍ ယင်းဈာန်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထို နှစ်သက် သာယာ မြတ်နိုးသော စိတ်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏။ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏။

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၃)*

ကုသိုလ်တရားသည် အဗျာကတတရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။*

၁။ အဓိပတိပစ္စည်းသည် အာရုံအားဖြင့် လွှမ်းကဲစွာသော အစိုးရခြင်းဟူသော အာရမ္မဏာဓိပတိနှင့်
၂။ အတူတကွဖြစ်၍ လွှမ်းကဲစွာ အစိုးရခြင်းဟူသော သဟဇာတာဓိပတိဟူ၍ နှစ်မျိုးရှိသည်။

*အာရမ္မဏာဓိပတိ*

ထိုနှစ်မျိုးတွင် အာရုံအားဖြင့် လွှမ်းကဲစွာ အစိုးရသည့် အာရမ္မဏာဓိပတိ ပစ္စည်းဟူသည် -

*အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။*

ရဟန္တာပုဂ္ဂိုလ်သည် မဂ်မှထပြီး အရဟတ္တမဂ်ကို အလေးအမြတ် အာရုံပြု၍ ဆင်ခြင်၏။

*သဟဇာတာဓိပတိ*

အတူတကွဖြစ်၍ လွှမ်းကဲစွာ အစိုးရသည့် သဟဇာတာဓိပတိဟူသည် -

*ကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။*

ကုသိုလ်ဖြစ်သော အဓိပတိသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၄)*

ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတာဓိပတိ*

အတူတကွဖြစ်၍ လွှမ်းကဲစွာ အစိုးရသည့် သဟဇာတာဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုခြင်း ဟူသည်-

*ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။*

ကုသိုလ်ဖြစ်သော အဓိပတိသည် အတူယှဉ်၍ဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော ကုသိုလ်နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား လည်းကောင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။*

၁။ အဓိပတိပစ္စည်းသည် အာရုံအားဖြင့် လွှမ်းကဲစွာ အစိုးရခြင်းဟူသော အာရမ္မဏာဓိပတိနှင့်
၂။ အတူတကွဖြစ်၍ လွှမ်းကဲစွာ အစိုးရခြင်းဟူသော သဟဇာတာဓိပတိဟူ၍ နှစ်မျိုးရှိသည်။

*အာရမ္မဏာဓိပတိ*

အာရုံအားဖြင့် လွှမ်းကဲစွာ အစိုးရသည့် အာရမ္မဏာဓိပတိပစ္စည်းဟူသည် -

*ရာဂံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

စွဲလမ်းကပ်ငြိမှု ရာဂကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ *အဿာဒေတိ* သာယာ မြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏။

*ဒိဋ္ဌိံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

လွဲမှားသော ဒိဋ္ဌိ အယူကို အလေးအမြတ်အာရုံပြု၍ *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏။

*သဟဇာတာဓိပတိ*

အတူတကွဖြစ်၍ လွှမ်းကဲစွာ အစိုးရသည့် သဟဇာတာဓိပတိဟူသည် -

*အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။*
အကုသိုလ်ဖြစ်သော အဓိပတိသည် အတူယှဉ်၍ဖြစ်သည့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော အကုသိုလ်နာမ်ခန္ဓာတို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*
အကုသိုလ်တရားသည် အဗျာကတတရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတာဓိပတိ*
အာရုံအားဖြင့် လွန်ကဲစွာ အစိုးရသည့် သဟဇာတာဓိပတိဟူသည် -

*အကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။*
အကုသိုလ်ဖြစ်သော အဓိပတိသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၃)*
အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း၊ အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတာဓိပတိ*
အာရုံအားဖြင့် လွန်ကဲစွာ အစိုးရသည့် သဟဇာတာဓိပတိဟူသည် -

*အကုသလာ ဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။*
အကုသိုလ်ဖြစ်သော အဓိပတိသည် အတူယှဉ်၍ဖြစ်သည့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော အကုသိုလ်နာမ်ခန္ဓာနှင့် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*၄၁၆။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*
အဗျာကတတရားသည် အဗျာကတတရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။*
၁။ အဓိပတိပစ္စည်းသည် အာရုံအားဖြင့် လွန်ကဲစွာ အစိုးရခြင်းဟူသော အာရမ္မဏာဓိပတိနှင့်
၂။ အတူတကွဖြစ်၍ လွန်ကဲစွာ အစိုးရခြင်းဟူသော သဟဇာတာဓိပတိဟူ၍ နှစ်မျိုးရှိသည်။

*အာရမ္မဏာဓိပတိ*
ထိုနှစ်မျိုးတို့တွင် အာရုံအားဖြင့် လွန်ကဲစွာ အစိုးရသည့် အာရမ္မဏာဓိပတိဟူသည် -

*အရဟာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အဓိပတိပစ္စယေန ပစ္စယော။*

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ ဆင်ခြင်၏။ နိဗ္ဗာန်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ ဆင်ခြင်၏။ နိဗ္ဗာန်သည် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်ဟူသော ဖိုလ်လေးပါးအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတာဓိပတိ*

အာရုံအားဖြင့် လွန်ကဲစွာ အစိုးရသည့် သဟဇာတာဓိပတိဟူသည် -

*ဝိပါကာဗျာကတ ကိရိယာဗျာကတာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။*

ဝိပါက်အဗျာကတ ကိရိယာအဗျာကတဖြစ်သော အဓိပတိသည် အတူယှဉ်တွဲ၍ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ထိုစိတ်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၂)*

အဗျာကတတရားသည် ကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏာဓိပတိ*

အာရုံအားဖြင့် လွန်ကဲစွာအစိုးရသည့် အာရမ္မဏာဓိပတိဟူသည် -

*သေက္ခာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။*

ကျင့်ဆဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာသေက္ခပုဂ္ဂိုလ်တို့သည် မိမိတို့ဆိုင်ရာ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် အောက်ဖိုလ်ကို အလေးအမြတ် ဂရုတစိုက်အာရုံပြု၍ ဆင်ခြင်၏။ နိဗ္ဗာန်ကို အလေးအမြတ် ဂရုတစိုက်အာရုံပြု၍ ဆင်ခြင်၏။

*နိဗ္ဗာနံ ဂေါတြဘုဿ၊ ဝေါဒါနဿ၊ မဂ္ဂဿ အဓိပတိပစ္စယေန ပစ္စယော။*

နိဗ္ဗာန်သည် သောတာပတ္တိမဂ်၏ ရှေ့၌ဖြစ်သော ဂေါတြဘူစိတ်အားလည်းကောင်း၊ မဂ်၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှ ဖြူစင်သော ဝေါဒါန်စိတ်အားလည်းကောင်း၊ မဂ်စိတ်အားလည်းကောင်း၊ အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*

အဗျာကတတရားသည် အကုသိုလ်တရားအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏာဓိပတိ*

အာရုံအားဖြင့် လွန်ကဲစွာ အစိုးရသည့် အာရမ္မဏာဓိပတိဟူသည် -

*စက္ခုံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

မျက်စိအကြည်ကို အလေးအမြတ် အာရုံပြု၍ *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန်နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏။ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏။

*သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထု၊ ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတတို့နှင့်အတူ ဖြစ်ကုန်သော နာမ်ခန္ဓာတို့ကို အလေးအမြတ် အာရုံပြု၍ *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အလေးအမြတ် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏။ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏။

**အဓိပတိပစ္စည်း**

အဓိပတိပစ္စည်းသည် နာမ်တရား၊ ရုပ်တရားနှင့် နိဗ္ဗာန်တရားတို့က နာမ်တရားကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

Mind matter and Nibbana to mind.

**၁။ သဟဇာတာဓိပတိ**

ပစ္စယဟူသောအကြောင်းတရားမှာ - ဆန္ဒ၊ ဝီရိယ၊ စိတ္တနှင့် ဝီမံသဟူသော အဓိပတိတရား ၄-ပါးတို့ ဖြစ်သည်။

ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ယှဉ်ဖက်စိတ်စေတသိက်နှင့် စိတ္တဇရုပ်တို့ ဖြစ်သည်။

**၂။ အာရမ္မဏာဓိပတိ**

ပစ္စယဟူသောအကြောင်းတရားမှာ - အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်၊ ဒေါသမူ-၂၊ မောဟမူ-၂ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ်-၈၄ ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ပါးနှင့် နိဗ္ဗာန်။

ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ လောကုတ္တရာစိတ် ၈-ပါးတို့ ဖြစ်သည်။

သဟဇာတာဓိပတိ၏သင်္ချာမှာ - ၇ ဖြစ်ပြီး၊ အာရမ္မဏာဓိပတိ၏သင်္ချာမှာလည်း - ၇ ဖြစ်သည်။
အဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာမှာမူ - ၁၀ ဖြစ်၏။ (အဓိပတိယာ ဒသ)
အဓိပတိပစ္စည်းသည် သဟဇာတမျိုးနှင့် အာရမ္မဏမျိုး နှစ်မျိုးလုံးတွင် ပါဝင်သည်။

## ၄–အနန္တရပစ္စယော

*၄၁၇။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။*
ရှေးရှေး၌ ဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့သည်၊ နောက်၌ နောက်၌ ဖြစ်ကုန်သော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

'Anantara' means no interval. It is translated as proximity. It means no interval. Between the preceding mind and the following mind there must be no interval. There must be no interval of ultimate reality. It does not mean there is no interval of time. There must be no ultimate reality between one and the following one.

*အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖြတ်ဆီးတတ်သော ဂေါတြဘုဉာဏ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ ဝေါဒါနဿ အနန္တရပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှဖြူစင်သော ဝေါဒါန်ကို အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဂေါတြဘု မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။*
သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖြတ်ဆီးတတ်သော ဂေါတြဘုဉာဏ်သည် သောတာပတ္တိမဂ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။*
သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှစင်ကြယ်သော ဝေါဒါန်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)*
ကုသိုလ်တရားသည် အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။*

လောကီကုသိုလ် သတ္တမဇောသည် ပဌမတဒါရုံစိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော။*

သောတာပတ္တိမဂ်၊ သကဒါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်သည် သောတာပတ္တိဖိုလ်၊ သကဒါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။*

ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ် အရိယာပုဂ္ဂိုလ်တို့၏ဆိုင်ရာ ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရ-ပစ္စယေန ပစ္စယော။*

နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနကုသိုလ်စိတ်သည် အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။* (အကု၊ အကု-၁)

အကုသိုလ်တရားသည် အကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။*

ရှေးရှေး၌ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။* (အကု၊ ဗျာ-၂)

အကုသိုလ်တရားသည် အဗျာတကတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။*

အကုသိုလ် သတ္တမဇောသည် ပဌမတဒါရုံစိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။* (ဗျာ၊ ဗျာ-၁)

အဗျာကတတရားသည် အဗျာတကတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာ ဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။*

ပုရိမာ ပုရိမာ ရှေးရှေး၌ဖြစ်ကုန်သော ဝိပါက်ကိရိယာဗျာကတ နာမ်ခန္ဓာလေးပါးတို့သည် ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ဖြစ်ကုန်သော ဝိပါက်ကိရိယာ နာမ်ခန္ဓာလေးပါးတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဘဝင်ံ အာဝဇ္ဇနာယ။*

ဘဝင်စိတ်သည် မနောဒွါရဝဇ္ဇန်းစိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကိရိယံ ဝုဋ္ဌာနဿ။*

ကြိယာဇောစိတ်သည် တဒါရုံဘဝင်စိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟတော အနုလောမံ ဖလသမာပတ္တိယာ။*

ရဟန္တာပုဂ္ဂိုလ်၏ အနုလောမဉာဏ်သည် ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတန ကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။*

နိရောဓသမာပတ်မှ ထမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ နေဝသညာနာသညာကိရိယာစိတ်သည် ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၂)*

အဗျာကတတရားသည် ကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် ကုသိုလ်နာမ်ခန္ဓာတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*

အဗျာကတတရားသည် အကုသိုလ်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် အကုသိုလ်နာမ်ခန္ဓာတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် အကုသိုလ်နာမ်ခန္ဓာတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အနန္တရပစ္စည်း**

အနန္တရပစ္စည်းသည် နာမ်တရားက နာမ်တရားကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။ Mind to mind.

ပစ္စယဟူသောအကြောင်းတရားမှာ - ရဟန္တာစုတိကြဉ်သော စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ် - ၈၉ ပါးနှင့် စေတသိက် - ၅၂ ပါးတို့ ဖြစ်သည်။

အနန္တရပစ္စည်း၏ သုဒ္ဓသဘာ်မှာ - ၇ ဖြစ်သည်။ (အနန္တရေ သတ္တ) အနန္တရပစ္စည်းသည် အနန္တရမျိုးဖြစ်၏။
အနန္တရမျိုးကြီး (၇)ပါး ရှိသည်။

၁။ အနန္တရ၊ ၂။ သမနန္တရ၊ ၃။ အနန္တရူပနိဿယ၊
၄။ အာသေဝန၊ ၅။ နာနာက္ခဏိကကမ္မ ၆။ နတ္ထိနှင့်
၇။ ဝိဂတပေါင်း (၇)ပါး ဖြစ်ပါသည်။

## ၅-သမနန္တရပစ္စယော

*၄၁၈။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။*
ရှေးရှေး၌ ဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါး တို့သည်၊ နောက်၌ နောက်၌ ဖြစ်ကုန်သော ကုသိုလ်နာမ်ခန္ဓာလေးပါး တို့အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

The next condition is Samanantara Paccaya. The only difference is 'Sam'. So actually they are the same. Only the name is different. One is Anantara and the other is Samanantara. Some teachers try to see some difference between these two. They are too subtle. It is better just to take them as identical.

*အနုလောမံ ဂေါတြဘုဿ သမနန္တရပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘုဉာဏ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ ဝေါဒါနဿ သမနန္တရပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှဖြူစင်သော ဝေါဒါန်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဂေါတြဘု မဂ္ဂဿ သမနန္တရပစ္စယေန ပစ္စယော။*

သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘုဉာဏ်သည် သောတာပတ္တိမဂ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝေါဒါနံ မဂ္ဂဿ သမနန္တရပစ္စယေန ပစ္စယော။*

သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှစင်ကြယ်သော ဝေါဒါန်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)*

ကုသိုလ်တရားသည် အဗျာတကတရားအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလံ ဝုဋ္ဌာနဿ သမနန္တရပစ္စယေန ပစ္စယော။*

လောကီကုသိုလ် သတ္တမဇောသည် ပထမတဒါရုံစိတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဂ္ဂေါ ဖလဿ သမနန္တရပစ္စယေန ပစ္စယော။*

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်သည် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယော။*

ဖြစ်ပျက်သင်္ခါရကို အာရုံပြုပြီး ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ် အရိယာပုဂ္ဂိုလ်တို့၏ဆိုင်ရာ ဖလသမာပတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ သမနန္တရ-ပစ္စယေန ပစ္စယော။*

နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနကုသိုလ်စိတ်သည် အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။*

ရှေးရှေး၌ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ*ဟူသော အကုသိုလ်နာမ်ခန္ဓာ လေးပါးတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ် နာမ်ခန္ဓာလေးပါး တို့အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*

အကုသိုလ်တရားသည် အဗျာတကတရားအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလံ ဝုဋ္ဌာနဿ သမနန္တရပစ္စယေန ပစ္စယော။*

အကုသိုလ် သတ္တမဇောသည် ပထမတဒါရုံစိတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာတကတရားအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာ ဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။*

ပုရိမာ ပုရိမာ ရှေးရှေး၌ဖြစ်ကုန်သော ဝိပါက်ကိရိယာအဗျာကတ နာမ်ခန္ဓာလေးပါးတို့သည် ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ဖြစ်ကုန်သော ဝိပါက်ကိရိယာ နာမ်ခန္ဓာတို့အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဘဝင်္ဂံ အာဝဇ္ဇနာယ။*

ဘဝင်စိတ်သည် မနောဒွါရာဝဇ္ဇန်းစိတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကိရိယံ ဝုဋ္ဌာနဿ။*

ကြိယာဇောစိတ်သည် တဒါရုံဘဝင်စိတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟတော အနုလောမံ ဖလသမာပတ္တိယာ။*

ရဟန္တာပုဂ္ဂိုလ်၏ အနုလောမဉာဏ်သည် ဖလသမာပတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတန ကိရိယံ ဖလသမာပတ္တိယာ သမနန္တရ-ပစ္စယေန ပစ္စယော။*

နိရောဓသမာပတ်မှ ထမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ နေဝသညာနာသညာကိရိယာစိတ်သည် ဖလသမာပတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။* (ဗျာ၊ ကု-၂)

အဗျာကတတရားသည် ကုသိုလ်တရားအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် ကုသိုလ်နာမ်ခန္ဓာတို့အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူး ပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။* (ဗျာ၊ အကု-၃)

အဗျာကတတရားသည် အကုသိုလ်တရားအား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် အကုသိုလ်နာမ်ခန္ဓာတို့အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သမနန္တရပစ္စည်း**

သမနန္တရပစ္စည်းသည် နာမ်တရားက နာမ်တရားကို ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။ Mind to mind.

ပစ္စယဟူသောအကြောင်းတရားမှာ - စိတ်-၈၉ ပါး၊ စေတသိက်-၅၂ ပါး တို့ဖြစ်သည်။
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ်-၈၉ ပါး၊ စေတသိက်-၅၂ ပါး တို့ဖြစ်သည်။

သမနန္တရပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၇ ဖြစ်၏။ (သမနန္တရေ သတ္တ)
သမနန္တရပစ္စည်းသည် အနန္တရမျိုးတွင် ပါဝင်သည်။

## ၆-သဟဇာတပစ္စယော

*၄၁၉။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။*
ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့တွင် တစ်ပါးသော နာမ်ခန္ဓာသည် သုံးပါးသော နာမ်ခန္ဓာတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။*
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။*
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> 'Saha' means together. 'Jata' means arisen. 'Sahajata' means arisen together. It is translated as conascence. It is compared to a lamp. When there is a lamp, if the lamp is existing, there is light. Light is the conditioned state. The lamp is the conditioning state. The lamp and the light exist at the same time.

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)*
ကုသိုလ်တရားသည် အဗျာကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*
ကုသိုလ်ဖြစ်သော နာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)*
ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော အကုသိုလ်နာမ်ခန္ဓာ လေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသော နာမ်ခန္ဓာအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၁)*

အကုသိုလ်တရားသည် အဗျာကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၃)*

အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာတကတရားအား လည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတဖြစ်သော နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောခန္ဓာသည် ကျန်နာမ်ခန္ဓာသုံးပါးတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

ပဋိသန္ဓေနေသောအခိုက် ဝိပါက်အဗျာကတ နာမ်ခန္ဓာလေးပါးတို့တွင် နာမ်ခန္ဓာတစ်ပါးသည် နာမ်ခန္ဓာသုံးပါးတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာသုံးပါးတို့သည် နာမ်ခန္ဓာတစ်ပါးအားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာနှစ်ပါးတို့သည် ကျန်နာမ်ခန္ဓာနှစ်ပါးတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ခန္ဓာ ဝတ္ထုဿ သဟဇာတပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာလေးပါးတို့သည် မှီရာဟဒယဝတ္ထုရုပ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။*

မှီရာဟဒယဝတ္ထုရုပ်သည် နာမ်ခန္ဓာလေးပါးတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*

*ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ* ဟူသော မဟာဘုတ်လေးပါးတွင် တစ်ပါးသော မဟာဘုတ်သည် သုံးပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။*

သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*

နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

မဟာဘုတ်တို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဗာဟိရံ ဧကံ မဟာဘူတံ ပဋိစ္စ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
ပြင်ပသန္တာန်၌ဖြစ်သော တစ်ပါးသောမဟာဘုတ်သည် သုံးပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။*
သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*
မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋိစ္စ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
အာဟာရကြောင့်ဖြစ်သော တစ်ပါးသောမဟာဘုတ်သည် သုံးပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။*
သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*
မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။*
သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*
မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
ဥတုကြောင့်ဖြစ်သည့် တစ်ပါးသောမဟာဘုတ်သည် သုံးပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။*
သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*
မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
အသညသတ် ဗြဟ္မာဘုံ၌ရှိသည့် ဗြဟ္မာကြီးတို့၏ တစ်ပါးသောမဟာဘုတ်သည် သုံးပါးသော မဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။*
သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။*
နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*
မဟာဘုတ်တို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (ကု၊ ဗျာ၊ ဗျာ-၁)*
ကုသိုလ်တရားသည်လည်းကောင်း၊ အဗျာကတတရားသည်လည်းကောင်း အဗျာကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*
*ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော* ကုသိုလ်နာမ်ခန္ဓာလေးပါးတို့ သည်လည်းကောင်း၊ မဟာဘုတ်လေးပါးတို့သည်လည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော စ အဗျာကတော စ ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ (အကု၊ ဗျာ၊ ဗျာ-၁)*

အကုသိုလ်တရားသည်လည်းကောင်း၊ အဗျာကတတရားသည်လည်းကောင်း အဗျာကတတရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါး တို့သည်လည်းကောင်း၊ မဟာဘုတ်လေးပါးတို့သည်လည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သဟဇာတပစ္စည်း**

သဟဇာတပစ္စည်းသည် နာမ်တရားက နာမ်နဲ့ရုပ်တရား (Mind to mind and matter) ကိုလည်းကောင်း၊ ရုပ်တရားက ရုပ်တရား (Matter to matter) ကိုလည်းကောင်း၊ နာမ်တရားက ရုပ်တရားတို့ (Mind to matter and vice versa) ကို အပြန်အလှန် ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

(က) နာမ်တရားက နာမ်နဲ့ရုပ်တရား Mind to mind and matter ကို ကျေးဇူးပြုရာတွင် -
- ပစ္စယဟူသောအကြောင်းတရားမှာ - စိတ်-၈၉ပါး၊ စေတသိက်- ၅၂ ပါးတို့ ဖြစ်သည်။
- ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ်-၈၉ပါး၊ စေတသိက်- ၅၂ ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇ ရုပ်တို့ ဖြစ်သည်။

(ခ ) ရုပ်တရားက ရုပ်တရား Matter to matter ကို ကျေးဇူးပြုရာတွင် -
- ပစ္စယဟူသောအကြောင်းတရားမှာ - မဟာဘုတ်-၄ပါးဖြစ်သည်။
- ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - မဟာဘုတ်-၄နှင့် ဥပါဒါန်ရုပ်တို့ဖြစ်သည်။

(ဂ ) နာမ်တရားက ရုပ်တရားတို့ (Mind to matter and vice versa) ကို အပြန်အလှန် ကျေးဇူးပြုရာတွင် -
- ပစ္စယဟူသောအကြောင်းတရားမှာ - ပဋိသန္ဓေစိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။
- ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ပဋိသန္ဓေစိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။

သဟဇာတပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၉ ဖြစ်၏။ (သဟဇာတေ နဝ)

မဟာသဟဇာတကြီး၊ သဟဇာတအလတ်နှင့် သဟဇာတအငယ်ဟု သဟဇာတမျိုးကြီး (၁၅)ပါးရှိသည်။

**မဟာသဟဇာတကြီး (၄)ပါး**

၁။ သဟဇာတ၊ ၂။ သဟဇာတနိဿယ၊ ၃။ သဟဇာတတ္ထိ၊ ၄။ သဟဇာတအဝိဂတ။

**သဟဇာတအလတ် (၄)ပါး**

၅။ အညမည၊ ၆။ ဝိပါက၊ ၇။ သမ္ပယုတ္တ၊ ၈။ သဟဇာတဝိပ္ပယုတ္တ။

**သဟဇာတအငယ် (၇)ပါး**

၉။ ဟေတု၊ ၁၀။ သဟဇာတာဓိပတိ၊ ၁၁။ သဟဇာတကမ္မ၊ ၁၂။ နာမ်အာဟာရ၊
၁၃။ သဟဇာတိန္ဒြိယ၊ ၁၄။ ဈာန၊ ၁၅။ မဂ္ဂ။

# ၇-အညမညပစ္စယော

၄၂၀။ *ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။* (ကု၊ ကု-၁)
ကုသိုလ်တရားသည် ကုသိုလ်တရားအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။*
ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသော နာမ်ခန္ဓာသည် သုံးပါးသော နာမ်ခန္ဓာတို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။* (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

The next one is Annamanna Paccaya, reciprocal condition. Annamanna is translated as mutuality. That means supporting one another. In order for the states to support one another they must be of the same nature.

*တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။*
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။*
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။* (အကု၊ အကု-၁)
အကုသိုလ်တရားသည် အကုသိုလ်တရားအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။*
ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါး တို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။*
သုံးပါးသောအကုသိုလ်နာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။*
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာကတတရားအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။*

ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတဖြစ်သော နာမ်ခန္ဓာတစ်ပါးသည် သုံးပါးသောနာမ်ခန္ဓာတို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။*

ပဋိသန္ဓေနေသောအခိုက် ဝိပါက်အဗျာကတ နာမ်ခန္ဓာလေးပါးတို့တွင် နာမ်ခန္ဓာတစ်ပါးသည် ကျန်နာမ်ခန္ဓာသုံးပါးတို့အားလည်းကောင်း၊ ဟဒယဝတ္ထုရုပ်အားလည်းကောင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ ဟဒယဝတ္ထုရုပ်အားလည်းကောင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ ဟဒယဝတ္ထုရုပ်အားလည်းကောင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ခန္ဓာ ဝတ္ထုဿ အညမညပစ္စယေန ပစ္စယော။*

ပဋိသန္ဓေနာမ်ခန္ဓာသည် ဟဒယဝတ္ထုရုပ်အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။*

ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေနာမ်ခန္ဓာအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။*

တစ်ပါးသော မဟာဘုတ်သည် သုံးပါးသော မဟာဘုတ်တို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အညမညပစ္စယေန ပစ္စယော။*

သုံးပါးသောမဟာဘူတ်တို့သည် တစ်ပါးသောမဟာဘူတ်အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော၊*

နှစ်ပါးသောမဟာဘူတ်တို့သည် နှစ်ပါးသောမဟာဘူတ်တို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။*

ပြင်ပသန္တာန်၌ဖြစ်သော ရုပ်သည်လည်းကောင်း၊ အာဟာရကြောင့်ဖြစ်သော ရုပ်သည်လည်းကောင်း၊ ဥတုကြောင့်ဖြစ်သော ရုပ်သည်လည်းကောင်း၊ အသညသတ် ဗြဟ္မာဘုံ၌ရှိသည့် ဗြဟ္မာကြီးတို့၏ တစ်ပါးသောမဟာဘူတ်သည် သုံးပါးသောမဟာဘူတ်တို့အားလည်းကောင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော၊*

နှစ်ပါးသောမဟာဘူတ်တို့သည် နှစ်ပါးသောမဟာဘူတ်တို့အား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အညမညပစ္စည်း**

အညမညပစ္စည်းသည် နာမ်တရားက နာမ်နဲ့ရုပ်တရား (Mind to mind and matter) ကိုလည်းကောင်း၊ ရုပ်တရားက ရုပ်တရား (Matter to matter) ကိုလည်းကောင်း၊ နာမ်တရားက ရုပ်တရား (Mind to matter and vice versa) တို့ကို အပြန်အလှန် ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

(က) နာမ်တရားက နာမ်တရား Mind to mind ကိုကျေးဇူးပြုရာတွင် -
- ပစ္စယဟူသောအကြောင်းတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက်-၅၂ ပါးတို့ ဖြစ်သည်။
- ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက်-၅၂ ပါးတို့ ဖြစ်သည်။

(ခ ) ရုပ်တရားက ရုပ်တရား Matter to matter ကို ကျေးဇူးပြုရာတွင် -
- ပစ္စယဟူသောအကြောင်းတရားမှာ - မဟာဘူတ် - ၄ ပါး ဖြစ်သည်။
- ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - မဟာဘူတ် - ၄ ပါး ဖြစ်သည်။


(ဂ ) နာမ်တရားက ရုပ်တရားတို့ (Mind to matter and vice versa) ကို အပြန်အလှန် ကျေးဇူးပြုရာတွင် -
- ပစ္စယဟူသောအကြောင်းတရားမှာ - ပဋိသန္ဓေ စိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။
- ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ပဋိသန္ဓေ စိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့ ဖြစ်သည်။

အညမညပစ္စည်း၏ သုဒ္ဓသချာမှာ - ၃ ဖြစ်၏။ (အညမညေ တီဏိ)
အညမညပစ္စည်းသည် သဟဇာတမျိုး ဖြစ်သည်။

## ၈–နိဿယပစ္စယော

၄၂။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)
ကုသိုလ်တရားသည် ကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။
ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသော နာမ်ခန္ဓာသည် သုံးပါးသော နာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Number eight is Nissaya Paccaya. ‘Nissaya’ means something you depend on. It is translated as support. Nissaya is compared to a canvas for painting. The canvas is the support for the painting. You put the painting on the canvas. Canvas is Nissaya, a support.

တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။
သုံးပါးသောကုသိုလ်နာမ်ခန္ဓာတို့သည် တစ်ပါးသောကုသိုလ်နာမ်ခန္ဓာအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။
နှစ်ပါးသောကုသိုလ်နာမ်ခန္ဓာတို့သည် နှစ်ပါးသောကုသိုလ်နာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)
ကုသိုလ်တရားသည် အဗျာကတတရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။
ကုသိုလ်ဖြစ်သောနာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)*

ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ ကုသိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*

အကုသိုလ်တရားသည် အဗျာကတတရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

အကုသိုလ်ဖြစ်သော နာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၃)*

အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

အကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာကတတရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

ဝိပါက်ကိရိယာဗျာကတဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇ ရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

ပဋိသန္ဓေနေသောအခိုက် ဝိပါက်အဗျာကတ နာမ်ခန္ဓာလေးပါးတို့တွင် နာမ်ခန္ဓာတစ်ပါးသည် ကျန်သော နာမ်ခန္ဓာသုံးပါးတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း နိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာသုံးပါးတို့သည် ကျန်နာမ်ခန္ဓာ တစ်ပါးအားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာနှစ်ပါးတို့သည် ကျန်နာမ်ခန္ဓာနှစ်ပါးတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ခန္ဓာ ဝတ္ထုဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာလေးပါးတို့သည် မှီရာဟဒယဝတ္ထု ရုပ်အားလည်းကောင်း၊ မှီရာဟဒယဝတ္ထုရုပ်သည် နာမ်ခန္ဓာလေးပါးတို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။*

*ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ*ဟူသော မဟာဘုတ်လေးပါးတွင် တစ်ပါးသော မဟာဘုတ်သည် သုံးပါးသော မဟာဘုတ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ နိဿယပစ္စယေန ပစ္စယော။*

သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။*

နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။*

မဟာဘုတ်တို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့ အားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။*
ပြင်ပသန္တာန်၌ဖြစ်သော ရုပ်သည်လည်းကောင်း၊ အာဟာရကြောင့်ဖြစ်သော ရုပ်သည်လည်းကောင်း၊ ဥတုကြောင့်ဖြစ်သော ရုပ်သည်လည်းကောင်း၊ အသညသတ် ပြဟ္မာဘုံ၌ရှိသည့် ပြဟ္မာကြီးတို့၏ တစ်ပါးသောမဟာဘုတ်သည် သုံးပါးသောမဟာဘုတ်တို့အားလည်းကောင်း၊ သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အားလည်းကောင်း၊ နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။*
မဟာဘုတ်တို့သည် ပဋိသန္ဓေအခါကမ္မဇရုပ်တို့အားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*စက္ခာယတနံ စက္ခုဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။*
စက္ခာယတနဟူသော *စက္ခုပသာဒ* မျက်စိအကြည်ရုပ်သည် မြင်သိစိတ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သောတာယတနံ သောတဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။*
သောတာယတနဟူသော *သောတပသာဒ* နားအကြည်ရုပ်သည် ကြားသိစိတ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဃာနာယတနံ ဃာနဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။။*
ဃာနယတနဟူသော *ဃာနပသာဒ* နှာခေါင်းအကြည်ရုပ်သည် နံသိစိတ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဇိဝှါယတနံ ဇိဝှါဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။*
ဇိဝှါယတနဟူသော *ဇိဝှါပသာဒ* လျှာအကြည်ရုပ်သည် အရသာသိစိတ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကာယာယတနံ ကာယဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။*
ကာယာယတနဟူသော *ကာယပသာဒ* ကိုယ်အကြည်ရုပ်သည် ထိသိစိတ်အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာ ဗျာကတာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*
ဟဒယဝတ္ထုရုပ်သည် ဝိပါက်အဗျာကတ ဖြစ်ကုန်သော နာမ်ခန္ဓာလေးပါးတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၂)*
အဗျာကတတရားသည် ကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*
ဟဒယဝတ္ထုရုပ်သည် ကုသိုလ်ဖြစ်ကုန်သော နာမ်ခန္ဓာလေးပါးတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*
အဗျာကတတရားသည် အကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု အကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*
ဟဒယဝတ္ထုရုပ်သည် အကုသိုလ်ဖြစ်ကုန်သော နာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*၄၂။ ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ကု၊ ဗျာ၊ ကု-၁)*
ကုသိုလ်တရားသည်လည်းကောင်း၊ အဗျာကတတရားသည်လည်းကောင်း၊ ကုသိုလ်တရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*
ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောကုသိုလ်နာမ်ခန္ဓာကလည်းကောင်း၊ ဟဒယဝတ္ထုရုပ်ကလည်းကောင်း သုံးပါးသောကုသိုလ်နာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။*
သုံးပါးသောကုသိုလ်နာမ်ခန္ဓာတို့ကလည်းကောင်း၊ ဟဒယဝတ္ထုရုပ်ကလည်းကောင်း တစ်ပါးသော ကုသိုလ်နာမ်ခန္ဓာအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*
နှစ်ပါးသော ကုသိုလ်နာမ်ခန္ဓာတို့ကလည်းကောင်း၊ ဟဒယဝတ္ထုရုပ်ကလည်းကောင်း နှစ်ပါးသော ကုသိုလ်နာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (ကု၊ ဗျာ၊ ဗျာ-၂)*
ကုသိုလ်တရားသည်လည်းကောင်း၊ အဗျာကတတရားသည်လည်းကောင်း အဗျာကတတရားတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*
ကုသိုလ်နာမ်ခန္ဓာလေးပါးတို့ကလည်းကောင်း၊ *ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော* ဟူသော မဟာဘုတ်တို့ကလည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (အကု၊ ဗျာ၊ အကု-၁)*

အကုသိုလ်တရားသည် အဗျာကတတရားအားလည်းကောင်း၊ အကုသိုလ်တရားအားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*

အကုသိုလ်နာမ်ခန္ဓာ လေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာကလည်းကောင်း၊ ဟဒယဝတ္ထုရုပ်ကလည်းကောင်း သုံးပါးသောနာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။*

သုံးပါးသော အကုသိုလ်နာမ်ခန္ဓာတို့ကလည်းကောင်း၊ ဟဒယဝတ္ထုရုပ်ကလည်းကောင်း တစ်ပါးသော အကုသိုလ် နာမ်ခန္ဓာအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။*

နှစ်ပါးသော အကုသိုလ်နာမ်ခန္ဓာတို့ကလည်းကောင်း၊ ဟဒယဝတ္ထုရုပ်ကလည်းကောင်း နှစ်ပါးသော အကုသိုလ်နာမ်ခန္ဓာတို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ (အကု၊ ဗျာ၊ ဗျာ-၂)*

အကုသိုလ်တရားသည်လည်းကောင်း၊ အဗျာကတတရားသည်လည်းကောင်း၊ အဗျာကတတရားအား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။*

အကုသိုလ်နာမ်ခန္ဓာလေးပါးတို့ကလည်းကောင်း၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော မဟာဘုတ်တို့ကလည်းကောင်း အကုသိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**နိဿယပစ္စည်း**

**၁။ သဟဇာတနိဿယ**

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသောအကျိုးတရားတို့သည် သဟဇာတပစ္စည်းနှင့် အားလုံး တူညီပါသည်။

**၂။ ပုရေဇာတနိဿယ**

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသောအကျိုးတရားတို့သည် ပုရေဇာတပစ္စည်းနှင့် အားလုံး တူညီပါသည်။

နိဿယပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၁၃ ဖြစ်၏။ (နိဿရေ တေရသ)
နိဿယပစ္စည်းသည် သဟဇာတမျိုးနှင့် ဝတ္ထုပုရေဇာတမျိုး နှစ်မျိုး၌ ပါဝင်သည်။

# ၉-ဥပနိဿယ

*၄၂။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ကု၊ ကု -၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။*

ဥပနိဿယပစ္စည်းတွင် -

၁။ အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏ + ဥပနိဿယ = အာရမ္မဏူပနိဿယပစ္စည်း Object decisice support သည်လည်းကောင်း၊

၂။ အခြားမဲ့ အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရ+ ဥပနိဿယ = အနန္တရူပနိဿယပစ္စည်း Proximity decisice support သည်လည်းကောင်း၊


၃။ ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတိ + ဥပနိဿယ = ပကတူပနိဿယပစ္စည်း Natural decisice support ဟူ၍ သုံးမျိုးရှိ၏။

*အာရမ္မဏူပနိဿယော*

ထိုသုံးမျိုးတို့တွင် အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပ-နိဿယပစ္စည်း ဟူသည် -

*ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ၊ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊*

အလှူဒါနပေး၍၊ ငါးပါးသီလဆောက်တည်၍၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၍၊ ဒါန၊ သီလနှင့် ရှစ်ပါးသောဥပုသ်သီလတည်းဟူသော ကာမာဝစရကုသိုလ်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ ပစ္စဝေက္ခတိ ဆင်ခြင်၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Number nine is Upanissaya Paccaya. ‘Upa’ means very strong. So ‘Upanissaya’ means very strong support or here it is translated as decisive support. It is compared to the rain. When there are rains, trees can grow and beings can get water to drink. So they all depend on the rain for their existence or their survival. Upanissaya is like the rain. It is more forceful than Nissaya.

*ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊*

ရှေးကပြုလုပ်ခဲ့ပြီးသမျှ ဒါန၊ သီလနှင့် ရှစ်ပါးသောဥပုသ်သီလတို့ပါဝင်သော ကာမာဝစရကုသိုလ်တို့ကို အလေးအမြတ် ဂရုတစိုက် အာရုံပြုလျက် *ပစ္စဝေက္ခတိ* ဆင်ခြင်၏။

*ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊*

ဈာန်ဝင်စားပြီးနောက် ဈာန်မှ ထမြောက်၍ ဝင်စားပြီးသောဈာန်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ *ပစ္စဝေက္ခတိ* ဆင်ခြင်၏။

*သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊*

ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်စီးတတ်သည့် ဂေါတြဘူဉာဏ်ကို အလေးအမြတ် အာရုံပြု၍ *ပစ္စဝေက္ခန္တိ* ဆင်ခြင် သုံးသပ်ကြ၏။

*ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊*

မဂ်၏ရှေ့၌ဖြစ်ပြီး ကိလေသာမှ ဖြူစင်သော ဝေါဒါန်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ *ပစ္စဝေက္ခန္တိ* ဆင်ခြင် သုံးသပ်ကြ၏။

*သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။*

ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် မိမိတို့ဆိုင်ရာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်မှ ထမြောက်၍၊ မိမိတို့ဆိုင်ရာဆိုင်ရာ မဂ်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ *ပစ္စဝေက္ခန္တိ* ဆင်ခြင် သုံးသပ်ကြ၏။

*အနန္တရူပနိဿယော*

အခြားမဲ့ အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်း Proximity decisice support ဟူသည် -

*ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။*

ရှေးရှေး ကုသိုလ်နာမ်ခန္ဓာတို့သည် နောက်နောက် ကုသိုလ်နာမ်ခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ ဂေါတြဘုဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သောတာပတ္တိမဂ်၏ ရှေ့၌ဖြစ်ပြီး ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘူဉာဏ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ ဝေါဒါနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ဝိပဿနာညာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်၏ရှေ့၌ဖြစ်ပြီး ကိလေသာမှ ဖြူစင်သော ဝေါဒါန်ကို ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဂေါတြဘု မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။*

သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘုဉာဏ်သည် သောတာပတ္တိမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝေါဒါနံ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။*

သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်၏ရှေ့၌ဖြစ်ပြီး ကိလေသာမှဖြူစင်သော ဝေါဒါန်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပကတူပနိဿယော*

ထိုသုံးမျိုးတို့တွင် ပင်ကိုပကတိသဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် ပကတူပနိဿယပစ္စည်း Natural decisice support ဟူသည် -

*သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

ယုံကြည်မှု သဒ္ဓါတရားကို အားကြီးစွာမှီ၍ အလှူဒါနကိုပေးသည်၊ ငါးပါး သီလဆောက်တည်သည်၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်သည်၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏။ အဘိညာဉ်တန်ခိုးကို ဖြစ်ပေါ်စေ၏။ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*သီလံ ဥပနိဿယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

သီလကို အားကြီးစွာအမှီပြု၍ အလှူဒါနကိုပေးသည်၊ ငါးပါးသီလ ဆောက်တည်သည်၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်သည်၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏။ အဘိညာဉ်တန်ခိုးကို ဖြစ်ပေါ်စေ၏။ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*သုတံ။ ပ။ စာဂံ။ ပ။ ပညံ ဥပနိဿယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

ဗဟုသုတကို အားကြီးစွာအမှီပြု၍၊ စွန့်ကြဲမှုစာဂကို အားကြီးစွာအမှီပြု၍၊ ပညာကို အားကြီးစွာအမှီပြု၍ အလှူဒါနကိုပေးသည်၊ ငါးပါးသီလဆောက်တည်သည်၊ ရှစ်ပါးသောဥပုသ်သီလကို

ဆောက်တည်သည်၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကိုဖြစ်ပေါ်စေ၏။ အဘိညာဉ်တန်ခိုးကို ဖြစ်ပေါ်စေ၏။ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ။ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။*

သဒ္ဓါတရားတည်းဟူသော ယုံကြည်ခြင်းသည်၊ သီလသည်၊ အကြားအမြင် ဗဟုသုတသည်၊ စွန့်ကြဲခြင်း စာဂသည်၊ ဉာဏ်ပညာသည် သဒ္ဓါတရားတည်းဟူသော ယုံကြည်ခြင်းအား၊ သီလအား၊ အကြားအမြင် ဗဟုသုတအား၊ စွန့်ကြဲခြင်း စာဂအား၊ ဉာဏ်ပညာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ပထမဈာန်၏ ရှေ့အဖို့၌ဖြစ်သော ပရိကံသည် ပထမဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒုတိယဿ ဈာနဿ ပရိကမ္မံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ဒုတိယဈာန်၏ ရှေ့အဖို့၌ဖြစ်သော ပရိကံသည် ဒုတိယဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တတိယဿ ဈာနဿ ပရိကမ္မံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

တတိယဈာန်၏ ရှေ့အဖို့၌ဖြစ်သော ပရိကံသည် တတိယဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*စတုတ္ထဿ ဈာနဿ ပရိကမ္မံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

စတုတ္ထဈာန်၏ ရှေ့အဖို့၌ဖြစ်သော ပရိကံသည် စတုတ္ထဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာကာသာနဉ္စာယတနဿ ပရိကမ္မံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အာကာသာနဉ္စာယတနဈာန်၏ ရှေ့အဖို့၌ဖြစ်သော ပရိကံသည် အာကာသာနဉ္စာယတနဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိညာဏဉ္စာယတနဿ ပရိကမ္မံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ဝိညာဏဉ္စာယတနဈာန်၏ ရှေ့အဖို့၌ဖြစ်သော ပရိကံသည် ဝိညာဏဉ္စာယတနဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာကိဉ္စညာယတနဿ ပရိကမ္မံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အာကိဉ္စညာယတနဈာန်၏ ရှေ့အဖို့၌ဖြစ်သော ပရိကံသည် အာကိဉ္စညာယတနဈာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နေဝသညာနာသညာယတနဿ ပရိကမ္မံ နေဝသညာနာသညာယတနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။*

နေဝသညာနာသညာယတနစျာန်၏ ရှေ့အဖို့၌ဖြစ်သော ပရိကံသည် နေဝသညာနာသညာယတန စျာန်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဌမံ ဈာနံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ပဌမစျာန် ကုသိုလ်စိတ်သည် ဒုတိယစျာန် ကုသိုလ်စိတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒုတိယံ ဈာနံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ဒုတိယစျာန် ကုသိုလ်စိတ်သည် တတိယစျာန် ကုသိုလ်စိတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တတိယံ ဈာနံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

တတိယစျာန် ကုသိုလ်စိတ်သည် စတုတ္ထစျာန် ကုသိုလ်စိတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*စတုတ္ထံ ဈာနံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

စတုတ္ထစျာန် ကုသိုလ်စိတ်သည် အာကာသာနဉ္စာယတန ကုသိုလ်စျာန်စိတ်အား ဥပနိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*အာကာသာနဉ္စာယတနံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အာကာသာနဉ္စာယတန ကုသိုလ်စျာန်စိတ်သည် ဝိညာဏဉ္စာယတန ကုသိုလ်စျာန်စိတ်အား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိညာဏဉ္စာယတနံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ဝိညာဏဉ္စာယတန ကုသိုလ်စျာန်စိတ်သည် အာကိဉ္စညာယတန ကုသိုလ်စျာန်စိတ်အား ဥပဿနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာကိဉ္စညာယတနံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အာကိဉ္စညာယတန ကုသိုလ်စျာန်စိတ်သည် နေဝသညာနာသညာယတန ကုသိုလ်စျာန်စိတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ ဒိဗ္ဗဿ စက္ခုဿ ဥပနိဿယပစ္စယေန ပစ္စယော။*

နတ်မျက်စိကဲ့သို့ အမြင်ဓာတ် ဒိဗ္ဗစက္ခုဉာဏ်ပညာရရှိနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် နတ်မျက်စိကဲ့သို့ မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုတန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒိဗ္ဗာယ သောတဓာတုယာ ပရိကမ္မံ ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။*

နတ်နားကဲ့သို့ အကြားဓာတ် ဒိဗ္ဗသောတဉာဏ်ပညာရရှိနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် နတ်နားကဲ့သို့ ကြားနိုင်စွမ်းသော ဒိဗ္ဗသောတတန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဣဒ္ဓိဝိဓဉာဏဿ ပရိကမ္မံ ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

မြေလျှိုးမိုးပျံ တန်ခိုးအမျိုးမျိုး ပြုလုပ်နိုင်စွမ်းသော ဣဒ္ဓိဝိဓဉာဏ်ပညာရရှိနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် မြေလျှိုးမိုးပျံ တန်ခိုးအမျိုးမျိုး ပြုလုပ်နိုင်စွမ်းသော ဣဒ္ဓိဝိဓတန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*စေတောပရိယဉာဏဿ ပရိကမ္မံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

သူတစ်ပါး၏စိတ်ကို သိနိုင်စွမ်းသော စေတောပရိယဉာဏ်ပညာရရှိနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် သူတစ်ပါး၏စိတ်ကို သိနိုင်စွမ်းသော စေတောပရိယ တန်ခိုးအဘိညာဉ်အား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ပရိကမ္မံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ရှေးရှေးဘဝ အဆက်ဆက်က ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်တို့ကို အောက်မေ့သတိရနိုင်သော ပုဗ္ဗေနိဝါ သာနုဿတိဉာဏ်ပညာရရှိနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် ရှေးရှေးဘဝအဆက်ဆက်က ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်တို့ကို အောက်မေ့သတိရနိုင်စွမ်းသော ပုဗ္ဗေနိဝါသာနုဿတိ တန်ခိုး အဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ယထာကမ္မူပဂဉာဏဿ ပရိကမ္မံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အကြောင်းအကြောင်းကံ အကျိုးဝိပါက်ကို ဖြစ်စေတတ်သော စေတနာအမျိုးမျိုးကိုသိသော ယထာကမ္မူပဂ ဉာဏ်ပညာကို ရရှိနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် အကြောင်းအကြောင်းကံ အကျိုးဝိပါက်ကို ဖြစ်စေတတ်သော စေတနာအမျိုးမျိုးကို သိနိုင်စွမ်းသော ယထာကမ္မူပဂ တန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနာဂတံသဉာဏဿ ပရိကမ္မံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အနာဂတ်အဖို့ ခန္ဓာအာယတနဓာတ်အစု၌ အဆီးအတားမရှိ သိသော အနာဂတံသဉာဏ်ပညာ ရရှိနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် အနာဂတ်အဖို့ ခန္ဓာအာယတနဓာတ်အစု၌ အဆီး အတားမရှိ သိနိုင်စွမ်းသော အနာဂတံသ တန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒိဗ္ဗစက္ခု ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။*

နတ်မျက်စိကဲ့သို့ မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုတန်ခိုးအဘိညာဉ်သည် နတ်နားကဲ့သို့ ကြားနိုင်စွမ်းသော ဒိဗ္ဗာသောတ တန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒိဗ္ဗသောတဓာတု ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယ ပစ္စယေန ပစ္စယော။*

နတ်နားကဲ့သို့ ကြားနိုင်စွမ်းသော ဒိဗ္ဗသောတတန်ခိုးအဘိညာဉ်သည် မြေလျှိုးမိုးပျံ တန်ခိုးအမျိုးမျိုး ပြုလုပ်နိုင်စွမ်းသော ဣဒ္ဓိဝိဓတန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဣဒ္ဓိဝိဓဉာဏံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

မြေလျှိုးမိုးပျံ တန်ခိုးအမျိုးမျိုး ပြုလုပ်နိုင်စွမ်းသော ဣဒ္ဓိဝိဓတန်ခိုးအဘိညာဉ်သည် သူတစ်ပါး၏ စိတ်ကို သိနိုင်စွမ်းသော စေတောပရိယ တန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူး ပြု၏။

*စေတောပရိယဉာဏံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

သူတစ်ပါး၏စိတ်ကို သိနိုင်စွမ်းသော စေတောပရိယတန်ခိုးအဘိညာဉ်သည် ရှေးရှေးဘဝ အဆက် ဆက်က ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်တို့ကို အောက်မေ့သတိရနိုင်စွမ်းသော ပုဗ္ဗေနိဝါသာနုဿတိ တန်ခိုး အဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ရှေးရှေးဘဝ အဆက်ဆက်က ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်တို့ကို အောက်မေ့ သတိရနိုင်စွမ်းသော ပုဗ္ဗေနိဝါသာနုဿတိ တန်ခိုးအဘိညာဉ်သည် အကြောင်းအကြောင်းကံ အကျိုးဝိပါက်ကို ဖြစ်စေတတ်သော စေတနာအမျိုးမျိုးကို သိနိုင်စွမ်းသော ယထာကမ္မူပဂ တန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*ယထာကမ္မူပဂဉာဏံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အကြောင်းအကြောင်းကံအကျိုးဝိပါက်ကို ဖြစ်စေတတ်သော စေတနာအမျိုးမျိုးကို သိနိုင်စွမ်းသော ယထာကမ္မူပဂ တန်ခိုးအဘိညာဉ်သည် အနာဂတ်အဖို့ ခန္ဓာအာယတန ဓာတ်အစု၌ အဆီးအတား မရှိ သိနိုင်စွမ်းသော အနာဂတံသ တန်ခိုးအဘိညာဉ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဌမဿ မဂ္ဂဿ ပရိကမ္မံ ပဌမဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ပထမမင်္ဂဖြစ်သော သောတာပတ္တိမင်္ဂကို မျက်မှောက်ပြုနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် သောတာပတ္တိမင်္ဂအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒုတိယဿ မဂ္ဂဿ ပရိကမ္မံ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ဒုတိယမင်္ဂဖြစ်သော သကဒါဂါမိမင်္ဂကို မျက်မှောက်ပြုနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် သကဒါဂါမိမင်္ဂအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တတိယဿ မဂ္ဂဿ ပရိကမ္မံ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။*
တတိယမဂ်ဖြစ်သော အနာဂါမိမဂ်ကို မျက်မှောက်ပြုနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် အနာဂါမိမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*စတုတ္ထဿ မဂ္ဂဿ ပရိကမ္မံ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။*
စတုတ္ထမဂ်ဖြစ်သော အရဟတ္တမဂ်ကို မျက်မှောက်ပြုနိုင်ရန် ရှေ့အဖို့၌ဖြစ်သော ပရိကံသည် အရဟတ္တမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဌမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဒုတိယော မဂ္ဂေါ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယော မဂ္ဂေါ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။*
ပထမမဂ်ဖြစ်သော သောတာပတ္တိမဂ်သည် ဒုတိယမဂ်ဖြစ်သော သကဒါဂါမိမဂ်အား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဒုတိယမဂ်ဖြစ်သော သကဒါဂါမိမဂ်သည် တတိယမဂ်ဖြစ်သော အနာဂါမိမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ တတိယမဂ်ဖြစ်သော အနာဂါမိမဂ်သည် စတုတ္ထမဂ်ဖြစ်သော အရဟတ္တမဂ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။*
ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် မိမိဆိုင်ရာမဂ်စိတ်ကို အားကြီးစွာအမှီပြု၍ မဖြစ်သေးသော မိမိတို့ဆိုင်ရာ သမာပတ်တို့ကို ဖြစ်စေကြကုန်၏။ ဖြစ်ပေါ်ပြီးသော သမာပတ်ကို ဝင်စားကြကုန်၏။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရအနတ္တဟု ဝိပဿနာ ရှုပွားကြကုန်၏။

*မဂ္ဂေါ သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ၊ ဓမ္မပ္ပဋိသမ္ဘိဒါယ၊ နိရုတ္တိပ္ပဋိသမ္ဘိဒါယ၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ၊ ဌာနာဌာန ကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော။*
ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့၏ အောက်မဂ်သုံးပါးသည် မာဂဓ ပါဠိ အနက်အဓိပ္ပါယ်ကို သိနိုင်စွမ်းသော အတ္ထပ္ပဋိသမ္ဘိဒါဉာဏ် ဖြစ်ခြင်းအကျိုးငှါလည်းကောင်း၊ ပါဠိ၏ သဒ္ဒါကိုသိသော ဓမ္မပ္ပဋိသမ္ဘိဒါဉာဏ်ဖြစ်ခြင်း အကျိုးငှါ လည်းကောင်း၊ သတ္တဝါတိုင်း၏ ဘာသာစကားကိုသိသော နိရုတ္တိပ္ပဋိသမ္ဘိဒါဉာဏ်ဖြစ်ခြင်း အကျိုးငှါ လည်းကောင်း၊ အနက်၊ သဒ္ဒါ၊ အဓိပ္ပါယ် ဘာသာကို ထိုးထွင်းသိသော ပဋိဘာနပ္ပဋိသမ္ဘိဒါဉာဏ် ဖြစ်ခြင်းအကျိုးငှါလည်းကောင်း၊ အကြောင်းအကျိုး ဟုတ်သည် မဟုတ်သည်ကိုသိသော ဌာနာဌာန ကောသလ္လဉာဏ်ဖြစ်ခြင်း အကျိုးငှါလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ကု၊ အကု-၂)*
ကုသိုလ်တရားသည် အကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏူပနိဿယော၊ ပကတူပနိဿယော။*

၁။ အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယပစ္စည်းနှင့်

၂။ ပင်ကိုယ်ပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတူပနိဿယပစ္စည်းဟူ၍ နှစ်မျိုးရှိ၏။

*အာရမ္မဏူပနိဿယော*

ထိုနှစ်မျိုးတို့တွင် အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် အာရမ္မဏူပ-နိဿယပစ္စည်း ဟူသည် -

*ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

အလှူဒါနပေး၍၊ ငါးပါးသီလဆောက်တည်၍၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၍၊ ထိုထိုဒါန၊ သီလနှင့် ရှစ်ပါးသောဥပုသ်သီလ ဟူသော ကာမာဝစရကုသိုလ်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြုလျက် *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် ကြည်နူး၏၊ ထိုသာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏၊

*ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

ရှေးကပြုလုပ်ခဲ့ပြီးကုန်သော ထိုထိုဒါန၊ သီလနှင့် ရှစ်ပါးသော ဥပုသ်သီလ ဟူသော ကာမာဝစရ ကုသိုလ်တို့ကို အလေးအမြတ် အာရုံပြု၍ သာယာမြတ်နိုး၏၊ အလွန် နှစ်သက် ကြည်နူး၏၊ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်၏၊ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်၏။

*ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

လောကီကုသိုလ်ဈာန်ဝင်စားခြင်းမှထ၍ ယင်းဈာန်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အလေးအမြတ် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏။ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏၊

*ပကတူပနိဿယော*

ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် ပကတူပနိဿယ ဟူသည် -

*သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။*

*သီလံ။ ပ။ သုတံ။ ပ။ စာဂံ။ ပ။ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ။ ဒိဋ္ဌိံ ဂဏှာတိ။*

ယုံကြည်မှုသဒ္ဓါတရားကို အားကြီးစွာအမှီပြု၍ မာန်မာနကိုဖြစ်စေ၏။ မှားသောအယူကို ဂဏှာတိယူ၏။ သီလကို အားကြီးစွာအမှီပြု၍၊ ဗဟုသုတကို အားကြီးစွာအမှီပြု၍၊ စွန့်ကြဲမှု စာဂကို အားကြီးစွာအမှီပြု၍၊ ပညာကို အားကြီးစွာအမှီပြု၍ မာန်မာနကို ဇပ္ပေတိ ဖြစ်စေ၏။ မှားသောအယူကို ဂဏှာတိယူ၏။

*သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ။ ရာဂဿ။ ဒေါသဿ။ မောဟဿ။ မာနဿ။ ဒိဋ္ဌိယာ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။*

သဒ္ဓါတရားဟူသော ယုံကြည်ခြင်းသည်၊ သီလသည်၊ အကြားအမြင် ဗဟုသုတသည်၊ ပေးကမ်းစွန့်ကြဲခြင်း စာဂသည်၊ ပညာသည် စွဲလမ်းကပ်ငြိသည့် ရာဂအား၊ ဒေါသအား၊ မောဟအား၊ မာန်မာနအား၊ အယူလွဲမှားမှုဒိဋ္ဌိအား၊ ဆုတောင်းမှု ပတ္ထနာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ကု၊ ဗျာ - ၃)*

ကုသိုလ်တရားသည် အဗျာကတတရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။*

၁။ အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယပစ္စည်း၊
၂။ အခြားမဲ့ အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်းနှင့်
၃။ ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတူပနိဿယပစ္စည်းဟူ၍ သုံးမျိုးရှိ၏။

*အာရမ္မဏူပနိဿယော*

အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် အာရမ္မဏူပနိဿယ ပစ္စည်းဟူသည် -

*အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။*

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်မှထ၍ ထိုမဂ်ကို အလေးအမြတ် ဂရုတစိုက် အာရုံပြု၍ ဆင်ခြင်၏။

*အနန္တရူပနိဿယော၊*

အခြားမဲ့အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် အနန္တရူပနိဿယပစ္စည်းဟူသည် -

*ကုသလံ ဝုဋ္ဌာနဿ ဥပနိဿယပစ္စယေန ပစ္စယော။*

လောကီကုသိုလ် သတ္တမဇောသည် ပထမဇော တဒါရုံစိတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဂ္ဂေါ ဖလဿ ဥပနိဿယပစ္စယေန ပစ္စယော။*

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်သည် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

ဖြစ်ပျက် သင်္ခါရကို အာရုံပြုပြီး ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် အရိယာပုဂ္ဂိုလ်တို့၏ ဆိုင်ရာ ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ ဥပနိဿယ ပစ္စယေန ပစ္စယော။*

နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတနကုသိုလ်စိတ်သည် အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်အား အနန္တရူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပကတူပနိဿယော*

ပင်ကိုပကတိသဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် ပကတူပနိဿယ ပစ္စည်းဟူသည် -

*သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။*

ယုံကြည်မှု သဒ္ဓါတရားကို အားကြီးစွာအမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏၊ ထက်ဝန်းကျင် ပူပန်စေ၏။ ရှာဖွေခြင်းလျှင် အကြောင်းရင်း မူလရှိသော ဆင်းရဲကို အစဉ်အမြဲ ခံစားရ၏။

*သီလံ။ ပ။ သုတံ။ ပ။ စာဂံ။ ပ။ ပညံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။*

သီလကို၊ အကြားအမြင် ဗဟုသုတကို၊ ပေးကမ်းစွန့်ကြခြင်း စာဂကို၊ ပညာကို၊ အားကြီးစွာအမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏။ ထက်ဝန်းကျင် ပူပန်စေ၏၊ ရှာဖွေခြင်းလျှင် အကြောင်းရင်း မူလရှိသော ဆင်းရဲကို အစဉ်အမြဲ ခံစားရ၏။

*သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ ကာယိကဿ သုခဿ။ ကာယိကဿ ဒုက္ခဿ။ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ-ပစ္စယေန ပစ္စယော။*

သဒ္ဓါတရားဟူသော ယုံကြည်ခြင်းသည်၊ သီလသည်၊ အကြားအမြင် ဗဟုသုတသည်၊ ပေးကမ်း စွန့်ကြခြင်း စာဂသည်၊ ပညာသည် ကိုယ်ချမ်းသာမှုအား၊ ကိုယ်ဆင်းရဲမှုအား၊ ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။*

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကိုမှီ၍ မဖြစ်သေးသော ကိရိယသမာပတ်ကို ဥပ္ပါဒေတိ ဖြစ်စေ၏။ ဖြစ်ပြီးသော ကိရိယာသမာပတ်ကို သမာပဇ္ဇတိ ဝင်စား၏။ ရုပ်နာမ်ခန္ဓ သင်္ခါရတို့ကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရအနတ္တဟု ဝိပဿနာရှုပွားကြကုန်၏။

*မဂ္ဂေါ အရဟတော အတ္တပ္ပဋိသမ္ဘိဒါယ၊ ဓမ္မပ္ပဋိသမ္ဘိဒါယ၊ နိရုတ္တိပ္ပဋိသမ္ဘိဒါယ၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ၊ ဌာနာဋ္ဌာနကောသလသ ဥပနိဿယပစ္စယေန ပစ္စယော။*

အရဟတ္တမဂ်သည် ရဟန္တာပုဂ္ဂိုလ်အား မာဂဓ ပါဠိ အနက်အဓိပ္ပါယ်ကို သိနိုင်စွမ်းသော အတ္ထပ္ပဋိသမ္ဘိဒါဉာဏ် ဖြစ်ခြင်းအကျိုးငှါလည်းကောင်း၊ ပါဠိ၏ သဒ္ဒါကိုသိသော ဓမ္မပ္ပဋိသမ္ဘိဒါဉာဏ် ဖြစ်ခြင်း အကျိုးငှါလည်းကောင်း၊ သတ္တဝါတိုင်း၏ ဘာသာစကားကိုသိသော နိရုတ္တိပ္ပဋိသမ္ဘိဒါဉာဏ် ဖြစ်ခြင်း အကျိုးငှါလည်းကောင်း၊ အနက်၊ သဒ္ဒါ၊ အဓိပ္ပါယ် ဘာသာကို ထိုးထွင်းသိသော ပဋိဘာနပ္ပဋိသမ္ဘိဒါ ဉာဏ်ဖြစ်ခြင်း အကျိုးငှါလည်းကောင်း၊ အကြောင်းအကျိုး ဟုတ်သည် မဟုတ်သည်၌ သိသော ဌာနာဋ္ဌာနကောသလ္လဉာဏ်ဖြစ်ခြင်း အကျိုးငှါလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဂ္ဂေါ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

အရဟတ္တမဂ်သည် အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား ဥပနိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။*

၁။ အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယပစ္စည်း
၂။ အခြားမဲ့ အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်းနှင့်
၃။ ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတူပနိဿယပစ္စည်း ဟူ၍ သုံးမျိုးရှိ၏။

*အာရမ္မဏူပနိဿယော*

အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယ ပစ္စည်းဟူသည်-

*ရာဂံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

စွဲလမ်းတပ်မက်မှုရာဂကို အလေးအမြတ် အာရုံပြု၍ *အဿာဒေတိ* သာယာ၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက် မြတ်နိုး၏။ ထို သာယာ နှစ်သက် မြတ်နိုးမှုကို အလေးအမြတ် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏၊

*ဒိဋ္ဌိံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

အယူလွဲမှားမှုဒိဋ္ဌိကို အလေးအမြတ် အာရုံပြု၍ *အဿာဒေတိ* သာယာ၏၊ *အဘိနန္ဒတိ* နှစ်သက် မြတ်နိုး၏။ ထို သာယာ မြတ်နိုး နှစ်သက် ကြည်နူးမှုကို အလေးအမြတ် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏၊ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏၊

*အနန္တရူပနိဿယော*

အခြားမဲ့ အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်းဟူသည် -

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။*

ရှေးရှေး၌ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော အကုသိုလ်နာမ်ခန္ဓာတို့သည် နောက်နောက်၌ဖြစ်ကုန်သော အကုသိုလ်နာမ်ခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပကတူပနိဿယော*

ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် ပကတူပနိဿယဟူသည် -

*ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။*

ရာဂကို အားကြီးစွာအမှီပြု၍ *ပါဏံ ဟနတိ* သူ့အသက်ကို သတ်၏။ *အဒိန္နံ အာဒိယတိ* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ *မုသာ ဘဏတိ* လိမ်ညာသော စကားကို ပြော၏။ *ပိသုဏံ ဘဏတိ* ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏။ *ဖရုသံ ဘဏတိ* ကြမ်းတမ်းသော စကားကို ပြော၏။ *သမ္ဖံ ပလပတိ* အကျိုးမရှိသော စကားကို ပြော၏။ *သန္ဓိံ ဆိန္ဒတိ* အိမ်ခြံစည်းရိုးကို ချိုးဖောက် ဖျက်ဆီး၏။ *နိလ္လောပံ ဟရတိ* ပုန်းအောင်း၍ ဆောင်ယူ၏။ *ဧကာဂါရိကံ ကရောတိ* တစ်အိမ်တည်းကို ဝိုင်းရံလုယက်၏။ *ပရိပန္ထေ တိဋ္ဌတိ* လမ်းခရီး၌ ရပ်၏။ *ပရဒါရံ ဂစ္ဆတိ* သူ့မယားကို သွားလာ ဆက်ဆံ၏။ *ဂါမဃာတံ ကရောတိ* ရွာကို ဖျက်၏။ *နိဂမဃာတံ ကရောတိ* ရွာကြီးကို ဖျက်ဆီး၏။ *မာတရံ ဇီဝိတာ ဝေါရောပေတိ* အမေကိုသတ်၏။ *ပိတရံ ဇီဝိတာ ဝေါရောပေတိ* အဖေကိုသတ်၏။ *အရဟန္တံ ဇီဝိတာ ဝေါရောပေတိ* ရဟန္တာကို သတ်၏။ *ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ။* ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်ခြင်းကို ဖြစ်စေ၏။ *သံဃံ ဘိန္ဒတိ* သံဃာသင်းခွဲ၏။

*ဒေါသံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။*

ဒေါသကို အားကြီးစွာအမှီပြု၍ *ပါဏံ ဟနတိ* သူ့အသက်ကို သတ်၏။ *အဒိန္နံ အာဒိယတိ* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ *မုသာ ဘဏတိ* လိမ်ညာသော စကားကို ပြော၏။ *ပိသုဏံ ဘဏတိ* ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏။ *ဖရုသံ ဘဏတိ* ကြမ်းတမ်းသော စကားကို ပြော၏။ *သမ္ဖံ ပလပတိ* အကျိုးမရှိသော စကားကို ပြော၏။ *သန္ဓိံ ဆိန္ဒတိ* အိမ်ခြံစည်းရိုးကို ချိုးဖောက် ဖျက်ဆီး၏။ *နိလ္လောပံ ဟရတိ* ပုန်းအောင်း၍ ဆောင်ယူ၏။ *ဧကာဂါရိကံ ကရောတိ* တစ်အိမ်တည်းကို ဝိုင်းရံလုယက်၏။ *ပရိပန္ထေ တိဋ္ဌတိ* လမ်းခရီး၌ ရပ်၏။ *ပရဒါရံ ဂစ္ဆတိ* သူ့မယားကို သွားလာ ဆက်ဆံ၏။ *ဂါမဃာတံ ကရောတိ* ရွာကို ဖျက်၏။ *နိဂမဃာတံ ကရောတိ* ရွာကြီးကို ဖျက်ဆီး၏။ *မာတရံ ဇီဝိတာ ဝေါရောပေတိ* အမေကိုသတ်၏။ *ပိတရံ ဇီဝိတာ ဝေါရောပေတိ* အဖေကိုသတ်၏။ *အရဟန္တံ ဇီဝိတာ ဝေါရောပေတိ* ရဟန္တာကို သတ်၏။ *ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ။* ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်း တည်ခြင်းကို ဖြစ်စေ၏။ *သံဃံ ဘိန္ဒတိ* သံဃာသင်းခွဲ၏။

*မောဟံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။*

မောဟကို အားကြီးစွာအမှီပြု၍ *ပါဏံ ဟနတိ* သူ့အသက်ကို သတ်၏။ *အဒိန္နံ အာဒိယတိ* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ *မုသာ ဘဏတိ* လိမ်ညာသော စကားကို ပြော၏။ *ပိသုဏံ ဘဏတိ* ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏။ *ဖရုသံ ဘဏတိ* ကြမ်းတမ်းသော စကားကို ပြော၏။ *သမ္ဖံ ပလပတိ* အကျိုးမရှိသော စကားကို ပြော၏။ *သန္ဓိံ ဆိန္ဒတိ* အိမ်ခြံစည်းရိုးကို ချိုးဖောက် ဖျက်ဆီး၏။ *နိလ္လောပံ ဟရတိ* ပုန်းအောင်း၍ ဆောင်ယူ၏။ *ဧကာဂါရိကံ ကရောတိ* တစ်အိမ်တည်းကို ဝိုင်းရံလုယက်၏။ *ပရိပန္ထေ တိဋ္ဌတိ* လမ်းခရီး၌ ရပ်၏။ *ပရဒါရံ ဂစ္ဆတိ* သူ့မယားကို သွားလာ ဆက်ဆံ၏။ *ဂါမဃာတံ ကရောတိ* ရွာကို ဖျက်၏။ *နိဂမဃာတံ ကရောတိ* ရွာကြီးကို ဖျက်ဆီး၏။ *မာတရံ ဇီဝိတာ ဝေါရောပေတိ* အမေကိုသတ်၏။ *ပိတရံ ဇီဝိတာ ဝေါရောပေတိ* အဖေကိုသတ်၏။ *အရဟန္တံ ဇီဝိတာ ဝေါရောပေတိ* ရဟန္တာကို သတ်၏။ *ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ။* ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်း တည်ခြင်းကို ဖြစ်စေ၏။ *သံဃံ ဘိန္ဒတိ* သံဃာသင်းခွဲ၏။

*မာနံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။*

မာနကို အားကြီးစွာအမှီပြု၍ *ပါဏံ ဟနတိ* သူ့အသက်ကို သတ်၏။ *အဒိန္နံ အာဒိယတိ* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ *မုသာ ဘဏတိ* လိမ်ညာသော စကားကို ပြော၏။ *ပိသုဏံ ဘဏတိ* ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏။ *ဖရုသံ ဘဏတိ* ကြမ်းတမ်းသော စကားကို ပြော၏။ *သမ္ဖံ ပလပတိ* အကျိုးမရှိသော စကားကို ပြော၏။ *သန္ဓိံ ဆိန္ဒတိ* အိမ်ခြံစည်းရိုးကို ချိုးဖောက် ဖျက်ဆီး၏။ *နိလ္လောပံ ဟရတိ* ပုန်းအောင်း၍ ဆောင်ယူ၏။ *ဧကာဂါရိကံ ကရောတိ* တစ်အိမ်တည်းကို ဝိုင်းရံလုယက်၏။ *ပရိပန္ထေ တိဋ္ဌတိ* လမ်းခရီး၌ ရပ်၏။ *ပရဒါရံ ဂစ္ဆတိ* သူ့မယားကို သွားလာ ဆက်ဆံ၏။ *ဂါမဃာတံ ကရောတိ* ရွာကို ဖျက်၏။ *နိဂမဃာတံ ကရောတိ* ရွာကြီးကို ဖျက်ဆီး၏။ *မာတရံ ဇီဝိတာ ဝေါရောပေတိ* အမေကိုသတ်၏။ *ပိတရံ ဇီဝိတာ ဝေါရောပေတိ* အဖေကိုသတ်၏။ *အရဟန္တံ ဇီဝိတာ ဝေါရောပေတိ* ရဟန္တာကို သတ်၏။ *ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ*။ ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်း တည်ခြင်းကို ဖြစ်စေ၏။ *သံဃံ ဘိန္ဒတိ* သံဃာသင်းခွဲ၏။

*ဒိဋ္ဌိံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။*

ဒိဋ္ဌိကို အားကြီးစွာအမှီပြု၍ *ပါဏံ ဟနတိ* သူ့အသက်ကို သတ်၏။ *အဒိန္နံ အာဒိယတိ* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ *မုသာ ဘဏတိ* လိမ်ညာသော စကားကို ပြော၏။ *ပိသုဏံ ဘဏတိ* ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏။ *ဖရုသံ ဘဏတိ* ကြမ်းတမ်းသော စကားကို ပြော၏။ *သမ္ဖံ ပလပတိ* အကျိုးမရှိသော စကားကို ပြော၏။ *သန္ဓိံ ဆိန္ဒတိ* အိမ်ခြံစည်းရိုးကို ချိုးဖောက် ဖျက်ဆီး၏။ *နိလ္လောပံ ဟရတိ* ပုန်းအောင်း၍ ဆောင်ယူ၏။ *ဧကာဂါရိကံ ကရောတိ* တစ်အိမ်တည်းကို ဝိုင်းရံလုယက်၏။ *ပရိပန္ထေ တိဋ္ဌတိ* လမ်းခရီး၌ ရပ်၏။ *ပရဒါရံ ဂစ္ဆတိ* သူ့မယားကို သွားလာ ဆက်ဆံ၏။ *ဂါမဃာတံ ကရောတိ* ရွာကို ဖျက်၏။ *နိဂမဃာတံ ကရောတိ* ရွာကြီးကို ဖျက်ဆီး၏။ *မာတရံ ဇီဝိတာ ဝေါရောပေတိ* အမေကိုသတ်၏။ *ပိတရံ ဇီဝိတာ ဝေါရောပေတိ* အဖေကိုသတ်၏။ *အရဟန္တံ ဇီဝိတာ ဝေါရောပေတိ* ရဟန္တာကို သတ်၏။ *ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ*။ ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်း တည်ခြင်းကို ဖြစ်စေ၏။ *သံဃံ ဘိန္ဒတိ* သံဃာသင်းခွဲ၏။

*ပတ္တနံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။*

ဆုတောင်းခြင်းကို အားကြီးစွာအမှီပြု၍ *ပါဏံ ဟနတိ* သူ့အသက်ကို သတ်၏။ *အဒိန္နံ အာဒိယတိ* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ *မုသာ ဘဏတိ* လိမ်ညာသောစကားကို ပြော၏။ *ပိသုဏံ ဘဏတိ* ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏။ *ဖရုသံ ဘဏတိ* ကြမ်းတမ်းသော စကားကို ပြော၏။ *သမ္ဖံ ပလပတိ* အကျိုးမရှိသော စကားကို ပြော၏။ *သန္ဓိံ ဆိန္ဒတိ* အိမ်ခြံစည်းရိုးကို ချိုးဖောက် ဖျက်ဆီး၏။ *နိလ္လောပံ ဟရတိ* ပုန်းအောင်း၍ ဆောင်ယူ၏။ *ဧကာဂါရိကံ ကရောတိ* တစ်အိမ်တည်းကို ဝိုင်းရံလုယက်၏။ *ပရိပန္ထေ တိဋ္ဌတိ* လမ်းခရီး၌ ရပ်၏။ *ပရဒါရံ ဂစ္ဆတိ* သူ့မယားကို သွားလာ ဆက်ဆံ၏။ *ဂါမဃာတံ ကရောတိ* ရွာကို ဖျက်၏။ *နိဂမဃာတံ ကရောတိ* ရွာကြီးကို ဖျက်ဆီး၏။ *မာတရံ ဇီဝိတာ ဝေါရောပေတိ* အမေကိုသတ်၏။ *ပိတရံ ဇီဝိတာ ဝေါရောပေတိ* အဖေကိုသတ်၏။ *အရဟန္တံ ဇီဝိတာ ဝေါရောပေတိ* ရဟန္တာကို သတ်၏။ *ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ။* ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်ခြင်းကို ဖြစ်စေ၏။ *သံဃံ ဘိန္ဒတိ* သံဃာသင်းခွဲ၏။

*ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ။ ရာဂဿ။ ဒေါသဿ။ မောဟဿ။ မာနဿ။ ဒိဋ္ဌိယာ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။*

ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာန်မာနသည်၊ အယူလွဲမှားမှု ဒိဋ္ဌိသည်၊ ဆုတောင်းခြင်းသည်၊ ရာဂအား၊ ဒေါသအား၊ မောဟအား၊ မာနအား၊ ဒိဋ္ဌိအား၊ တောင်းဆုအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပါဏာတိပါတော အဒိန္နာဒါနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ကာမေသု မိစ္ဆာစာရဿ ဥပနိဿယပစ္စယေန ပစ္စယော။ မုသာဝါဒဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပိသုဏာယ ဝါစာယ ဥပနိဿယ-ပစ္စယေန ပစ္စယော။ ဖရုသာယ ဝါစာယ ဥပနိဿယပစ္စယေန ပစ္စယော။ သမ္ဖပ္ပလာပဿ ဥပနိဿယပစ္စယေန ပစ္စယော။ အဘိဇ္ဈာယ ဥပနိဿယပစ္စယေန ပစ္စယော။ ဗျာပါဒဿ ဥပနိဿယပစ္စယေန ပစ္စယော။ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

သူ့အသက်ကိုသတ်ခြင်းသည် *ပါဏာတိပါတ* သူ့အသက်ကိုသတ်ခြင်းအား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူ့အသက်ကို သတ်ခြင်းသည် *အဒိန္နာဒါန* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူ့အသက်ကို သတ်ခြင်းသည် *မုသာဝါဒ* လိမ်ညာသောစကားကို ပြောခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

သူ့အသက်ကို သတ်ခြင်းသည် *ပိသုဏာဝါစာ* ကုန်းတိုက်ချောပြစ်သောစကားကို ပြောခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူ့အသက်ကို သတ်ခြင်းသည် *ဖရုသာဝါစာ* ကြမ်းတမ်းသောစကားကို ပြောခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူ့အသက်ကို သတ်ခြင်းသည် *သမ္ဖပ္ပလာပ* အကျိုးမရှိသောစကားကို ပြောခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူ့အသက်ကို သတ်ခြင်းသည် *အဘိဇ္ဈာယ* သူတစ်ပါးဥစ္စာကို လိုချင်တပ်မက်ခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူ့အသက်ကို သတ်ခြင်းသည် *ဗျာပါဒ* သူတစ်ပါးအကျိုးမဲ့ကို ကြံစည်ခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သူ့အသက်ကို သတ်ခြင်းသည် အယူလွဲမှားမှု *ဒိဋ္ဌိ*အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဒိန္နာဒါနံ အဒိန္နာဒါနဿ။ ကာမေသုမိစ္ဆာစာရဿ။ မုသာဝါဒဿ။ (သံခိတ္တံ) မိစ္ဆာဒိဋ္ဌိယာ-ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ (စက္ကံ ဗန္ဓိတဗ္ဗံ။) ကာမေသုမိစ္ဆာစာရော။ ပ။ မုသာဝါဒေါ။ ပ။ ပိသုဏာဝါစာ။ ပ။ ဖရုသဝါစာ။ ပ။ သမ္ဖပ္ပလာပေါ။ ပ။ အဘိဇ္ဈာ။ ပ။ ဗျာပါဒေါ။ ပ။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းသည် ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အကျဉ်းမျှသာ အကျယ်သိနိုင်လောက်ပြီ)

**မှတ်ချက်-** ၁ - ဤနေရာ၌ ဒုစရိုက်ဆယ်ပါးကို ဖေါ်ပြခြင်း ဖြစ်ပါသည်။ ဒုစရိုက်တစ်ခုက ကျန်ဒုစရိုက် တစ်ခုကို လည်းကောင်း၊ ထိုဒုစရိုက်တစ်ခုကပင် ကျန်သော ဒုစရိုက်ကိုးခုအား လည်းကောင်း အသီးသီးမှီ၍ ကျေးဇူးပြုသည်ကို ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

၂ - (ပ)ဟု ရေးသားထားခြင်းမှာ (ပေယျာလ) ဖေါ်ပြခြင်းဖြစ်ပြီး ပေယျာလဟူသည်မှာ အထက်ပါအတိုင်း ဖြစ်ပါသည်၊ နည်းတူဖြစ်ပါသည်ဟု မြှုပ်ထားသည့် စာများကို ပြဆိုခြင်း ဖြစ်ပါသည်။

*မိစ္ဆာဒိဋ္ဌိယာ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာယ ဝါစာယ ဖရုသာယ ဝါစာယ၊ သမ္ဖပ္ပလာပဿ အဘိဇ္ဈာယ၊ ဗျာပါဒဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အယူလွဲမှားမှု မိစ္ဆာဒိဋ္ဌိသည် *ပါဏာတိပါတ* သူ့အသက်ကို သတ်ခြင်းအား၊ *အဒိန္နာဒါန* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းအား၊ *မုသာဝါဒ* လိမ်ညာသောစကားကို ပြောခြင်းအား၊ *ပိသုဏာဝါစာ* ကုန်းတိုက်ချောပြစ်သောစကားကို ပြောခြင်းအား၊ *ဖရုသာဝါစာ* ကြမ်းတမ်းသောစကားကို ပြောခြင်းအား၊ *သမ္ဖပ္ပလာပ* အကျိုးမရှိသောစကားကို ပြောခြင်းအား၊ *အဘိဇ္ဈာယ* သူတစ်ပါးဥစ္စာကို လိုချင်တပ်မက်ခြင်းအား၊ *ဗျာပါဒ* သူတစ်ပါးအကျိုးမဲ့ကို ကြံစည်ခြင်းအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အမေကိုသတ်သောကံသည် အမေကို သတ်သောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မာတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အမေကိုသတ်သောကံသည် အဖေကို သတ်သောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မာတုဃာတိကမ္မံ အရဟန္တဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အမေကိုသတ်သောကံသည် ရဟန္တာကို သတ်သောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မာတုဃာတိကမ္မံ ရုဟိရုပ္ပါဒကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အမေကိုသတ်သောကံသည် ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်ခြင်းကို ဖြစ်စေသောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မာတုဃာတိကမ္မံ သံဃဘေဒကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အမေကိုသတ်သောကံသည် သံဃာသင်းခွဲသောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မာတုဃာတိကမ္မံ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

အမေကိုသတ်သောကံသည် သေလွန်သည်၏အခြားမဲ့၌ ဧကန် ငရဲအကျိုးခံရမည့် နိယတမိစ္ဆာဒိဋ္ဌိ စွဲမြဲစွာယူသော အယူမှားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပိတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အဖေကိုသတ်သောကံသည် အဖေကိုသတ်သောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပိတုဃာတိကမ္မံ အရဟန္တဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အဖေကိုသတ်သောကံသည် ရဟန္တာကိုသတ်သောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပိတုဃာတိကမ္မံ ရုဟိရုပ္ပါဒကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အဖေကိုသတ်သောကံသည် ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်ခြင်းကို ဖြစ်စေသောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပိတုဃာတိကမ္မံ သံဃဘေဒကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အဖေကိုသတ်သောကံသည် သံဃာသင်းခွဲသောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပိတုဃာတိကမ္မံ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

အဖေကိုသတ်သောကံသည် သေလွန်သည်၏အခြားမဲ့၌ ဧကန် ငရဲအကျိုးခံရမည့် နိယတမိစ္ဆာဒိဋ္ဌိ စွဲမြဲစွာယူသော အယူမှားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပိတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အဖေကိုသတ်သောကံသည် အမေကိုသတ်သောကံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**မှတ်ချက်** - ပဋ္ဌာနန္တရိယကံငါးပါးနှင့် စွဲမြဲစွာယူသော အယူမှားမှ နိယတမိစ္ဆာဒိဋ္ဌိတို့၏ တစ်ပါးက ထိုတစ်ပါးအပါအဝင် ကျန်ငါးပါးတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ (စက္ကံ ကာတဗ္ဗံ)အကျယ်လှည့်၍သိနိုင်လောက်ပေပြီ။

*အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။* (အကု၊ ကု-၂)

အကုသိုလ်တရားသည် ကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပကတူပနိဿယော*

ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် ပကတူပနိဿယ ပစ္စည်း ဟူသည် -

*ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ။ အဘိညံ ဥပ္ပါဒေတိ။ သမာပတ္တိံ ဥပ္ပါဒေတိ။*

စွဲလမ်းကပ်ငြိမှု ရာဂကို *ဥပနိဿာယ* အမှီပြု၍ အလှူဒါနကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ် စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*ဒေါသံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ။ အဘိညံ ဥပ္ပါဒေတိ။ သမာပတ္တိံ ဥပ္ပါဒေတိ။*

ဒေါသကို *ဥပနိဿာယ* အမှီပြု၍ အလှူဒါနကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလ ကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*မောဟံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ။ အဘိညံ ဥပ္ပါဒေတိ။ သမာပတ္တိံ ဥပ္ပါဒေတိ။*

မောဟကို *ဥပနိဿာယ* အမှီပြု၍ အလှူဒါနကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလ ကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*မာနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ။ အဘိညံ ဥပ္ပါဒေတိ။ သမာပတ္တိံ ဥပ္ပါဒေတိ။*

မာနကို *ဥပနိဿာယ* အမှီပြု၍ အလှူဒါနကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလ ကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏၊ အဘိဉာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*ဒိဋ္ဌိံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ။ အဘိညံ ဥပ္ပါဒေတိ။ သမာပတ္တိံ ဥပ္ပါဒေတိ။*

ဒိဋ္ဌိကို ဥပနိဿာယ အမှီပြု၍ အလှူဒါနကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံဥပ္ပါဒေတိ။*

ဆုတောင်းခြင်းကို ဥပနိဿာယ အမှီပြု၍ အလှူဒါနကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ် စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

**မှတ်ချက်** - လောဘနှင့် ဒေါသဟူသော အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ရသကဲ့သို့ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာတို့ကြောင့် ကုသိုလ်ဖြစ်နိုင်သည်ကိုလည်း အကျယ်အားဖြင့် နားလည်ရပါမည်။

*ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ။ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။*

ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ အယူလွဲမှားခြင်းဒိဋ္ဌိသည်၊ ဆုတောင်းခြင်း ပတ္ထနာသည်၊ ယုံကြည်ခြင်း သဒ္ဓါတရားအား၊ သီလအား၊ စွန့်ကြဲခြင်း စာဂအား၊ ဉာဏ်ပညာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

သူ၏အသက်ကိုသတ်၍ ထိုသတ်သောကံစေတနာ ဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်းအလို့ငှာ အလှူဒါန ကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*အဒိန္နံ အာဒိယိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူသောကံစေတနာ ဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်းအလို့ငှာ အလှူဒါနကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကိုဖြစ်ပေါ်စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*မုသာ ဘဏိတွာ တဿ ပဋ္ဌိယာတတ္တာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

လိမ်ညာသော စကားကို ပြောသော ကံစေတနာ ဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်းအလို့ငှာ အလှူဒါနကို ပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*ပိသုဏံ ဘဏိတွာ။ ပ။ ဖရုသံ ဘဏိတွာ။ ပ။ သမ္ဖံ ပလပိတွာ။ ပ။ သန္ဓိံ ဆိန္ဒိတွာ။ ပ။ နိလ္လောပံ ဟရိတွာ။ ပ။ ဧကာဂါရိကံ ကရိတွာ။ ပ။ ပရိပန္ထေ ဌတွာ။ ပ။ ပရဒါရံ ဂန္တွာ။ ပ။ ဂါမဃာတံ ကရိတွာ။ ပ။ နိဂမဃာတံ ကရိတွာ တဿ ပဋ္ဌိယာတတ္တာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ။ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

ချောပစ်ကုန်းတိုက်၍။ ကြမ်းတမ်းသော စကားကိုပြော၍။ အိမ်ခြံစည်းရိုးကို ဖျက်ဆီး၍။ လုယက်မှုကိုပြု၍။ တစ်အိမ်ထဲ ဝိုင်းရံမှုကိုပြု၍။ လမ်းခရီး၌ရပ်၍။ သူ့အိမ်ယာကို သွားလာ၍။ ပ။ ရွာဖျက်မှုကို ပြု၍။ နိဂုံးဖျက်မှုကိုပြု၍။ ထိုအကုသိုလ်စေတနာ ဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်းအလို့ငှာ အလှူဒါနကို ပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကိုဖြစ်ပေါ်စေ၏၊ အဘိညာဉ်ကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋ္ဌိယာတတ္တာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။*

အမေကိုသတ်၍ ထို ပဋ္ဌာနန္တရိယကံ၏စေတနာဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်း အလို့ငှာ အလှူဒါနကို ပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏။

*ပိတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋ္ဌိယာတတ္တာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။*

အဖေကိုသတ်၍ ထို ပဋ္ဌာနန္တရိယကံ၏ စေတနာဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်း အလို့ငှာ အလှူဒါနကို ပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊

*အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋ္ဌိယာတတ္တာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။*

ရဟန္တာကိုသတ်၍ ထိုပဋ္ဌာနန္တရိယကံ၏ စေတနာဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်းအလို့ငှာ အလှူဒါနကို ပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်၏၊

*ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတ္ဝာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။*

ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်စေ၍ ထိုပဋ္ဌာနန္တရိယကံ၏ စေတနာဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်းအလို့ငှာ အလှူဒါနကိုပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်၏၊

*သံဃံ ဘိန္ဒိတ္ဝာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။*

သံဃာသင်းခွဲ၍ ထို ပဋ္ဌာနန္တရိယကံ၏ စေတနာဝိပါက်အကျိုးကို ပယ်ဖျောက်ပါရခြင်းအလို့ငှာ အလှူဒါနကို ပေး၏၊ သီလဆောက်တည်၏၊ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်၏၊

**မှတ်ချက်** - အမေ၊ အဖေကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်းစသည့် ကံကြီးကျူးလွန်ထားသူများသည် အကုသိုလ်ကံ၏ ဖိစီးနှိပ်စက်မှုကြောင့် စျာန်မဂ်ရအောင်၊ ဝိပဿနာတရား ရှုပွားနိုင်လောက်အောင် စိတ်တည်ငြိမ်မှု မရရှိနိုင်တော့ပေ။ ထို့ကြောင့် သူတို့သည် ဤဘဝ၌ ဒါန၊ သီလ ကုသိုလ်ကိုသာ ပြုလုပ်နိုင်ပေမည်။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (အကု၊ ဗျာ - ၃)*

အကုသိုလ်တရားသည် အဗျာကတတရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနန္တရူပနိဿယော၊ ပကတူပနိဿယော။*

၁။ အခြားမဲ့အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်းနှင့်
၂။ ပင်ကိုယ်ပကတိသဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတူပနိဿယပစ္စည်း ဟူ၍ နှစ်မျိုးရှိ၏။

*အနန္တရူပနိဿယော*

အခြားမဲ့အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်း ဟူသည် -

*အကုသလံ ဝုဋ္ဌာနဿ ဥပနိဿယပစ္စယေန ပစ္စယော*

အကုသိုလ်အဆုံးဇောသည် တဒါရုံဘဝင်စိတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပကတူပနိဿယော*

ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သည့် ပကတူပနိဿယပစ္စည်း ဟူသည် -

*ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။*

တပ်မက်သော ရာဂကိုအမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏၊ ထက်ဝန်းကျင် ပူပန်စေ၏။ ရှာဖွေခြင်းလျှင် အကြောင်းရင်းမူလရှိသော ဆင်းရဲဒုက္ခကို အစဉ်အမြဲ ခံစားရ၏။

*ဒေါသံ။ ပ။ မောဟံ။ ပ။ မာနံ။ ပ။ ဒိဋ္ဌိံ။ ပ။ ပတ္တနံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။*

ဒေါသကို။ မောဟကို။ မာန်မာနကို။ မှားသောအယူကို။ ဆုတောင်းမှုကို အမှီပြု၍ မိမိကိုယ်ကို ပူပန်စေ၏၊ ထက်ဝန်းကျင် ပူပန်စေ၏။ ရှာဖွေခြင်းလျှင် အကြောင်းရင်းမူလရှိသော ဆင်းရဲဒုက္ခကို အစဉ်အမြဲ ခံစားရ၏။

*ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော၊ ဒိဋ္ဌိ၊ ပတ္တနာ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

ရာဂသည်၊ ဒေါသသည်၊ မောဟသည်၊ မာနသည်၊ အယူမှားသော ဒိဋ္ဌိသည်၊ ဆုတောင်းမှုသည်၊ ကိုယ်ချမ်းသာမှုအား၊ ကိုယ်ဆင်းရဲမှုအား၊ ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။*

အကုသိုလ်ကံသည် အကျိုးဝိပါက်စိတ်တို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ - ၁)*

အဗျာကတတရားသည် အဗျာကတတရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။*

၁။ အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယပစ္စည်း
၂။ အခြားမဲ့ အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်းနှင့်
၃။ ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတူပနိဿယ ပစ္စည်းဟူ၍ သုံးမျိုးရှိ၏။

*အာရမ္မဏူပနိဿယော*

အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယပစ္စည်းဟူသည်-

*အရဟာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ဖလဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို အလေးအမြတ်အာရုံပြု၍ *ပစ္စဝေက္ခတိ* ဆင်ခြင်၏။ နိဗ္ဗာန်ကို အလေးအမြတ်အာရုံပြု၍ *ပစ္စဝေက္ခတိ* ဆင်ခြင်၏။ နိဗ္ဗာန်သည် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ် ဟူသော ဖိုလ်လေးပါးအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနန္တရူပနိဿယော*

အခြားမဲ့ အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယ ပစ္စည်း ဟူသည် -

*ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ၊ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။*

ပုရိမာ ပုရိမာ ရှေးရှေး၌ဖြစ်ကုန်သော ဝိပါက် ကိရိယာဗျာကတနာမ်ခန္ဓာတို့သည် ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ ဖြစ်ကုန်သော ဝိပါက် ကိရိယာဗျာကတနာမ်ခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဘဝင်္ဂံ အာဝဇ္ဇနာယ။*

ဘဝင်စိတ်သည် မနောဒွါရာဝဇ္ဇန်းစိတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကိရိယံ ဝုဋ္ဌာနဿ။*

ကြိယာဇောစိတ်သည် ပထမတဒါရုံအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟတော အနုလောမံ ဖလသမာပတ္တိယာ။*

ရဟန္တာပုဂ္ဂိုလ်၏ အနုလောမဉာဏ်သည် ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတန ကိရိယံ ဖလသမာပတ္တိယာ ဥပနိဿယ-ပစ္စယေန ပစ္စယော။*

နိရောဓသမာပတ်မှ ထမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ နေဝသညာနာသညာ ကိရိယာစိတ်သည် ဖလသမာပတ်အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပကတူပနိဿယော*

ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုခြင်း ပကတူပနိဿယ ဟူသည်-

*ကာယိကံ သုခံ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

ကိုယ်ချမ်းသာခြင်းသုခသည် ကိုယ်ချမ်းသာခြင်းသုခနှင့် ကိုယ်ဆင်းရဲခြင်းဒုက္ခအားလည်းကောင်း၊ ဖလသမာပတ်အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကာယိကံ ဒုက္ခံ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။*

ကိုယ်ဆင်းရဲခြင်း ဒုက္ခသည် ကိုယ်ချမ်းသာခြင်းသုခနှင့် ကိုယ်ဆင်းရဲခြင်း ဒုက္ခအားလည်းကောင်း၊ ဖလသမာပတ်အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*<u>ဥတု ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။</u>*

အအေးအပူဥတုသည် ကိုယ်ချမ်းသာခြင်း သုခအားလည်းကောင်း၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခအားလည်းကောင်း၊ ဖလသမာပတ်အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*<u>ဘောဇနံ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယ-ပစ္စယေန ပစ္စယော။</u>*

အစာအာဟာရသည် ကိုယ်ချမ်းသာခြင်း သုခအားလည်းကောင်း၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခအားလည်းကောင်း၊ ဖလသမာပတ်အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*<u>သေနာသနံ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာ ပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။</u>*

ကျောင်း အိပ်ရာနေရာသည် ကိုယ်ချမ်းသာခြင်း သုခအားလည်းကောင်း ကိုယ်ဆင်းရဲခြင်း ဒုက္ခအားလည်းကောင်း ဖလသမာပတ်အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*<u>ကာယိကံ သုခံ ကာယိကံ ဒုက္ခံ ဥတုဘောဇနံ သေနာသနံ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။</u>*

ကိုယ်ချမ်းသာခြင်း သုခသည်၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခသည်၊ အအေးအပူ ဥတုသည်၊ အစာ အာဟာရသည်၊ အိပ်ရာနေရာသည်၊ ကိုယ်ချမ်းသာခြင်းအားလည်းကောင်း၊ ကိုယ်ဆင်းရဲခြင်းအားလည်းကောင်း၊ ဖလသမာပတ်အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*<u>ဖလသမာပတ္တိ ကာယိကဿ သုခဿ ဥပနိဿယပစ္စယေန ပစ္စယော။</u>*

ဖလသမာပတ်သည် ကိုယ်ချမ်းသာခြင်းသုခအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*<u>အရဟာ ကာယိကံ သုခံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။</u>*

ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်ချမ်းသာခြင်းသုခကိုမှီ၍ မဖြစ်ပေါ်သေးသော ကိရိယာသမာပတ်ကို ဖြစ်ပေါ်စေ၏၊ ဖြစ်ပေါ်ပြီးသော သမာပတ်ကို ဝင်စား၏။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှုပွား၏။

*<u>ကာယိကံ ဒုက္ခံ၊ ဥတုံ၊ ဘောဇနံ၊ သေနာသနံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။</u>*

ကိုယ်ဆင်းရဲခြင်း ဒုက္ခကို၊ အအေးအပူဥတုကို၊ အစာအာဟာရကို၊ အိပ်ရာနေရာကို အမှီပြု၍ မဖြစ်ပေါ်သေးသော ကိရိယာသမာပတ်ကို ဖြစ်ပေါ်စေ၏၊ ဖြစ်ပေါ်ပြီးသော သမာပတ်ကို ဝင်စား၏၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှုပွား၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ဗျာ၊ ကု - ၂)*
အဗျာကတတရားသည် ကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။*

၁။ အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယပစ္စည်း
၂။ အခြားမဲ့အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်းနှင့်
၃။ ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတူပနိဿယ ပစ္စည်းဟူ၍ သုံးမျိုးရှိ၏။

*အာရမ္မဏူပနိဿယော*

အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယ ဟူသည်မှာ -

*သေက္ခာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။*

ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော သေက္ခပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် ဆိုင်ရာဖိုလ်ကို အလေးအမြတ်အာရုံပြု၍ ဆင်ခြင်ကြကုန်၏။ နိဗ္ဗာန်ကို အလေးအမြတ်အာရုံပြု၍ ဆင်ခြင်ကြကုန်၏။ နိဗ္ဗာန်သည် သောတာပတ္တိမဂ်၏ ရှေ့၌ဖြစ်သော ဂေါတြဘုစိတ်အားလည်းကောင်း၊ အထက်မဂ်သုံးပါး၏ ရှေး၌ဖြစ်သော ဝေါဒါန်စိတ်အားလည်းကောင်း၊ မဂ်စိတ်အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနန္တရူပနိဿယော*

အခြားမဲ့အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယ ဟူသည် -

*အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် ကုသိုလ်နာမ်ခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပကတူပနိဿယော*

ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတူပနိဿယ ဟူသည် -

*ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

ကိုယ်ချမ်းသာခြင်းသုခကို အမှီပြု၍ အလှူဒါန ပေး၏။ သီလခံယူဆောက်တည် ကျင့်သုံး၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကိုဖြစ်ပေါ်စေ၏။ အဘိညာဉ်တန်ခိုးကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*ကာယိကံ ဒုက္ခံ၊ ဥတုံ၊ ဘောဇနံ၊ သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။*

ကိုယ်ဆင်းရဲခြင်းဒုက္ခကို၊ အအေးအပူဥတုကို၊ အစာအာဟာရကို၊ အိပ်ရာနေရာကို အမှီပြု၍ အလှူဒါနပေး၏။ သီလခံယူဆောက်တည် ကျင့်သုံး၏၊ ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်၏၊ ဈာန်ကို ဖြစ်ပေါ်စေ၏၊ ဝိပဿနာကို ဖြစ်ပေါ်စေ၏၊ မဂ်ကို ဖြစ်ပေါ်စေ၏။ အဘိညာဉ်တန်ခိုးကို ဖြစ်ပေါ်စေ၏၊ သမာပတ်ကို ဖြစ်ပေါ်စေ၏။

*ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော။*

ကိုယ်ချမ်းသာခြင်းသုခသည်၊ ကိုယ်ဆင်းရဲခြင်းဒုက္ခသည်၊ အအေးအပူဥတုသည်၊ အစာအာဟာရသည်၊ အိပ်ရာနေရာသည် သဒ္ဓါတရားတည်းဟူသော ယုံကြည်ခြင်းအား၊ သီလအား၊ အကြားအမြင်ဗဟုသုတအား၊ စွန့်ကြဲခြင်း စာဂအား၊ ဉာဏ်ပညာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*

အဗျာကတတရားသည် အကုသိုလ်တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။*

၁။ အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယပစ္စည်း
၂။ အခြားမဲ့အဆက်မပြတ် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အနန္တရူပနိဿယပစ္စည်းနှင့်
၃။ ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော ပကတူပနိဿယပစ္စည်း ဟူ၍ သုံးမျိုးရှိ၏။

*အာရမ္မဏူပနိဿယော*

အာရုံအားဖြင့် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အာရမ္မဏူပနိဿယပစ္စည်းဟူသည်-

*စက္ခုံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

မျက်စိအကြည်ကို အလေးအမြတ် အာရုံပြု၍ *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန်နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အလေးအမြတ် အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏။ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏၊

*သောတံ။ ပ။ ဃာနံ။ ပ။ ဇိဝှံ။ ပ။ ကာယံ။ ပ။ ရူပေ။ ပ။ သဒ္ဒေ။ ပ။ ဂန္ဓေ။ ပ။ ရသေ။ ပ။ ဖောဋ္ဌဗ္ဗေ။ ပ။ ဝတ္ထုံ။ ပ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။*

နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထု၊ ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတတို့နှင့်အတူ ဖြစ်ကုန်သော နာမ်ခန္ဓာတို့ကို အလေးအမြတ် အာရုံပြု၍ *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာမြတ်နိုး နှစ်သက်မှုကို အလေးအမြတ်အာရုံပြု၍ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာ၏။ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာ၏၊

*အနန္တရူပနိဿယော*

အခြားမဲ့အဆက်မပြတ် အားကြီးသောမှီရာအဖြစ်ကျေးဇူးပြုတတ်သော အနန္တရူပနိဿယ ပစ္စည်း ဟူသည် -

*အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် အကုသိုလ်နာမ်ခန္ဓာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပကတူပနိဿယော*

ပင်ကိုပကတိ သဘာဝအတိုင်း အားကြီးသောမှီရာအဖြစ် ကျေးဇူးပြုတတ်ခြင်း ဟူသည် -

*ကာယိကံ သုခံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။*

ကိုယ်ချမ်းသာမှုကို အားကြီးစွာအမှီပြု၍ *ပါဏံ ဟနတိ* သူ့အသက်ကို သတ်၏။ *အဒိန္နံ အာဒိယတိ* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ *မုသာ ဘဏတိ* လိမ်ညာသော စကားကို ပြော၏။ *ပိသုဏံ ဘဏတိ* ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏။ *ဖရုသံ ဘဏတိ* ကြမ်းတမ်းသောစကားကို ပြော၏။ *သမ္ဖံ ပလပတိ* အကျိုးမရှိသော စကားကို ပြော၏။ *သန္ဓိံ ဆိန္ဒတိ* အိမ်ခြံစည်းရိုးကို ချိုးဖောက်ဖျက်၏။ *နိလ္လောပံ ဟရတိ* ပုန်းအောင်း၍ ဆောင်ယူ၏ *ဧကာဂါရိကံ ကရောတိ*

တစ်အိမ်တည်း ဝိုင်းရံလုယက်မှုကို ပြု၏။ *ပရိပန္ထေ တိဋ္ဌတိ* လမ်းခရီး၌ ရပ်၏။ *ပရဒါရံ ဂစ္ဆတိ* သူ့မယားကို သွားလာဆက်ဆံ၏။ *ဂါမဃာတံ ကရောတိ* ရွာဖျက်ခြင်းကို ပြု၏။ *နိဂမဃာတံ ကရောတိ* နိဂုံး ဖျက်ဆီးခြင်းကို ပြု၏။ *မာတရံ ဇီဝိတာ ဝေါရောပေတိ* အမေကိုသတ်၏။ *ပိတရံ ဇီဝိတာ ဝေါရောပေတိ* အဖေကိုသတ်၏။ *အရဟန္တံ ဇီဝိတာ ဝေါရောပေတိ* ရဟန္တာကို သတ်၏။ *ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ* ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်ခြင်းကို ဖြစ်စေ၏။ *သံဃံ ဘိန္ဒတိ* သံဃာသင်းခွဲ၏။

*<u>ကာယိကံ ဒုက္ခံ  ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရော ပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။</u>*

ကိုယ်ဆင်းရဲခြင်းကို အားကြီးစွာအမှီပြု၍ *ပါဏံ ဟနတိ* သူ့အသက်ကို သတ်၏။ *အဒိန္နံ အာဒိယတိ* ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ *မုသာ ဘဏတိ* လိမ်ညာသော စကားကို ပြော၏။ *ပိသုဏံ ဘဏတိ* ကုန်းတိုက် ချောပြစ်သော စကားကို ပြော၏။ *ဖရုသံ ဘဏတိ* ကြမ်းတမ်းသောစကားကို ပြော၏။ *သမ္ဖံ ပလပတိ* အကျိုးမရှိသော စကားကို ပြော၏။ *သန္ဓိံ ဆိန္ဒတိ* အိမ်ခြံစည်းရိုးကို ချိုးဖောက် ဖျက်၏။ *နိလ္လောပံ ဟရတိ* ပုန်းအောင်း၍ ဆောင်ယူ၏။ *ဧကာဂါရိကံ ကရောတိ* တစ်အိမ်တည်း ဝိုင်းရံလုယက်မှုကို ပြု၏။ *ပရိပန္ထေ တိဋ္ဌတိ* လမ်းခရီး၌ ရပ်၏။ *ပရဒါရံ ဂစ္ဆတိ* သူ့မယားကို သွားလာဆက်ဆံ၏။ *ဂါမဃာတံ ကရောတိ* ရွာကိုဖျက်၏။ *နိဂမဃာတံ ကရောတိ* ရွာကြီးကိုဖျက်စီး၏။ *မာတရံ ဇီဝိတာ ဝေါရောပေတိ* အမေကိုသတ်၏။ *ပိတရံ ဇီဝိတာ ဝေါရောပေတိ* အဖေကိုသတ်၏။ *အရဟန္တံ ဇီဝိတာ ဝေါရောပေတိ* ရဟန္တာကို သတ်၏။ *ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ* ပြစ်မှားလိုသောစိတ်ဖြင့် မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်ခြင်းကို ဖြစ်စေ၏။ *သံဃံ ဘိန္ဒတိ* သံဃာသင်းခွဲ၏။

*<u>ဥတုံ။ ပ။ ဘောဇနံ။ ပ။ သေနာသနံ ဥပနိဿာယ ပါဏံ ဟနတိ(သံခိတ္တံ။) သံဃံ ဘိန္ဒတိ။ ကာယိကံ သုခံ ကာယိကံ ဒုက္ခံ ဥတု ဘောဇနံ သေနာသနံ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ၊ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။</u>*

အအေးအပူဥတုကို။ အစာအာဟာရကို။ အိပ်ရာနေရာကို အမှီပြု၍ သူ့အသက်ကို သတ်သည်။ (အကျဉ်းမျှသာ ဖော်ပြလိုက်ပါသည်။ အကျယ်ကို သိနိုင်လေပြီ။)

## ဥပနိဿယပစ္စည်း

**၁။ <u>အာရမ္မဏူပနိဿယ</u>**သည် နာမ်တရား၊ ရုပ်တရားနှင့် နိဗ္ဗာန်တရားတို့က နာမ်တရားကို ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။ Mind matter and Nibbana to mind.
ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသော အကျိုးတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်းနှင့် အားလုံး တူညီပါသည်။

**၂။ <u>အနန္တရူပနိဿယ</u>**
အနန္တရပစ္စည်းသည် နာမ်တရားက နာမ်တရားကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။ Mind to mind.
ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသော အကျိုးတရားတို့သည် အနန္တရပစ္စည်းနှင့် အားလုံး တူညီပါသည်။

**၃။ <u>ပကတူပနိဿယော</u>**
နာမ်တရားနှင့် ပညတ်တရားက နာမ်တရားကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။ Mind and pannatti to mind.
ပစ္စယဟူသောအကြောင်းတရားမှာ - ဗလဝဖြစ်သော စိတ်-၈၉ပါး၊ စေတသိက်-၅၂ပါး၊ ပညတ်တို့ ဖြစ်သည်။
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ်-၈၉ပါးနှင့် စေတသိက်-၅၂ပါးတို့ ဖြစ်သည်။

အာရမ္မဏူပနိဿယ၏ သင်္ချာမှာ - ၇ ဖြစ်သည်၊ အနန္တရူပနိဿယ သင်္ချာမှာ - ၇ ဖြစ်ပြီး၊
ပကတူပနိဿယ၏ သင်္ချာမှာ - ၉ ဖြစ်သည်၊
ဥပနိဿယပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၉ ဖြစ်၏။ (ဥပနိဿရေ နဝ)
ဥပနိဿယပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်သည်။ အလွန်ကျယ်ဝန်းသော ပစ္စည်းဖြစ်သဖြင့်
အာရမ္မဏူပနိဿယနှင့် ပကတူပနိဿယတို့သည် ဥပနိဿယပစ္စည်း၌ အကျုံးဝင်သည်။

## ၁၀-ပုရေဇာတပစ္စယော

*၄၂၄။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*
အဗျာကတတရားသည် အဗျာကတတရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။*
ပုရေဇာတပစ္စည်းတွင် -
၁။ ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် အာရုံ (Object) ဟူသော အာရမ္မဏ ပုရေဇာတပစ္စည်းနှင့်
၂။ ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် မှီရာ (Base) ဟူသော ဝတ္ထုပုရေဇာတ ပစ္စည်းဟူ၍ နှစ်မျိုးရှိ၏။




*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*
အဗျာကတတည်းဟူသော အကြောင်းဓမ္မသည် အဗျာကတတည်းဟူသော အကျိုးဓမ္မအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> Number ten is Purejata Paccaya. ‘Pure’ means before. ‘Jata’ means arisen. So ‘Purejata’ means those that have arisen before, arisen before and still existing at the time.

*အာရမ္မဏပုရေဇာတံ*
ထိုနှစ်မျိုးတို့တွင် ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် အာရုံဟူသော အာရမ္မဏ ပုရေဇာတပစ္စည်းဟူသည် -

*အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။*
ရဟန္တာပုဂ္ဂိုလ်သည် မျက်စိအကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာရှု၏။

*သောတံ။ ပ။ ဃာနံ။ ပ။ ဇိဝှံ။ ပ။ ကာယံ။ ပ။ ရူပေ။ ပ။ သဒ္ဒေ။ ပ။ ဂန္ဓေ။ ပ။ ရသေ။ ပ။ ဖောဋ္ဌဗ္ဗေ။ ပ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊*
နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထုကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရအနတ္တဟု ဝိပဿနာရှု၏။

*ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။*
ဒိဗ္ဗစက္ခုအဘိညာဉ်ဟူသော အဘိညာဉ်မျက်စိဖြင့် ရုပ်အဆင်းကို မြင်၏။ ဒိဗ္ဗသောတဟူသော အဘိညာဉ်နားဖြင့် အသံကို ကြား၏။

*ရူပါယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတ-ဝိညာဏဿ။ ပ။ ဂန္ဓာယတနံ ဃာနဝိညာဏဿ။ ပ။ ရသာယတနံ ဇိဝှါဝိညာဏဿ။ ပ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။*

အဆင်း ရူပါရုံသည် မြင်သိစိတ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အသံ သဒ္ဒါရုံသည် ကြားသိစိတ်အား၊ အနံ့ ဂန္ဓာရုံသည် နံသိစိတ်အား၊ အရသာ ရသာရုံသည် အရသာသိစိတ်အား၊ အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံသည် ထိသိစိတ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထုပုရေဇာတံ*

ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် မှီရာ (Base)ဟူသော ဝတ္ထုပုရေဇာတပစ္စည်း ဟူသည် -

*စက္ခာယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဿ။ ပ။ ဃာနာယတနံ ဃာနဝိညာဏဿ။ ပ။ ဇိဝှါယတနံ ဇိဝှါဝိညာဏဿ။ ပ။ ကာယာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။*

*စက္ခုပသာဒ* မျက်စိအကြည်ရုပ်သည် မြင်သိစိတ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ *သောတပသာဒ* နားအကြည်ရုပ်သည် ကြားသိစိတ်အား၊ *ဃာနပသာဒ* နှာခေါင်းအကြည်ရုပ်သည် နံသိစိတ်အား၊ *ဇိဝှါပသာဒ* လျှာအကြည်ရုပ်သည် အရသာသိစိတ်အား၊ *ကာယပသာဒ* ကိုယ်အကြည်ရုပ်သည် ထိသိစိတ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။*

မှီရာဝတ္ထုရုပ်သည် ဝိပါက်ကိရိယာ အဗျာကတဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ*, *သညာက္ခန္ဓာ*, *သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၁)*

အဗျာကတတရားသည် ကုသိုလ်တရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။*

၁။ ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် အာရုံဟူသော အာရမ္မဏပုရေဇာတ ပစ္စည်းနှင့်

၂။ ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် မှီရာဟူသော ဝတ္ထုပုရေဇာတပစ္စည်း ဟူ၍ နှစ်မျိုးရှိ၏။

*အာရမ္မဏပုရေဇာတံ*

ထိုနှစ်မျိုးတို့တွင် ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် အာရုံဟူသောအာရမ္မဏ ပုရေဇာတပစ္စည်းဟူသည် -

*သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ။ ပ။ ဃာနံ။ ပ။ ဇိဝှံ။ ပ။ ကာယံ။ ပ။ ရူပေ။ ပ။ သဒ္ဒေ။ ပ။ ဂန္ဓေ။ ပ။ ရသေ။ ပ။ ဖောဋ္ဌဗ္ဗေ။ ပ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။*

ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ဝိပဿနာတရား အားထုတ်ကြသည့် ပုထုဇဉ် ယောဂီပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ မျက်စိအကြည်ကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရအနတ္တဟု ဝိပဿနာရှုကြကုန်၏။ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထုကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာရှုကြကုန်၏။

*ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။*

ဒိဗ္ဗစက္ခုအဘိညာဉ်ဟူသော အဘိညာဉ်မျက်စိဖြင့် ရုပ်အဆင်းကို မြင်၏၊ ဒိဗ္ဗသောတဟူသော အဘိညာဉ်နားဖြင့် အသံကိုကြား၏။

*ဝတ္ထုပုရေဇာတံ ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။*

မှီရာဝတ္ထုရုပ်သည် ကုသိုလ်နာမ်ခန္ဓာတို့အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*

အဗျာကတတရားသည် အကုသိုလ်တရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

*အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။*

၁။ ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် အာရုံဟူသော အာရမ္မဏပုရေဇာတ ပစ္စည်းနှင့်

၂။ ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် မှီရာဟူသော ဝတ္ထုပုရေဇာတပစ္စည်း ဟူ၍ နှစ်မျိုးရှိ၏။

*အာရမ္မဏပုရေဇာတံ*

ပစ္စယုပ္ပန်အကျိုးတရားများမဖြစ်မီ ရှေးကဖြစ်နှင့်သည့် အာရုံဟူသော အာရမ္မဏပုရေဇာတပစ္စည်း ဟူသည် -

*စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

မျက်စိအကြည်ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်၏။ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်၏၊ စိတ်နှလုံး မသာယာမှု ဖြစ်၏။

*သောတံ။ ပေ။ ဃာနံ။ ပေ။ ဇိဝှံ။ ပေ။ ကာယံ။ ပေ။ ရူပေ။ ပေ။ သဒ္ဒေ။ ပေ။ ဂန္ဓေ။ ပေ။ ရသေ။ ပေ။ ဖောဋ္ဌဗ္ဗေ။ ပေ။ ဝတ္ထုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ နှလုံးသားတည်ရာဝတ္ထုတို့ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန်နှစ်သက်၏၊ ထိုသို့ သာယာမြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်၏။ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်၏၊ စိတ်နှလုံး မသာယာခြင်း ဖြစ်၏။

*ဝတ္ထုပုရေဇာတံ ဝတ္ထု အကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။*

မှီရာဝတ္ထုရုပ်သည် အကုသိုလ်နာမ်ခန္ဓာတို့အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပုရေဇာတပစ္စည်း**

ပုရေဇာတပစ္စည်းသည် ရုပ်တရားက နာမ်တရား (Matter to mind)ကို ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။

**၁။ ဝတ္ထုပုရေဇာတ**

(က) ရုပ်တရားက နာမ်တရား Matter to mind ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသောအကြောင်းတရားမှာ - ဝတ္ထုရုပ်-၆ပါးဖြစ်သည်။
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - အရူပဝိပါက်-၄ပါး ကြဉ်သောစိတ်-၈၅ပါးနှင့် စေတသိက်-၅၂ ပါးတို့ ဖြစ်သည်။

**၂။ အာရမ္မဏပုရေဇာတ**

(ခ) ရုပ်တရားက နာမ်တရား Matter to mind ကို ကျေးဇူးပြုရာတွင် -
ပစ္စယဟူသောအကြောင်းတရားမှာ - ပစ္စုပ္ပန်နိပ္ဖန္နရုပ် - ၁၈ပါး တို့ ဖြစ်သည်။
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ကာမစိတ်-၅၄ ပါး၊ ဒိဗ္ဗစက္ခုအဘိညာဏ်နှင့် ဒိဗ္ဗသောတ အဘိညာဏ် ၂-ပါးတို့ ဖြစ်သည်။

ပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၃ ဖြစ်၏။ (ပုရေဇာတေ တိဏိ)
ဝတ္ထုပုရေဇာတမျိုး (၆) ပါးရှိ၏။

၁။ ဝတ္ထုပုရေဇာတနိဿယ၊ ၂။ ဝတ္ထုပုရေဇာတ၊ ၃။ ပုရေဇာတိန္ဒြိယ၊
၄။ ပုရေဇာတဝိပ္ပယုတ္တ၊ ၅။ ပုရေဇာတတ္ထိနှင့် ၆။ ပုရေဇာတအဝိဂတတို့ ဖြစ်ပါသည်။

## ၁၁–ပစ္ဆာဇာတပစ္စယော

၄၂၅။ <u>*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။*</u> *(ကု၊ ဗျာ-၁)*
ကုသိုလ်တရားသည် အဗျာကတတရားအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

<u>*ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။*</u>
*ပစ္ဆာဇာတာ* နောက်၌ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော ကုသိုလ်နာမ်ခန္ဓာတို့သည် ပုရေဇာတဿ ရှေးကဖြစ်သော ဤကိုယ်အား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




<u>*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၁)*</u>
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် အဗျာကတတည်းဟူသော အကျိုးဓမ္မအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Number eleven is Pacchajata Paccaya. ‘ Paccha’ means after, so that arises later, that arises after, something that arises later and supports something that has been ther.

<u>*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။*</u> *(အကု၊ ဗျာ-၁)*
အကုသိုလ်တရားသည် အဗျာကတတရားအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

<u>*ပစ္ဆာဇာတာ အကုသလာခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။*</u>
*ပစ္ဆာဇာတာ* နောက်၌ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော အကုသိုလ်နာမ်ခန္ဓာတို့သည် ဤကိုယ်အား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

<u>*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။*</u> *(ဗျာ၊ ဗျာ-၁)*
အဗျာကတတရားသည် အဗျာကတတရားအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။*

ပစ္ဆာဇာတာ နောက်၌ဖြစ်သော ဝိပါက်ဗျာကတ ကိရိယာအဗျာကတဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့သည် ပုရေဇာတာ ရှေးကဖြစ်သော ဤကိုယ်အား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ပစ္ဆာဇာတပစ္စည်း**

ပစ္ဆာဇာတပစ္စည်းသည် နာမ်တရားက ရုပ်တရား (Mind to matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ပစ္စယဟူသောအကြောင်းတရားမှာ - အရူပဝိပါက်-၄ခု ကြဉ်သောစိတ်-၈၅ ပါးနှင့် စေတသိက်-၅၂ ပါးတို့ ဖြစ်သည်။


ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ပဋိသန္ဓေအစရှိသော (ဝုဋ္ဌောမနောဒွါရဝဇ္ဇန်း) အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဧကဇ၊ ဒွိဇ၊ တိဇ၊ စတုဇကာယ တို့ဖြစ်သည်။

ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၃ ဖြစ်၏။ (ပစ္ဆာဇာတေ တီဏိ)
ပစ္ဆာဇာတမျိုး (၄) ပါးရှိသည်။
၁။ ပစ္ဆာဇာတ၊ ၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ၃။ ပစ္ဆာဇာတတ္ထိနှင့် ၄။ ပစ္ဆာဇာတအဝိဂတတို့ ဖြစ်ပါသည်။

## ၁၂-အာသေဝနပစ္စယော

*၄၂၆။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကိုသိုလ်တရားအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။*
ရှေးရှေး၌ ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့သည်၊ နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ (ကု၊ ကု -၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Number twelve is Asevana Paccaya . repetition condition. Asevana means repetition, doing something again and again. It is compared to previous learning. You learn something now and then later some other thing. The first learning reinforces your second learning. The second learning reinforces the thirdlearning and so on.

*အနုလောမံ ဂေါတြဘုဿ အာသေဝနပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘူဉာဏ်အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ ဝေါဒါနဿ အာသေဝနပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှ ဖြူစင်သော ဝေါဒါန်အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဂေါတြဘု မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော။*
သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘူဉာဏ်သည် သောတာပတ္တိမဂ်အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော။*

သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီးကိလေသာမှ စင်ကြယ်သော ဝေါဒါန်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။*

ရှေးရှေး၌ ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့သည်၊ နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာကတတရားအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။*

*ပုရိမာ ပုရိမာ* ရှေးရှေး၌ဖြစ်ကုန်သော ကိရိယာအဗျာကတ နာမ်ခန္ဓာလေးပါးတို့သည် *ပစ္ဆိမာနံ ပစ္ဆိမာနံ* နောက်နောက်၌ဖြစ်ကုန်သော ကိရိယာအဗျာကတ နာမ်ခန္ဓာလေးပါးတို့အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာသေဝနပစ္စည်း**

အာသေဝနပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to mind) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။


ပစ္စယဟူသောအကြောင်းတရားမှာ - အဆုံးဇောကြဉ်သော ရှေးရှေးသောလောကီဇော-၄၇ပါးနှင့် စေတသိက်-၅၂ပါး
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ- ပထမဇော၊ ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော-၅၁ ပါးနှင့် စေတသိက်-၅၂ပါး

အာသေဝနပစ္စည်း၏ သုဒ္ဓသချာမှာ - ၃ဖြစ်၏။ (အာသေဝနေ တီဏိ)
အာသေဝနပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်သည်။

## ၁၃–ကမ္မပစ္စယော

*၄၂၇။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။*
ကုသိုလ်ဖြစ်သော စေတနာဟူသည့် စေ့ဆော်ခြင်းသဘောသည် ယှဉ်၍ဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (ကု၊ ကု -၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> There are two varieties of Kamma Paccaya: Sahajata-kamma Paccaya and Nanakkhanika - kamma Paccaya. Nanakkhanika has the meaning of different times or different moments. 'Sahajata' means the same moment.

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)*
ကုသိုလ်တရားသည် အဗျာကတတရားအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတာ၊ နာနာက္ခဏိကာ*
ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာတွင် နှစ်မျိုးရှိ၏။ ၎င်းတို့မှာ-
၁။ ကံနှင့်ကံ၏အကျိုး အတူတကွဖြစ်ကာ အကျိုးပေးတတ်သော သဟဇာတစေတနာကံနှင့်
၂။ ကံပြုသည့်ကာလနှင့် အကျိုးပေးသည့်ကာလ မတူညီသော အခိုက်အတန့်များ၌ဖြစ်ကာ သီးခြားစီ အကျိုးပေးတတ်သော နာနာက္ခဏိကစေတနာကံဟူ၍ နှစ်မျိုးရှိ၏။

*သဟဇာတာ ကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။*
သဟဇာတကုသိုလ်စေတနာသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။*
နာနာက္ခဏိက ကုသိုလ်စေတနာသည် အကျိုးဝိပါက်ဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)*

ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း အဗျာကတတရားအားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။*

ကုသိုလ်စိတ်နှင့် ယှဉ်၍ဖြစ်သည့် စေတနာဟူသော စေ့ဆော်ခြင်းသဘောသည် ယှဉ်၍ဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့ အားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။

အကုသိုလ် စိတ်နှင့်ယှဉ်၍ဖြစ်သည့် စေတနာဟူသောစေ့ဆော်ခြင်း သဘောသည် ယှဉ်၍ဖြစ်ကုန်သော နာမ်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*

အကုသိုလ်တရားသည် အဗျာကတတရားအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတာ၊ နာနာက္ခဏိကာ။*

၁။ ကံနှင့်ကံ၏အကျိုး အတူတကွဖြစ်ကာအကျိုးပေးတတ်သော သဟဇာတစေတနာကံနှင့်
၂။ ကံပြုသည့်ကာလနှင့် အကျိုးပေးသည့်ကာလ မတူညီသောအခိုက်အတန့်များ၌ဖြစ်ကာ သီးခြားစီ အကျိုးပေးတတ်သော နာနာက္ခဏိကစေတနာကံဟူ၍ နှစ်မျိုးရှိ၏။

*သဟဇာတာ အကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။*

သဟဇာတအကုသိုလ် စေတနာသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နာနာက္ခဏိကာ အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။*

နာနာက္ခဏိက အကုသိုလ်စေတနာတို့သည် အကျိုးဝိပါက်ဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၃)*

အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။*

အကုသိုလ်စိတ်၌ယှဉ်သည့် စေတနာဟူသော စေ့ဆော်ခြင်းသဘောသည် ယှဉ်၍ဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာကတတရားအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတာ ကိရိယာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။*

ဝိပါက်ဗျာကတ ကိရိယာအဗျာကတတို့၌ရှိသော စေတနာသည် ယှဉ်၍ဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။*

ပဋိသန္ဓေအခါကာလတွင် ပဋိသန္ဓေ ဝိပါက်စိတ်၌ရှိသော စေတနာသည် ဝိပါက်နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည်။

*စေတနာ ဝတ္ထုဿ ကမ္မပစ္စယေန ပစ္စယော။*

စေတနာဟူသော စေ့ဆော်ခြင်းသဘောသည် ဟဒယဝတ္ထုရုပ်အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ကမ္မပစ္စည်း**

ကမ္မပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to mind-matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

**၁။ သဟဇာတကမ္မ**

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် - ၈၉ ပါးရှိ စေတနာတို့ ဖြစ်သည်။

ပစ္စယုပ္ပန်ဟူသော အကျိုးတရားမှာ - စိတ် - ၈၉ပါး၊ စေတနာကြဉ်သော စေတသိက်-၅၁ ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့ ဖြစ်သည်။

**၂။ နာနာက္ခဏိကကမ္မ**

ပစ္စယဟူသော အကြောင်းတရားမှာ - ကုသိုလ်၊ အကုသိုလ်ရှိ စေတနာတို့ ဖြစ်သည်။


ပစ္စယုပ္ပန်ဟူသော အကျိုးတရားမှာ - ဝိပါက်စိတ်-၃၆ပါး၊ စေတသိက်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၇ ဖြစ်၏။ (ကမ္မေ သတ္တ) ကမ္မပစ္စည်းသည် သဟဇာတ, အနန္တရ (၂)မျိုး၌ ပါဝင်၏။ ယင်းကမ္မပစ္စည်းသည် အရာကျယ်လှသော ပစ္စည်းကြီးပေတည်း။

## ၁၄–ဝိပါကပစ္စယော

၄၂၈။ *အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါကပစ္စယေန ပစ္စယော။* (ဗျာ၊ ဗျာ-၁)
အဗျာကတတရားသည် အဗျာကတတရားအား ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။*
ဝိပါက်အဗျာကတဖြစ်သော တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါကပစ္စယေန ပစ္စယော။* (ဗျာ၊ ဗျာ-၁)
အဗျာကတတည်းဟူသော အကြောင်းဓမ္မသည် ကဗျာကတတည်းဟူသော အကျိုးဓမ္မအား ဝိပါကပစ္စသတ္တိဖြင့် ကျေးဇူးပြု၏။

> Vipaka Paccaya. Since it is resultant. We must take only the resultant types of consciousness. It is compared to relaxing in the breeze. That means there is no activity. Vipakas are the results that are produced by causes, produced by volition and so on. They have no activity of their own.

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။*
တယော ခန္ဓာ သုံးပါးသော နာမ်ခန္ဓာတို့သည် ဧကဿ ခန္ဓဿ တစ်ပါးသော နာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။*
နှစ်ပါးသော နာမ်ခန္ဓာတို့သည် နှစ်ပါးသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။*

ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်သော ဧကော ခန္ဓော နာမ်ခန္ဓာတစ်ပါးသည် တိဏ္ဏန္နံ ခန္ဓာနံ နာမ်ခန္ဓာသုံးပါးတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။*

တယော ခန္ဓာ သုံးပါးသောနာမ်ခန္ဓာတို့သည် ဧကဿ ခန္ဓဿ တစ်ပါးသော နာမ်ခန္ဓာအား လည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။*

ဒွေ နှစ်ပါးသော နာမ်ခန္ဓာတို့သည် ဒွိန္နံ ခန္ဓာနံ နှစ်ပါးသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ခန္ဓာ ဝတ္ထုဿ ဝိပါကပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာလေးပါးတို့သည် မှီရာဟဒယဝတ္ထုရုပ်အား ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဝိပါကပစ္စည်း**

ဝိပါကပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to mind-matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ပစ္စယဟူသောအကြောင်းတရားမှာ - ဝိပါက်စိတ် - ၃၆ပါး၊ စေတသိက်-၃၈ပါး (ပဥ္စဝေါကာရပဋိသန္ဓေ - ၁၅ ပါး၊ စေတသိက် ၃၅ပါး) တို့ ဖြစ်သည်။


ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ဝိပါကစိတ် - ၃၆ပါး၊ စေတသိက်-၃၈ပါးနှင့် စိတ္တဇရုပ်တို့ ဖြစ်သည်။

ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ချာမှာ -၁ ဖြစ်၏။
(ဝိပါကေ ဧကံ) ဝိပါကပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်သည်။

## ၁၅-အာဟာရပစ္စယော

၄၂၉။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)
ကုသိုလ်တရားသည် ကုသိုလ်တရားအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။
ကုသိုလ်စိတ်နှင့် ယှဉ်သည့် ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့သည် အတူယှဉ်၍ဖြစ်ကုန်သော စိတ် စေတသိက် နာမ်ခန္ဓာတို့အား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> Number fifteen is Ahara Paccaya, nutriment condition. Ahara is compared to supporting poles. Ahara is like supporting poles. It supports what has already been there. There are four Aharas. The four Aharas are food, contact, volition and mind. These four are called Ahara. Ahara is of two kinds-physical nutriment and mental nutriment. Food is physical nutriment. Contact, volition and consciousness are mental nutriment.

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)
ကုသိုလ်တရားသည် အဗျာကတတရားအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။
ကုသိုလ်စိတ်နှင့် ယှဉ်သည့် ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)
ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

ကုသိုလ်စိတ်နှင့် ယှဉ်သည့် *ဖဿ၊ စေတနာ၊ ဝိညာဏ်*ဟူသော နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့သည် အတူယှဉ်၍ဖြစ်ကုန်သော စိတ် စေတသိက် နာမ်ခန္ဓာတို့အားလည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*
အကုသိုလ်တရားသည် အကုသိုလ်တရားအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။*
အကုသိုလ်စိတ်နှင့် ယှဉ်သည့် *ဖဿ၊ စေတနာ၊ ဝိညာဏ်*ဟူသော နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့သည် အတူယှဉ်၍ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*
အကုသိုလ်တရားသည် အဗျာကတတရားအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။*
အကုသိုလ်စိတ်နှင့် ယှဉ်သည့် *ဖဿ၊ စေတနာ၊ ဝိညာဏ်*ဟူသော နာမ်အာဟာရသုံးပါး ပစ္စည်းတရားတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရ ပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၃)*
အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။*
အကုသိုလ်စိတ်နှင့် ယှဉ်သည့် *ဖဿ၊ စေတနာ၊ ဝိညာဏ်*ဟူသော နာမ်အာဟာရသုံးပါးပစ္စည်းတရားတို့သည် အတူယှဉ်၍ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*
အဗျာကတတရားသည် အဗျာကတတရားအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတာ ကိရိယာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။*

ဝိပါက်ကိရိယာစိတ်နှင့်ယှဉ်သော နာမ်အာဟာရ ပစ္စည်းတရားသုံးပါးတို့သည် အတူယှဉ်သော စိတ် စေတသိက် နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။*

ပဋိသန္ဓေအခါ ဝိပါက်အဗျာကတဖြစ်သော နာမ်အာဟာရသုံးပါးတို့သည် ယှဉ်ဘက် နာမ်ခန္ဓာတို့အား လည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။*

စားသောက်ဝါးမြိုသောကြောင့်ဖြစ်သည့် အဆီအနှစ် ဩဇာဟူသော အာဟာရသည် ကံ၊ စိတ်၊ ဥတုနှင့် အာဟာရဟူသော အကြောင်းတို့ကြောင့်ဖြစ်သော ဤကိုယ်ကာယအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အာဟာရပစ္စည်း**

**၁။ ရုပ်အာဟာရ**

ရုပ်တရားက ရုပ်တရား (Matter to matter) ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသောအကြောင်းတရားမှာ - စတုသမုဋ္ဌာနိကရုပ်၌ရှိသော ဩဇာဖြစ်ပါသည်။

ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စတုသမုဋ္ဌာနိကရုပ် (ကံ၊ စိတ်၊ ဥတု၊ အာဟာရ) တို့ကြောင့် ဖြစ်သည့် မဟာဘုတ်-၄ပါးဖြင့်ပြီးသည့် ရုပ်ကိုယ်ခန္ဓာတို့ ဖြစ်ပါသည်။

**၂။ နာမ်အာဟာရ**

နာမ်တရားက နာမ်-ရုပ်တရား (Mind to mind-matter) ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသောအကြောင်းတရားမှာ - ဖဿ၊ စေတနာ၊ ဝိညာဏ်ဟုဆိုအပ်သော နာမ်အာဟာရ-၃ပါးတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ်-၈၉ပါး၊ စေတသိက်-၅၂ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

အာဟာရပစ္စည်း၏ သုဒ္ဓသချာမှာ - ၇ ဖြစ်၏။ (အာဟာရေ သတ္တ)
ရုပ်အာဟာရပစ္စည်းမျိုး (၃)ပါးရှိသည်။
၁။ ရုပ်အာဟာရ၊ ၂။ ရုပ်အာဟာရတ္ထိနှင့် ၃။ ရုပ်အာဟာရအဝိဂတတို့ ဖြစ်ပါသည်။

## ၁၆–ဣန္ဒြိယပစ္စယော

*၄၃၀။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*
ကုသိုလ်စိတ်၌ရှိသော ၁- နာမ်ဇီဝိတိန္ဒြေ၊ ၂- စိတ်၊ ၃- ဝေဒနာ၊ ၄-သဒ္ဓါ၊ ၅- ဝီရိယ၊ ၆- သတိ၊ ၇- သမာဓိ နှင့် ၈- ပညာတည်း ဟူသော နာမ်ဣန္ဒြေရှစ်ပါးတို့သည် အတူယှဉ်၍ဖြစ်သော နာမ်ခန္ဓာ-လေးပါးတို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Number sixteen, Indriya is faculty or exercising power. There are 22 Indriyas or faculties.. Among them twenty are taken as Indriya Paccaya, faculty condition. Indriya is compared to regional chiefs or ministers as opposed to a universal king or prime minister. The ministers have authority over respective departments , not over everything. In the same way, each Indriya can exercise authority in its own field. For example, eye faculty exercises authority over seeing, not over hearing and so on.

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)*
ကုသိုလ်တရားသည် အဗျာကတတရားအား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*
ကုသိုလ်စိတ်၌ရှိသော ၁-နာမ်ဇီဝိတိန္ဒြေ၊ ၂- စိတ်၊ ၃- ဝေဒနာ၊ ၄-သဒ္ဓါ၊ ၅- ဝီရိယ၊ ၆- သတိ၊ ၇- သမာဓိ နှင့် ၈- ပညာတည်းဟူသော နာမ်ဣန္ဒြေရှစ်ပါးတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)*
ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*

ကုသိုလ်စိတ်၌ရှိသော ၁-နာမ်ဇီဝိတိန္ဒြေ၊ ၂- စိတ်၊ ၃- ဝေဒနာ၊ ၄- သဒ္ဓါ၊ ၅- ဝီရိယ၊ ၆- သတိ၊ ၇- သမာဓိ နှင့် ၈- ပညာတည်းဟူသော နာမ်ဣန္ဒြေရှစ်ပါးတို့သည် အတူယှဉ်၍ဖြစ်သော နာမ်ခန္ဓာလေးပါးတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*

အကုသိုလ်စိတ်၌ရှိသော ၁-နာမ်ဇီဝိတိန္ဒြေ၊ ၂- စိတ်၊ ၃- ဝေဒနာ၊ ၄-ဝီရိယနှင့် ၅- သမာဓိတည်းဟူသော နာမ်ဣန္ဒြေငါးပါးတို့သည် အတူယှဉ်၍ဖြစ်သော နာမ်ခန္ဓာလေးပါးတို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*

အကုသိုလ်တရားသည် အဗျာကတတရားအား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*

အကုသိုလ်စိတ်၌ရှိသော ၁-နာမ်ဇီဝိတိန္ဒြေ၊ ၂- စိတ်၊ ၃- ဝေဒနာ၊ ၄-ဝီရိယနှင့် ၅- သမာဓိတည်းဟူသော နာမ်ဣန္ဒြေငါးပါးတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၃)*

အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*

အကုသိုလ်စိတ်၌ရှိသော ၁- နာမ်ဇီဝိတိန္ဒြေ၊ ၂- စိတ်၊ ၃- ဝေဒနာ၊ ၄-ဝီရိယနှင့် ၅- သမာဓိတည်းဟူသော နာမ်ဣန္ဒြေငါးပါးတို့သည် အတူယှဉ်၍ဖြစ်သော နာမ်ခန္ဓာလေးပါးတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*
အဗျာကတတရားသည် အဗျာကတတရားအား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*
ဝိပါက်ကိရိယာ အဗျာကတဖြစ်ကုန်သော နာမ်ဣန္ဒြေရှစ်ပါးတို့သည် အတူယှဉ်၍ဖြစ်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*
ပဋိသန္ဓေအခါ ဝိပါက်အဗျာကတဖြစ်သော နာမ်ဣန္ဒြေရှစ်ပါးတို့သည် အတူယှဉ်ဖက် နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*စက္ခုန္ဒြိယံ စက္ခုဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။*
မျက်စိအကြည်ကို အစိုးရသော *စက္ခုပသာဒ* မျက်စိအကြည်ရုပ်သည် စက္ခုဝိညာဏ်မြင်သိစိတ် အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သောတိန္ဒြိယံ သောတဝိညာဏဿ။ ပ။ ဃာနိန္ဒြိယံ ဃာနဝိညာဏဿ။ ပ။ ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဿ။ ပ။ ကာယိန္ဒြိယံ ကာယဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။*
*သောတပသာဒ* နားအကြည်ရုပ်သည် *သောတဝိညာဏ* ကြားသိစိတ်အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပ။ *ဃာနပသာဒ* နှာခေါင်းအကြည်ရုပ်သည် *ဃာနဝိညာဏ* နံသိစိတ်အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ *ဇိဝှါပသာဒ* လျှာအကြည်ရုပ်သည် *ဇိဝှါဝိညာဏ* အရသာသိစိတ်အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။။ ပ။ *ကာယပသာဒ* ကိုယ်အကြည်ရုပ်သည် *ကာယဝိညာဏ* ကိုယ်အထိအတွေ့သိစိတ်အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။*
ရုပ်၏အသက်ဖြစ်သော ရုပ်ဇီဝိတိန္ဒြေသည် ပဋိသန္ဓေကမ္မဇရုပ်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## ဣန္ဒြိယပစ္စည်း

**<u>၁။ ဝတ္ထုပုရေဇာတိန္ဒြိယ</u>**

ရုပ်တရားကနာမ်တရား Matter to mind ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသောအကြောင်းတရားမှာ - ၁။ စက္ခုပသာဒမျက်စိအကြည်ရုပ်၊ ၂။သောတပသာဒနားအကြည်ရုပ်၊ ၃။ ဃာနပသာဒနှာခေါင်းအကြည်ရုပ်၊ ၄။ ဇိဝှါပသာဒလျှာအကြည်ရုပ်နှင့် ၅။ ကာယပသာဒကိုယ်အကြည်ရုပ်တို့ ဖြစ်သည်။

ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ဒွေပဉ္စဝိညာဏ - ၁၀ ပါးနှင့် စေတသိက် - ၇ပါးတို့ ဖြစ်ပါသည်။

**<u>၂။ ရူပတိန္ဒြိယ</u>**

ရုပ်တရားက ရုပ်တရား Matter to matter ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသောအကြောင်းတရားမှာ - ရုပ်ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ရုပ်ဇီဝိတိန္ဒြေ ကမ္မဇရုပ် - ၉ ပါး ဖြစ်သည်။

**<u>၃။ သဟဇာတိန္ဒြိယ</u>**

နာမ်တရားကနာမ်နှင့် ရုပ်တရား Mind to mind-matter ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသောအကြောင်းတရားမှာ - ၁-နာမ်၏အသက်ဖြစ်သည့်နာမ်ဇီဝိတိန္ဒြေ ၊၂-စိတ်၊၃- ဝေဒနာ၊ ၄-သဒ္ဓါ၊၅-ဝီရိယ၊ ၆-သတိ၊ ၇-သမာဓိနှင့် ၈-ပညာတည်း ဟူသော နာမ်ဣန္ဒြေ ရှစ်ပါးတို့ ဖြစ်ပါသည်။

ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ်-၈၉ ပါး၊ စေတသိက်-၅၂ ပါး၊ စိတ္တဇရုပ် Mind - born matter နှင့် ပဋိသန္ဓေကမ္မဇရုပ် Kamma- born matter at the moment of birth.

ဣန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာမှာ -၇ ဖြစ်၏။ (ဣန္ဒြိရေ သတ္တ)
ဣန္ဒြိယပစ္စည်းသည် သဟဇာတ, ဝတ္ထုပုရေဇာတ, ရူပဇီဝိတိန္ဒြိမျိုး (၃)ပါး၌ ပါဝင်၏။

## ၁၇-ဈာနပစ္စယော

၄၃၁။ *ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Number seventeen is Jhana Paccaya. There are seven or five. initial application, sustained application, joy, feeling and concentration are the Jhana factors. The Jhana condition is compared to pepole who go up a tree or a mountain. A person who goes up a tree see things for himself and then he relates to other people what he sees. In the same way, these Jhana factors contemplate on the objects closely. The same is true for a person who goes up a mountain. You go up a mountain and see many things there. You tell to other people what you have seen also.

*ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။*
ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ကုသိုလ်ဈာန်အင်္ဂါ ၅-ပါး ပစ္စည်းတရားတို့သည် ထိုဈာန်နှင့် အတူယှဉ်၍ဖြစ်သည့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတည်းဟူသော နာမ်ခန္ဓာပစ္စယုပ္ပန်တရားတို့အား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။
(ဈာန်အင်္ဂါ ၅-ပါး၏ တရားကိုယ်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာတို့ ဖြစ်ပါသည်။)

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)*
ကုသိုလ်တရားသည် အဗျာကတတရားအား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။*
ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ကုသိုလ်ဈာန်အင်္ဂါ-၅ပါး ပစ္စည်းတရားတို့သည် စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်ပစ္စယုပ္ပန်တရားတို့အား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)*
ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။*
ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ကုသိုလ်ဈာန်အင်္ဂါ ၅-ပါး ပစ္စည်းတရားတို့သည် ထိုဈာန်နှင့်အတူ ယှဉ်၍ဖြစ်သည့် *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* တည်းဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့အားလည်းကောင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*
အကုသိုလ်တရားသည် အကုသိုလ်တရားအား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။*
ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော အကုသိုလ်ဈာန်အင်္ဂါ ၅-ပါး ပစ္စည်းတရားတို့သည် ထိုဈာန်နှင့် အတူယှဉ်၍ဖြစ်သည့် *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* တည်းဟူသော နာမ်ခန္ဓာပစ္စယုပ္ပန်တရားတို့အား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*
အကုသိုလ်တရားသည် အဗျာကတတရားအား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။*
ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော အကုသိုလ်ဈာန် အင်္ဂါ ၅-ပါး ပစ္စည်းတရားတို့သည် စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်ပစ္စယုပ္ပန်တရားတို့အား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၂)*
အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း၊ ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။*
ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော အကုသိုလ်ဈာန်အင်္ဂါ ၅-ပါး ပစ္စည်းတရားတို့သည်ထိုဈာန်နှင့်အတူ ယှဉ်၍ဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* တည်းဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*
အဗျာကတတရားသည် အဗျာကတတရားအား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတာနိ ကိရိယာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။*
ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတဖြစ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၅-ပါး ပစ္စည်းတရားတို့သည် အတူယှဉ်၍ဖြစ်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။*
ပဋိသန္ဓေအခါ ပဋိသန္ဓေ ဝိပါက်အဗျာကတစိတ်၌ရှိသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာတည်းဟူသော ဈာန်အင်္ဂါ ၅-ပါး၏ တရားကိုယ် ပစ္စည်းတရားတို့သည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**ဈာနပစ္စည်း**

ဈာနပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to mind-matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ပစ္စယဟူသောအကြောင်းတရားမှာ - ဈာနင်တရားကိုယ်-၅ပါး (ဝိတတ်, ဝိစာ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ)တို့ ဖြစ်သည်။
ပစ္စယုပ္ပနဟူသောအကျိုးတရားမှာ - ဒွေပဉ္စဝိညာဏ်-၁၀ပါးကြဉ်သော စိတ်-၇၉ပါး၊ စေတသိတ်-၅၂ပါး၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။


ဣန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၇ ဖြစ်၏။ (ဣန္ဒြိယေ သတ္တ)
ဣန္ဒြိယပစ္စည်းသည် သဟဇာတ, ဝတ္ထုပုရေဇာတ, ရူပဇီဝိတိန္ဒြိမျိုး (၃)ပါး၌ ပါဝင်၏။

## ၁၈ – မဂ္ဂပစ္စယော

*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
၄၃၂။ ကုသိုလ်တရားသည် ကုသိုလ်တရားအား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။*

*၁-သမ္မာဒိဋ္ဌိ၊ ၂-သမ္မာသင်္ကပ္ပ၊ ၃- သမ္မာဝါစာ၊ ၄- သမ္မာကမ္မန္တ၊ ၅- သမ္မာအာဇီဝ၊ ၆-သမ္မာဝါယာမ၊ ၇- သမ္မာသတိ*နှင့် *၈-သမ္မာသမာဓိ* ဟူသော ကုသိုလ်မဂ္ဂင်တရားတို့သည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> Number eighteen is Magga Paccaya. There are twelve Right understanding, right thought, right speech, right action, right livelihood, right effort, right mindfulness, right concentration, and then wrong understanding, wrong thought, wrong effort and wrong concentration. These are the conditioning factors of Magga condition. Actually there are nine. Magga condition is compared to a ferry or a boat. You reach a place throught a ferry or you use a boat to reach the place you want to go to. Whatever leads to something is called. Good factors lead to good destination and to realization of Nibbana. Bad factors lead to bad destinies. So they are called Magga.

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၂)*
ကုသိုလ်တရားသည် အဗျာကတတရားအား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။*
ကုသိုလ်မဂ္ဂင်တရားတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)*
ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။*

ကုသိုလ်မဂ္ဂင်တရားတို့သည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား လည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။*

*၁-မိစ္ဆာဒိဋ္ဌိ၊ ၂- မိစ္ဆာသင်္ကပ္ပ၊ ၃- မိစ္ဆာဝါယာမ*နှင့် *၄- မိစ္ဆာသမာဓိ* ဟူသော အကုသိုလ်မဂ္ဂင်တရားတို့သည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*

ကုသိုလ်တရားသည် အဗျာကတတရားအား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။*

*၁-မိစ္ဆာဒိဋ္ဌိ၊ ၂-မိစ္ဆာသင်္ကပ္ပ၊ ၃-မိစ္ဆာဝါယာမ*နှင့် *၄-မိစ္ဆာသမာဓိ* ဟူသော အကုသိုလ်မဂ္ဂင်တရားတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၃)*

အကုသိုလ်တရားသည် အကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။*

*၁-မိစ္ဆာဒိဋ္ဌိ၊ ၂-မိစ္ဆာသင်္ကပ္ပ၊ ၃-မိစ္ဆာဝါယာမ*နှင့် *၄-မိစ္ဆာသမာဓိ* ဟူသော အကုသိုလ်မဂ္ဂင်တရားတို့သည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။* (ဗျာ၊ ဗျာ-၁)

အဗျာကတတရားသည် အဗျာကတတရားအား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတာနိ ကိရိယာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။*

ဝိပါက်အဗျာကတ၊ ကိရိယာအဗျာကတဖြစ်သော မဂ္ဂင်တရားတို့သည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(မဂ္ဂင်တရားကိုယ်= ပညာ၊ ဝိတက်၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ)

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။*

သဟိတ်ပဋိသန္ဓေ၌ ရှိသော *(ပညာ၊ ဝိတက်၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ)* ဟူသော မဂ္ဂင်တရားတို့သည် အတူယှဉ်၍ဖြစ်သော *ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ*ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**မဂ္ဂပစ္စည်း**

မဂ္ဂပစ္စည်းသည် နာမ်တရားက နာမ်ရုပ်တရား (Mind to mind-matter) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

| | |
|---|---|
| ပစ္စယဟူသောအကြောင်းတရားမှာ - | ၁-သမ္မာဒိဋ္ဌိ၊ ၂-သမ္မာသင်္ကပ္ပ၊ ၃- သမ္မာဝါစာ၊ ၄- သမ္မာကမ္မန္တ၊ ၅-သမ္မာအာဇီဝ၊ ၆-သမ္မာဝါယမ၊ ၇-သမ္မာသတိ၊ ၈-သမ္မာသမာဓိ၊ ၉-မိစ္ဆာဒိဋ္ဌိ မဂ္ဂင်တို့ ဖြစ်သည်။ ထိုမဂ္ဂင်တို့၏ တရားကိုယ်မှာလည်း-၉ပါးဖြစ်၏။ ၎င်းတို့မှာ (ပညာ၊ ဝိတက်၊ ဝိရတီ-၃ပါး၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာနှင့် ဒိဋ္ဌိ)တို့ ဖြစ်ပါသည်။ |
| ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - | သဟိတ်စိတ်-၇၁ပါး၊ စေတသိက်-၅၂ပါး၊ သဟိတ်စိတ္တဇရုပ်နှင့် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်ပါသည်။ |

မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၇ ဖြစ်၏။ (မဂ္ဂေ သတ္တ)
မဂ္ဂပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏။

## ၁၉-သမ္ပယုတ္တပစ္စယော

၄၃၃။ *ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။* (ကု၊ ကု-၁)
ကုသိုလ်တရားသည် ကုသိုလ်တရားအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။*
ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။* (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> Number nineteen is Sampayutta Paccaya, association condition. Association is compared to four sweet things. You know that monks can eat some kinds of sweet things in the afternoon. They are a mixture of four things-ghee, oil , molasses and honey. They are mixed together and they must be cooked in the sun. That mixture we call Catumadhura. 'Catu' means four. 'Madhura' means sweet thing. When they are mixed together, they really mix. They are blended. They are combined. We do not differentiate one from the other. In the same way, we say some things Sampayutta.

*တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။*
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။*
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။* (အကု၊ အကု-၁)
အကုသိုလ်တရားသည် အကုသိုလ်တရားအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။*
ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော အကုသိုလ်နာမ်ခန္ဓာ လေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။*
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာကတတရားအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။*

ဝိပါက်ကိရိယာအဗျာကတဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။*

ပဋိသန္ဓေနေသောအခိုက် ဝိပါက်အဗျာကတဖြစ်သော နာမ်ခန္ဓာလေးပါးတို့တွင် နာမ်ခန္ဓာတစ်ပါးသည် ကျန်နာမ်ခန္ဓာသုံးပါးတို့အား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာသုံးပါးတို့သည် ကျန်နာမ်ခန္ဓာတစ်ပါးအား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။*

နာမ်ခန္ဓာနှစ်ပါးတို့သည် ကျန်နာမ်ခန္ဓာနှစ်ပါးတို့အား သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သမ္ပယုတ္တပစ္စည်း**


သမ္ပယုတ္တပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to mind) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ပစ္စယဟူသောအကြောင်းတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက်- ၅၂ပါးတို့ ဖြစ်သည်။
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက်- ၅၂ပါး ဖြစ်သည်။

သမ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၃ ဖြစ်၏။ (သမ္ပယုတ္တေ တီဏိ)
သမ္ပယုတ္တပစ္စည်းသည် သဟဇာတမျိုး၌ပါဝင်၏။

## ၂၀-ဝိပ္ပယုတ္တပစ္စယော

၄၃၄။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၁)
ကုသိုလ်တရားသည် အဗျာကတတရားအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (ကု၊ ဗျာ-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် အဗျာကတတည်းဟူသော အကျိုးဓမ္မအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Number twenty is Vippayutta Paccaya. It is the opposite of Sampayutta Paccaya. It is compared to mixture of six tastes. When you mix six tastes, they will mix but they will not be blended. You will still know or experience different tastes although you mix them together. They are together so they are called mixed, but they are not blended. In the same way, there are some things that are mixed so there is a suspicion whether they may be Sampayutta. In that case this word has to be used to prevent them from being taken as Sampayutta.

သဟဇာတံ၊ ပစ္ဆာဇာတံ။
ဝိပ္ပယုတ္တပစ္စည်းတွင် သဟဇာတဝိပ္ပယုတ္တနှင့် ပစ္ဆာဇာတဝိပ္ပယုတ္တဟူ၍ နှစ်ပါးရှိ၏။

၁ - သဟဇာတဝိပ္ပယုတ္တ = အတူတကွဖြစ်၍ မယှဉ်သည့်ပစ္စည်းနှင့်
၂ - ပစ္ဆာဇာတဝိပ္ပယုတ္တ = နောက်၌ဖြစ်၍ မယှဉ်သည့်ပစ္စည်းတို့ ဖြစ်ကြသည်။

သဟဇာတာ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။
အတူတကွဖြစ်သော သဟဇာတဝိပ္ပယုတ္တ ဟူသည့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။
နောက်နောက်ဖြစ်သော ပစ္ဆာဇာတဝိပ္ပယုတ္တ ဟူသည့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာတို့သည် ပုရေဇာတဿ ရှေး၌ဖြစ်သော ကိုယ်ခန္ဓာရုပ်ကြီးအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၁)
အကုသိုလ်တရားသည် အဗျာကတတရားအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ၊ ပစ္ဆာဇာတံ။*

အတူတကွဖြစ်၍ မယှဉ်သည့်ပစ္စည်းဟူသော *သဟဇာတဝိပ္ပယုတ္တ* နှင့် နောက်၌ဖြစ်၍ မယှဉ်သည့်ပစ္စည်းဟူသော *ပစ္ဆာဇာတဝိပ္ပယုတ္တ* ဟူ၍ နှစ်ပါးရှိ၏။

*သဟဇာတာ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

အတူတကွဖြစ်သော သဟဇာတဝိပ္ပယုတ္တ ဟူသည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ်နာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

နောက်နောက်ဖြစ်သော ပစ္ဆာဇာတဝိပ္ပယုတ္တ ဟူသည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ်နာမ်ခန္ဓာတို့သည် *ပုရေဇာတဿ* ရှေး၌ဖြစ်သော ကိုယ်ခန္ဓာ ရုပ်ကြီးအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*

အဗျာကတတရားသည် အဗျာကတတရားအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ။*

*သဟဇာတ* အတူတကွဖြစ်၍၊ *ပုရေဇာတ* ရှေးကဖြစ်၍နှင့် *ပစ္ဆာဇာတ* နောက်မှဖြစ်၍ကျေးဇူးပြုနည်း ဟူ၍ သုံးပါးရှိသည်။

*သဟဇာတာ*

သဟဇာတအတူတကွဖြစ်၍ ကျေးဇူးပြုခြင်းဟူသည်-

*ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

ဝိပါက်အဗျာကတ ကိရိယာအဗျာကတဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ*တည်းဟူသော နာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ခန္ဓာ ကဋတ္တာရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

ပဋိသန္ဓေအခိုက်တွင် ဝိပါက်အဗျာကတဖြစ်သော နာမ်ခန္ဓာတို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ခန္ဓာ ဝတ္ထုဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

*ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* တည်းဟူသော နာမ်ခန္ဓာတို့သည် မှီရာ ဟဒယဝတ္ထုရုပ်အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

မှီရာဟဒယဝတ္ထုရုပ်သည် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* တည်းဟူသော နာမ်ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရေဇာတာ*

ပုရေဇာတရှေး၌ဖြစ်၍ကျေးဇူးပြုခြင်းဟူသည်-

*စက္ခာယတနံ စက္ခုဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

*စက္ခုပသာဒ* မျက်စိအကြည်ရုပ်သည် မြင်သိစိတ်အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သောတာယတနံ သောတဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

*သောတပသာဒ* နားအကြည်ရုပ်သည် ကြားသိစိတ်အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဃာနာယတနံ ဃာနဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

*ဃာနပသာဒ* နှာခေါင်းအကြည်ရုပ်သည် နံသိစိတ်အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဇိဝှါယတနံ ဇိဝှါဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

*ဇိဝှါပသာဒ* လျှာအကြည်ရုပ်သည် အရသာသိစိတ်အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကာယာယတနံ ကာယဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

*ကာယပသာဒ* ကိုယ်အကြည်ရုပ်သည် ထိသိစိတ်အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

မှီရာဟဒယဝတ္ထုရုပ်သည် ဝိပါက်ကိရိယာ အဗျာကတဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* တည်းဟူသော နာမ်ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ*

ပစ္ဆာဇာတာနောက်၌ဖြစ်၍ကျေးဇူးပြုခြင်းဟူသည်-

*ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

ဝိပါက်အဗျာကတ ကိရိယာအဗျာကတဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* တည်းဟူသော နာမ်ခန္ဓာတို့သည် *ပုရေဇာတဿ* ရှေး၌ဖြစ်သော ကိုယ်ခန္ဓာရုပ်ကြီးအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၂)*

အဗျာကတတရားသည် ကုသိုလ်တရားအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရေဇာတံ ဝတ္ထု ကုသလာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

ရှေးကဖြစ်သော မှီရာဟဒယဝတ္ထုရုပ်သည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ တည်းဟူသော ကုသိုလ်နာမ်ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*

အဗျာကတတရားသည် အကုသိုလ်တရားအား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရေဇာတံ ဝတ္ထု အကုသလာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။*

ရှေးကဖြစ်သော မှီရာဟဒယဝတ္ထုရုပ်သည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ တည်းဟူသော အကုသိုလ်နာမ်ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

### ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တပစ္စည်းသည် နာမ်ရုပ်တရားက နာမ်ရုပ်တရား (Mind-matter to mind-matter) ကိုလည်းကောင်း၊ ရုပ်တရားက နာမ်တရား (Matter to mind) ကိုလည်းကောင်း၊ နာမ်တရားက ရုပ်တရား (Mind to matter)ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

#### ၁။ သဟဇာတဝိပ္ပယုတ်

နာမ်ရုပ်တရားက နာမ်ရုပ်တရား (Mind-matter to mind-matter) ကို ကျေးဇူးပြုရာတွင် -

ပစ္စယဟူသောအကြောင်းတရားမှာ - ပဋိသန္ဓေ၊ ပဝတ္တိကာလ ဝိုင်းတွင်... 

ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်သည်။

#### ၂။ ပုရေဇာတဝိပ္ပယုတ္တ

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသောအကျိုးတရားတို့သည် ပုရေဇာတပစ္စည်းနှင့် တူညီပါသည်။

#### ၃။ ပစ္ဆာဇာတဝိပ္ပယုတ္တ

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသော အကျိုးတရားတို့သည် ပစ္ဆာဇာတပစ္စည်းနှင့် တူညီပါသည်။


ဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၅ ဖြစ်၏။ (ဝိပ္ပယုတ္တေ ပဉ္စ)
ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတနှင့်ပစ္ဆာဇာတမျိုး၌ ပါဝင်၏။

## ၂၁–အတ္ထိပစ္စယော

*၄၃၅။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။* (ကု၊ ကု-၁)
ကုသိုလ်တရားသည် ကုသိုလ်တရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*
ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။*
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။* (ကု၊ ကု-၁)
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

Number 21 is Atthi Paccaya. 'Atthi' means existing. It is compared to the earth or Mount Meru, the same. When the earth is existing, we survive on the earth. The trees also survive on the earth. Mount Meru is the same or we can just say is a big mountain. A big Mountain serves as a support. Also when it is existing, it helps beings, trees and others to exist.

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။* (ကု၊ ဗျာ-၂)
ကုသိုလ်တရားသည် အဗျာကတတရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ၊ ပစ္ဆာဇာတံ။*
၁။ အတူတကွဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် သဟဇာတ + အတ္ထိ = သဟဇာတတ္ထိနှင့်
၂။ နောက်၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပစ္ဆာဇာတ + အတ္ထိ = ပစ္ဆာဇာတတ္ထိ ဟူ၍ နှစ်ပါးရှိ၏။

*သဟဇာတာ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*
သဟဇာတ အတူတကွဖြစ်သည့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။*

ပစ္ဆာဇာတနောက်၌ဖြစ်သည့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာတို့သည် ရှေးကဖြစ်သော ဤကိုယ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (ကု၊ ကု၊ ဗျာ-၃)*

ကုသိုလ်တရားသည် ကုသိုလ်တရားအားလည်းကောင်း၊ အဗျာကတတရားအားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့တွင် တစ်ပါးသော နာမ်ခန္ဓာသည် သုံးပါးသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယောခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*

အကုသိုလ်တရားသည် အကုသိုလ်တရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*
အကုသိုလ်တရားသည် အဗျာကတတရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ၊ ပစ္ဆာဇာတံ။*
၁။ အတူတကွဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် သဟဇာတတ္ထိနှင့်
၂။ နောက်၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပစ္ဆာဇာတတ္ထိဟူ၍ နှစ်ပါးရှိ၏။

*သဟဇာတာ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*
သဟဇာတ အတူတကွဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ်နာမ်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။*
*ပစ္ဆာဇာတ* နောက်၌ဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ်နာမ်ခန္ဓာတို့သည် ရှေးကဖြစ်သော ဤကိုယ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (အကု၊ အကု၊ ဗျာ-၃)*
အကုသိုလ်တရားသည် အကုသိုလ်တရား အားလည်းကောင်း၊ အဗျာကတတရား အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*
*ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ် နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*
အဗျာကတတရားသည် အဗျာကတတရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။*

၁။ အတူတကွဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် သဟဇာတ + အတ္ထိ = သဟဇာတတ္ထိ၊
၂။ ရှေ့၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပုရေဇာတ + အတ္ထိ = ပုရေဇာတတ္ထိ၊
၃။ နောက်၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပစ္ဆာဇာတ + အတ္ထိ = ပစ္ဆာဇာတတ္ထိ၊
၄။ အာဟာရအကြောင်းဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် အာဟာရ + အတ္ထိ = အာဟာရတ္ထိနှင့်
၅။ အစိုးရပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ဣန္ဒြိယ + အတ္ထိ = ဣန္ဒြိယတ္ထိဟူ၍ ငါးပါးရှိ၏။

*သဟဇာတော ဝိပါကာဗျာကတော ကိရိယာ ဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

သဟဇာတ အတူတကွဖြစ်သော ဝိပါက်အဗျာကတ ကိရိယာအဗျာကတဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* ဟူသော နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသော နာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား လည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအားလည်းကောင်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

ဒွေ ခန္ဓာ နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်ခန္ဓာတို့အားလည်းကောင်း၊ စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

ပဋိသန္ဓေ အခိုက်တွင် ဝိပါက်အဗျာကတဖြစ်သော *ဧကော ခန္ဓော* နာမ်ခန္ဓာတစ်ပါးသည် နာမ်ခန္ဓာ သုံးပါးတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

*တယော ခန္ဓာ* သုံးပါးသောနာမ်ခန္ဓာတို့သည် *ဧကဿ ခန္ဓဿ* တစ်ပါးသောနာမ်ခန္ဓာအား လည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

*ဒွေ ခန္ဓာ* နှစ်ပါးသောနာမ်ခန္ဓာတို့သည် *ဒွိန္နံ ခန္ဓာနံ* နှစ်ပါးသောနာမ်ခန္ဓာတို့အား လည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ခန္ဓာ ဝတ္ထုဿ အတ္ထိပစ္စယေန ပစ္စယော။*

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ တည်းဟူသော နာမ်ခန္ဓာတို့သည် မှီရာ ဟဒယဝတ္ထုရုပ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

မှီရာ ဟဒယဝတ္ထုရုပ်သည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ တည်းဟူသော နာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။*

တစ်ပါးသော မဟာဘုတ်သည် သုံးပါးသောမဟာဘုတ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အတ္ထိပစ္စယေန ပစ္စယော။*

သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။*

နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

မဟာဘုတ်တို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။*

ပြင်ပသန္တာန်၌ဖြစ်သော ရုပ်သည်လည်းကောင်း၊ အာဟာရကြောင့်ဖြစ်သော ရုပ်သည်လည်းကောင်း၊ ဥတုကြောင့်ဖြစ်သော ရုပ်သည်လည်းကောင်း၊ အသညသတ် ဗြဟ္မာဘုံ၌ရှိသည့် ဗြဟ္မာကြီးတို့၏ တစ်ပါးသော မဟာဘုတ်သည် သုံးပါးသော မဟာဘုတ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အတ္ထိပစ္စယေန ပစ္စယော။*

သုံးပါးသောမဟာဘုတ်တို့သည် တစ်ပါးသောမဟာဘုတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။*

နှစ်ပါးသောမဟာဘုတ်တို့သည် နှစ်ပါးသောမဟာဘုတ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဟာဘူတာ ကဗ္ဗတ္တာရူပါနံ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

မဟာဘုတ်တို့သည် ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရေဇာတံ အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။*

၂။ ပုရေဇာတဟူသည် ရဟန္တာပုဂ္ဂိုလ်သည် မျက်စိအကြည်ကို မမြဲ အနိစ္စ၊ ဆင်း ရဲဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာရှု၏။

*သောတံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ဃာနံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ဇိဝှံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ကာယံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ရူပေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သဒ္ဒေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ဂန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ရသေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ဖောဋ္ဌဗ္ဗေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။*

နားအကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ နှာခေါင်းအကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ လျှာအကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ ကိုယ်အကြည်ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ အဆင်းကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ အသံကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ အနံ့ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ အရသာကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ အထိအတွေ့ကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။ ဝတ္ထုံ ဟဒယဝတ္ထုကို မမြဲ အနိစ္စ၊ ဆင်းရဲ ဒုက္ခ၊ အစိုးမရ အနတ္တဟု ဝိပဿနာ ရှု၏။

*ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။*

ဒိဗ္ဗစက္ခု အဘိညာဉ်ဟူသော အဘိညာဉ်မျက်စိဖြင့် ရုပ်အဆင်းကို မြင်၏။ ဒိဗ္ဗသောတ ဟူသော အဘိညာဉ်နားဖြင့် အသံကို ကြား၏။

*ရူပါယတနံ စက္ခုဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*

အဆင်း ရူပါရုံသည် မြင်သိစိတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဒ္ဒါယတနံ သောတဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*

အသံ အာရုံသည် ကြားသိ စိတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဂန္ဓာယတနံ ဃာနဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*
အနံ့ ဂန္ဓာရုံသည် နံသိစိတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ရသာယတနံ ဇိဝှါဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*
အရသာ ရသာရုံသည် အရသာသိစိတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*
အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံသည် ထိသိစိတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*စက္ခာယတနံ စက္ခုဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*
စက္ခုပသာဒ မျက်စိအကြည်ရုပ်သည် မြင်သိစိတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သောတာယတနံ သောတဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*
သောတပသာဒ နားအကြည်ရုပ်သည် ကြားသိစိတ်အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဃာနာယတနံ ဃာနဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*
ဃာနပသာဒ နှာခေါင်း အကြည်ရုပ်သည် နံသိစိတ်အား အတ္ထိပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*ဇိဝှါယတနံ ဇိဝှါဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*
ဇိဝှါပသာဒ လျှာအကြည်ရုပ်သည် အရသာ သိစိတ်အား အတ္ထိပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*ကာယာယတနံ ကာယဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။*
ကာယပသာဒ ကိုယ်အကြည် ရုပ်သည် ထိသိစိတ်အား အတ္ထိပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*
မှီရာ ဟဒယဝတ္ထုရုပ်သည် ဝိပါက်ကိရိယာ အဗျာကတဖြစ်ကုန်သော နာမ်ခန္ဓာတို့အား အတ္ထိပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။*
၃။ ပစ္ဆာဇာတဟူသည် နောက်၌ဖြစ်သော ဝိပါက်ကိရိယာ အဗျာကတဖြစ်သည့် နာမ်ခန္ဓာတို့သည် ပုရေဇာတဿ ရှေး၌ဖြစ်သော ဤခန္ဓာရုပ်ကြီးအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။*

၄။ စားသောက်ဝါးမြိုသောကြောင့်ဖြစ်သည့် အဆီအနှစ် ဩဇာဟူသော အာဟာရသည် ကံ၊ စိတ်၊ ဥတုနှင့် အာဟာရဟူသော အကြောင်းတို့ကြောင့်ဖြစ်သော ဤကိုယ်ကာယအား အတ္ထိပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

၅။ ရုပ်၏အသက်ဖြစ်သော ရုပ်ဇီဝိတိန္ဒြေသည် ပဋိသန္ဓေကမ္မဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၂)*

အဗျာကတတရားသည် ကုသိုလ်တရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရေဇာတံ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။*

ရှေး၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပုရေဇာတတတ္တိဟူသည်-

ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော အရိယာသေက္ခပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ဝိပဿနာတရား အားထုတ်ကြသည့် ပုထုဇဉ် ယောဂီပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ မျက်စိအကြည်ကို မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမရအနတ္တဟု ဝိပဿနာရှုကြကုန်၏။

*သောတံ။ ပ။ ဃာနံ။ ပ။ ဇိဝှံ။ ပ။ ကာယံ။ ပ။ ရူပေ။ ပ။ သဒ္ဒေ။ ပ။ ဂန္ဓေ။ ပ။ ရသေ။ ပ။ ဖောဋ္ဌဗ္ဗေ။ ပ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။*

*သောတံ* နားအကြည်၊ *ဃာနံ* နှာခေါင်းအကြည်၊ *ဇိဝှံ* လျှာအကြည်၊ *ကာယံ* ကိုယ်အကြည်၊ *ရူပေ* အဆင်း၊ *သဒ္ဒေ* အသံ၊ *ဂန္ဓေ* အနံ့၊ *ရသေ* အရသာ၊ *ဖောဋ္ဌဗ္ဗေ* အထိအတွေ့၊ *ဝတ္ထုံ* ဟဒယဝတ္ထုရုပ်တို့ကို မမြဲ *အနိစ္စ*၊ ဆင်းရဲ *ဒုက္ခ*၊ အစိုးမရ *အနတ္တ*ဟု ဝိပဿနာ ရှုကြကုန်၏။

*ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။*

*ဒိဗ္ဗစက္ခု* အဘိညာဉ်ဟူသော အဘိညာဉ်မျက်စိဖြင့် ရုပ်အဆင်းကို မြင်၏၊ *ဒိဗ္ဗသောတ* ဟူသော အဘိညာဉ်နားဖြင့် အသံကိုကြား၏။

*ဝတ္ထု ကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

ဟဒယဝတ္ထုရုပ်သည် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော ကုသိုလ် နာမ်ခန္ဓာလေးပါးတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*

အဗျာကတတရားသည် အကုသိုလ်တရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရေဇာတံ စက္ခုံ အသာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

ပုရေဇာတာ ရှေးကဖြစ်သည့် မျက်စိအကြည်ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်၏။ အယူလွဲမှားမှု ဒိဋ္ဌိဖြစ်၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်၏၊ စိတ်နှလုံး မသာယာမှု ဖြစ်၏။

*သောတံ။ ပ။ ဃာနံ။ ပ။ ဇိဝှံ။ ပ။ ကာယံ။ ပ။ ရူပေ။ ပ။ သဒ္ဒေ။ ပ။ ဂန္ဓေ။ ပ။ ရသေ။ ပ။ ဖောဋ္ဌဗ္ဗေ။ ပ။ ဝတ္ထုံ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ပ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။*

*သောတံ* နားအကြည်၊ *ဃာနံ* နှာခေါင်းအကြည်၊ *ဇိဝှံ* လျှာအကြည်၊ *ကာယံ* ကိုယ်အကြည်၊ *ရူပေ* အဆင်း၊ *သဒ္ဒေ* အသံ၊ *ဂန္ဓေ* အနံ့၊ *ရသေ* အရသာ၊ *ဖောဋ္ဌဗ္ဗေ* အထိအတွေ့၊ *ဝတ္ထုံ* ဟဒယဝတ္ထုရုပ်တို့ကို *အဿာဒေတိ* သာယာမြတ်နိုး၏၊ *အဘိနန္ဒတိ* အလွန် နှစ်သက်၏၊ ထိုသို့ သာယာ မြတ်နိုး နှစ်သက်မှုကို အာရုံပြု၍ စွဲလမ်းကပ်ငြိမှု *ရာဂ* ဖြစ်၏။ အယူလွဲမှားမှု *ဒိဋ္ဌိ* ဖြစ်၏၊ ယုံမှားသံသယ *ဝိစိကိစ္ဆာ* ဖြစ်၏၊ စိတ်ပျံ့လွင့်မှု *ဥဒ္ဓစ္စ* ဖြစ်၏၊ စိတ်နှလုံး မသာယာခြင်း ဖြစ်၏။

*ဝတ္ထု အကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

ဟဒယဝတ္ထုရုပ်သည် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ် နာမ်ခန္ဓာလေးပါးတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (ကု၊ ဗျာ၊ ကု-၁)*

ကုသိုလ်တရားသည်လည်းကောင်း၊ အဗျာကတတရားသည်လည်းကောင်း ကုသိုလ်တရားအား အတ္ထိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ ပုရေဇာတံ။*

၁။ အတူတကွဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် သဟဇာတတ္တိနှင့်
၂။ ရှေ့၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပုရေဇာတတ္တိ ဟူ၍ နှစ်ပါးရှိ၏။

*သဟဇာတော ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

သဟဇာတာ အတူတကွဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည်လည်းကောင်း၊ ဟဒယဝတ္ထုရုပ် သည်လည်းကောင်း သုံးပါးသောနာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည်လည်းကောင်း၊ ဟဒယဝတ္ထုရုပ်သည်လည်းကောင်း နှစ်ပါးသောနာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ (ကု၊ ဗျာ၊ ဗျာ-၂)*

ကုသိုလ်တရားသည်လည်းကောင်း၊ အဗျာတတရားသည်လည်းကောင်း၊ အဗျာကတတရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။*

၁။ အတူတကွဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် သဟဇာတတ္ထိ၊
၂။ နောက်၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပစ္ဆာဇာတတ္ထိ၊
၃။ အာဟာရအကြောင်း ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် အာဟာရတ္ထိနှင့်
၄။ အစိုးရပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ဣန္ဒြိယတ္ထိ ဟူ၍ လေးပါးရှိ၏။

*သဟဇာတာ ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

သဟဇာတာ အတူတကွဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဟူသော မဟာဘုတ်လေးပါးတို့သည်လည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။*

ပစ္ဆာဇာတာ နောက်၌ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့သည်လည်းကောင်း၊ စားသောက်ဝါးမြိုသောကြောင့်ဖြစ်သည့် အဆီအနှစ် ဩဇာဟူသော အာဟာရသည်လည်းကောင်း ကံ၊ စိတ်၊ ဥတု အာဟာရဟူသော အကြောင်းတို့ကြောင့် ဖြစ်သော ဤကိုယ်ကာယအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိ ပစ္စယေန ပစ္စယော။*

ပစ္ဆာဇာတာ နောက်၌ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော ကုသိုလ် နာမ်ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ ရုပ်၏အသက်ဖြစ်သော ရုပ်ဇီဝိတိန္ဒြေသည် လည်းကောင်း ပဋိသန္ဓေကမ္မဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။*
*(အကု၊ ဗျာ၊ အကု-၁)*

အကုသိုလ်တရားသည်လည်းကောင်း၊ အဗျာတတရားသည်လည်းကောင်း အကုသိုလ်တရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ၊ ပုရေဇာတံ၊*

၁။ အတူတကွဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် သဟဇာတတ္ထိနှင့်
၂။ ရှေ့၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပုရေဇာတတ္ထိ ဟူ၍ နှစ်ပါးရှိ၏။

*သဟဇာတော အကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

အတူတကွဖြစ်သည့် *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ်နာမ်ခန္ဓာလေးပါးတို့မှ နာမ်ခန္ဓာတစ်ပါးသည်လည်းကောင်း၊ ဟဒယဝတ္ထုရုပ်သည် လည်းကောင်း သုံးပါးသော နာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။*

သုံးပါးသော နာမ်ခန္ဓာတို့သည်လည်းကောင်း၊ ဟဒယဝတ္ထုရုပ်သည်လည်းကောင်း တစ်ပါးသောနာမ်ခန္ဓာအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*

နှစ်ပါးသောနာမ်ခန္ဓာတို့သည်လည်းကောင်း၊ ဟဒယဝတ္ထုရုပ်သည်လည်းကောင်း နှစ်ပါးသော နာမ်ခန္ဓာတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။*
*(အကု၊ ဗျာ၊ ဗျာ-၂)*

အကုသိုလ်တရားသည်လည်းကောင်း၊ အဗျာတတရားသည်လည်းကောင်း အကုသိုလ်တရားအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။*

၁။ အတူတကွဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် သဟဇာတတ္ထိ၊
၂။ နောက်၌ဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ပစ္ဆာဇာတတ္ထိ၊
၃။ အာဟာရအကြောင်းဖြစ်ပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် အာဟာရတ္ထိနှင့်
၄။ အစိုးရပြီး ရှိသောအားဖြင့် ကျေးဇူးပြုသည့် ဣန္ဒြိယတ္ထိ ဟူ၍ လေးပါးရှိ၏။

*သဟဇာတာ အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

အတူတကွ ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ် နာမ်ခန္ဓာလေးပါးတို့ သည်လည်းကောင်း၊ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဟူသော မဟာဘုတ် လေးပါးတို့သည်လည်းကောင်း စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူး ပြု၏။

*ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။*

နောက်၌ ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ် နာမ်ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ စားသောက် ဝါးမြိုသောကြောင့်ဖြစ်လာသည့် အဆီအနှစ် သြဇာဟူသော အာဟာရသည်လည်းကောင်း ကံ၊ စိတ်၊ ဥတု အာဟာရဟူသော အကြောင်းတို့ ကြောင့်ဖြစ်သော ဤကိုယ်ကာယအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။*

နောက်၌ဖြစ်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ် နာမ်ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ ရုပ်၏အသက်ဖြစ်သော ရုပ်ဇီဝိတိန္ဒြေသည်လည်းကောင်း ပဋိသန္ဓေကမ္မဇရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**အတ္ထိပစ္စည်း**

**၁။ သဟဇာတတ္ထိ**

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသောအကျိုးတရားတို့သည် သဟဇာတပစ္စည်းနှင့် တူညီပါသည်။

**၂။ ပုရေဇာတတ္ထိ**

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသောအကျိုးတရားတို့သည် ပုရေဇာတပစ္စည်းနှင့် တူညီပါသည်။

**၃။ ပစ္ဆာဇာတတ္ထိ**

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသောအကျိုးတရားတို့သည် ပစ္ဆာဇာတပစ္စည်းနှင့် တူညီပါသည်။

**၄။ အာဟာရတ္ထိ**

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသောအကျိုးတရားတို့သည် ရုပ်အာဟာရနှင့် တူညီပါသည်။

**၅။ ဣန္ဒြိယတ္ထိ**

ပစ္စယဟူသောအကြောင်းတရားနှင့် ပစ္စယုပ္ပန်ဟူသောအကျိုးတရားတို့သည် ရူပတိန္ဒြိယနှင့် တူညီပါသည်။

အတ္ထိပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၁၃ ဖြစ်သည်။ (အတ္ထိယာ တေရသ)


အတ္ထိပစ္စည်းသည် သဟဇာတ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယမျိုး (၅)ပါး၌ ပါဝင်၏။

## ၂၂ – နတ္ထိပစ္စယော

၄၃၆။ *ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။*
ရှေးရှေး၌ ဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ် နာမ်ခန္ဓာလေးပါးတို့သည်၊ နောက်နောက်၌ ဖြစ်ကုန်သော ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ ဂေါတြဘုဿ နတ္ထိပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ် သို့ရောက်သော အနုလောမဉာဏ်သည် သောတာပတ္တိမဂ်၏ ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘူဉာဏ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> Number 22 is Natti Paccaya. It is the opposite of Atthi Paccaya. It is compared to a flame that has ceased, that has blown out. When the flame is blown out, there is darkness. The flame that goes out, the flame that ceases serves as a condition for darkness to arise.

*အနုလောမံ ဝေါဒါနဿ နတ္ထိပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ် သို့ရောက်သော အနုလောမဉာဏ်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှဖြူစင်သော ဝေါဒါန်ကို နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဂေါတြဘု မဂ္ဂဿ နတ္ထိပစ္စယေန ပစ္စယော။*
သောတာပတ္တိမဂ်၏ ရှေ့ပုထုဇဉ်အနွယ်ကို လွှမ်းမိုး ဖျက်ဆီးတတ်သော ဂေါတြဘူဉာဏ်သည် သောတာပတ္တိမဂ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဝေါဒါနံ မဂ္ဂဿ နတ္ထိပစ္စယေန ပစ္စယော။*
သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှ စင်ကြယ်သော ဝေါဒါန်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။* (ကု၊ ဗျာ-၂)
ကုသိုလ်တရားသည် အဗျာတကတရားအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလံ ဝုဋ္ဌာနဿ နတ္ထိပစ္စယေန ပစ္စယော။*
လောကီကုသိုလ် သတ္တမဇောသည် ပထမတဒါရုံစိတ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဂ္ဂေါ ဖလဿ နတ္ထိပစ္စယေန ပစ္စယော။*
သောတာပတ္တိမဂ်၊ သကဒါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်သည် သောတာပတ္တိဖိုလ်၊ သကဒါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ နတ္ထိပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ် သို့ရောက်သော အနုလောမဉာဏ်သည် ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ် အရိယာပုဂ္ဂိုလ်တို့၏ဆိုင်ရာ ဖလသမာပတ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ နတ္ထိပစ္စယေန ပစ္စယော။*
နိရောဓ သမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတန ကုသိုလ်စိတ်သည် အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။* (အကု၊ အကု-၁)
အကုသိုလ်တရားသည် အကုသိုလ်တရားအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။*
ရှေးရှေး၌ ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ် နာမ်ခန္ဓာလေးပါးတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ် နာမ်ခန္ဓာလေးပါးတို့အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။* (အကု၊ ဗျာ-၂)
အကုသိုလ်တရားသည် အဗျာတကတရားအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလံ ဝုဋ္ဌာနဿ နတ္ထိပစ္စယေန ပစ္စယော။*
အကုသိုလ် သတ္တမဇောသည် ပထမတဒါရုံစိတ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။* (ဗျာ၊ ဗျာ-၁)
အဗျာကတတရားသည် အဗျာတကတရားအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာ ဗျာကတာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။*

ပုရိမာ ပုရိမာ ရှေးရှေး၌ ဖြစ်ကုန်သော ဝိပါက် ကိရိယာအဗျာကတ နာမ်ခန္ဓာလေးပါးတို့သည် ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ ဖြစ်ကုန်သော ဝိပါက်ကိရိယာ နာမ်ခန္ဓာလေးပါးတို့အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဘဝင်္ဂံ အာဝဇ္ဇနာယ။*

ဘဝင်စိတ်သည် မနောဒွါရာဝဇ္ဇန်းစိတ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကိရိယံ ဝုဋ္ဌာနဿ။*

ကြိယာဇောစိတ်သည် တဒါရုံစိတ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟတော အနုလောမံ ဖလသမာပတ္တိယာ။*

ရဟန္တာပုဂ္ဂိုလ်၏ အနုလောမဉာဏ်သည် ဖလသမာပတ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတန ကိရိယံ ဖလသမာပတ္တိယာ နတ္ထိပစ္စယေန ပစ္စယော။*

နိရောဓသမာပတ်မှ ထမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ နေဝသညာနာသညာ ကိရိယာစိတ်သည် ဖလသမာပတ်အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၂)*

အဗျာကတတရားသည် ကုသိုလ်တရားအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် ကုသိုလ်နာမ်ခန္ဓာတို့အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*

အဗျာကတတရားသည် အကုသိုလ်တရားအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် အကုသိုလ်နာမ်ခန္ဓာတို့အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**မှတ်ချက်**။ အာသေဝနပစ္စည်း၏ Foot note ကိုတွဲ၍ လေ့လာပါ။

**နတ္ထိပစ္စည်း**

နတ္ထိပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to mind) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

ပစ္စယဟူသော အကြောင်းတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါး တို့ဖြစ်သည်။
ပစ္စယုပ္ပန်ဟူသော အကျိုးတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါး ဖြစ်သည်။


နတ္ထိပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၇ ဖြစ်၏။ (နတ္ထိယာ သတ္တ) နတ္ထိပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။

## ၂၃ – ဝိဂတပစ္စယော

၄၃၇။ <u>*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။*</u> *(ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

<u>*ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော။*</u>
ရှေးရှေး၌ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ*နှင့် *ဝိညာဏက္ခန္ဓာ* ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့သည်၊ နောက်၌ နောက်၌ ဖြစ်ကုန်သော ကုသိုလ်နာမ်ခန္ဓာ လေးပါးတို့အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

<u>*အနုလောမံ ဂေါတြဘုဿ ဝိဂတပစ္စယေန ပစ္စယော။*</u>
ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘုဉာဏ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




<u>*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*</u>
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

> Number 23 is Vigata Paccaya. disappearance condition. It is compared to the disappearance of the sun at night. When the sun goes down, there is darkness. The disaccearance of the sun makes it possibles for darkness to arise.

<u>*အနုလောမံ ဝေါဒါနဿ ဝိဂတပစ္စယေန ပစ္စယော။*</u>
ဝိပဿနာဉာဏ်၏ အထွတ်အထိပ် သို့ရောက်သော အနုလောမဉာဏ်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှဖြူစင်သော ဝေါဒါန်ကို ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

<u>*ဂေါတြဘု မဂ္ဂဿ ဝိဂတပစ္စယေန ပစ္စယော။*</u>
သောတာပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘုဉာဏ်သည် သောတာပတ္တိမဂ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

<u>*ဝေါဒါနံ မဂ္ဂဿ ဝိဂတပစ္စယေန ပစ္စယော။*</u>
သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၏ ရှေ့၌ဖြစ်ပြီး ကိလေသာမှစင်ကြယ်သော ဝေါဒါန်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

<u>*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။*</u> *(ကု၊ ဗျာ-၂)*
ကုသိုလ်တရားသည် အဗျာကတတရားအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလံ ဝုဋ္ဌာနဿ ဝိဂတပစ္စယေန ပစ္စယော။*
လောကီကုသိုလ် သတ္တမဇောသည် ပထမတဒါရုံစိတ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*မဂ္ဂေါ ဖလဿ ဝိဂတပစ္စယေန ပစ္စယော။*
သောတာပတ္တိမဂ်၊ သကဒါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်သည် သောတာပတ္တိဖိုလ်၊ သကဒါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ ဝိဂတပစ္စယေန ပစ္စယော။*
ဝိပဿနာဉာဏ်၏ အထွတ်အထိပ် သို့ရောက်သော အနုလောမဉာဏ်သည် ကျင့်ဆဲဖြစ်သော သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ် အရိယာပုဂ္ဂိုလ်တို့၏ ဆိုင်ရာ ဖလသမာပတ်အား ဝိဂတပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ ဝိဂတပစ္စယေန ပစ္စယော။*
နိရောဓသမာပတ်မှထသော အနာဂါမ်ပုဂ္ဂိုလ်၏ နေဝသညာနာသညာယတန ကုသိုလ်စိတ်သည် အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။ (အကု၊ အကု-၁)*
အကုသိုလ်တရားသည် အကုသိုလ်တရားအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော။*
ရှေးရှေး၌ဖြစ်ကုန်သော *ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ* ဟူသော အကုသိုလ် နာမ်ခန္ဓာလေးပါးတို့သည် နောက်နောက်၌ ဖြစ်ကုန်သော အကုသိုလ် နာမ်ခန္ဓာလေးပါး တို့အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။ (အကု၊ ဗျာ-၂)*
အကုသိုလ်တရားသည် အဗျာတကတရားအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အကုသလံ ဝုဋ္ဌာနဿ ဝိဂတပစ္စယေန ပစ္စယော။*
အကုသိုလ် သတ္တမဇောသည် ပထမတဒါရုံစိတ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ-၁)*
အဗျာကတတရားသည် အဗျာတကတရားအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာ ဗျာကတာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော။*
ပုရိမာ ပုရိမာ ရှေးရှေး၌ဖြစ်ကုန်သော ဝိပါက်ကိရိယာအဗျာကတ နာမ်ခန္ဓာလေးပါးတို့သည် ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ဖြစ်ကုန်သော ဝိပါက်ကိရိယာ နာမ်ခန္ဓာလေးပါးတို့အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဘဝင်္ဂံ အာဝဇ္ဇနာယ။*

ဘဝင်စိတ်သည် မနောဒွါရာဝဇ္ဇန်းစိတ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကိရိယံ ဝုဋ္ဌာနဿ။*

ကြိယာဇောစိတ်သည် တဒါရုံစိတ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အရဟတော အနုလောမံ ဖလသမာပတ္တိယာ။*

ရဟန္တာပုဂ္ဂိုလ်၏ အနုလောမဉာဏ်သည် ဖလသမာပတ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတန ကိရိယံ ဖလသမာပတ္တိယာ ဝိဂတပစ္စယေန ပစ္စယော။*

နိရောဓသမာပတ်မှ ထမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ နေဝသညာနာသညာ ကိရိယာစိတ်သည် ဖလသမာပတ်အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။ (ဗျာ၊ ကု-၂)*

အဗျာကတတရားသည် ကုသိုလ်တရားအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် ကုသိုလ်နာမ်ခန္ဓာတို့အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။ (ဗျာ၊ အကု-၃)*

အဗျာကတတရားသည် အကုသိုလ်တရားအား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော။*

တစ်ပါးပါးသော မနောဒွါရာဝဇ္ဇန်းစိတ်သည် အကုသိုလ်နာမ်ခန္ဓာတို့အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**မှတ်ချက်။** အာသေဝနပစ္စည်း၏ Foot note ကိုတွဲ၍ လေ့လာပါ။

**ဝိဂတပစ္စည်း**

ဝိဂတပစ္စည်းသည် နာမ်တရားက နာမ်တရား (Mind to mind) ကို ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။


ပစ္စယဟူသောအကြောင်းတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါး တို့ဖြစ်သည်။
ပစ္စယုပ္ပန်ဟူသောအကျိုးတရားမှာ - စိတ် - ၈၉ ပါး၊ စေတသိက် - ၅၂ ပါး ဖြစ်သည်။

ဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၇ ဖြစ်၏။ (ဝိဂတေ သတ္တ)
ဝိဂတပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။

## ၂၄−အဝိဂတပစ္စယော

*၄၃၈။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဝိဂတပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တရားသည် ကုသိုလ်တရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။*
ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ ဟူသော ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် တစ်ပါးသောနာမ်ခန္ဓာသည် သုံးပါးသောနာမ်ခန္ဓာတို့အား အဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။




*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဝိဂတပစ္စယေန ပစ္စယော။ (ကု၊ ကု-၁)*
ကုသိုလ်တည်းဟူသော အကြောင်းဓမ္မသည် ကုသိုလ်တည်းဟူသော အကျိုးဓမ္မအား အဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

The last one is Avigata Paccaya, non-disappearance condition. It is the opposite of Vigata Paccaya. That means existing. So it is the same as number 21, Atthi Paccaya.

*တယော ခန္ဓာ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။*
သုံးပါးသောနာမ်ခန္ဓာတို့သည် တစ်ပါးသောနာမ်ခန္ဓာအား အဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

*ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။*
နှစ်ပါးသောနာမ်ခန္ဓာတို့သည် နှစ်ပါးသောနာမ်တို့ခန္ဓာအား အဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ယထာ အတ္ထိပစ္စယံ၊ ဧဝံ ဝိတ္ထာရေတဗ္ဗံ။)

**မှတ်ချက်**။ အတ္ထိပစ္စည်းကဲ့သို့ ဤဝိဂတပစ္စည်းကို အကျယ်ချဲ့၍သိရပေမည်။

**အဝိဂတပစ္စည်း**

အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် ကျေးဇူးပြုပုံ တူညီပါသည်။

အဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာမှာ - ၁၃ ဖြစ်သည်။ (အဝိဂတေ တေရသ)
အဝိဂတပစ္စည်းသည် သဟဇာတ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယမျိုး (၅)ပါး၌ ပါဝင်၏။

# ပဋ္ဌာန်း – ၂၄ ပစ္စည်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဟေတုပစ္စယော, အာရမ္မဏပစ္စယော, အဓိပတိပစ္စယော, အနန္တရပစ္စယော, သမနန္တရပစ္စယော, သဟဇာတပစ္စယော, အညမညပစ္စယော, နိဿယပစ္စယော, ဥပနိဿယပစ္စယော, ပုရေဇာတပစ္စယော, ပစ္ဆာဇာတပစ္စယော, အာသေဝနပစ္စယော, ကမ္မပစ္စယော, ဝိပါကပစ္စယော, အာဟာရပစ္စယော, ဣန္ဒြိယပစ္စယော, ဈာနပစ္စယော, မဂ္ဂပစ္စယော, သမ္ပယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော, အတ္ထိပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယော, အဝိဂတပစ္စယောတိ။

၁။ ဟေတုပစ္စယော (Root condition)

*ဟိတ် - ၆ပါး ဖြစ်၍ အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား။*

၂။ အာရမ္မဏပစ္စယော (Object support condition)

*အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၃။ အဓိပတိပစ္စယော (Predominance condition)

*အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၄။ အနန္တရပစ္စယော (Proximity condition)

*အခြားမဲ့ (တစ်ဆက်တည်းအကြားမရှိ) ဖြစ်၍ ကျေးဇူးပြု တတ်သောတရား။*

၅။ သမနန္တရပစ္စယော (Contiguity condition)

*ကောင်းစွာ အခြားမဲ့ (တစ်ဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၆။ သဟဇာတပစ္စယော (Simultaneous condition) (Conascence condition)

*အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၇။ အညမညပစ္စယော (Mutuality condition)

*အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောတရား။*

၈။ နိဿယပစ္စယော (Dependence condition)

*မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၉။ ဥပနိဿယပစ္စယော (Strong dependence condition)

*အားကြီးသော မှီရာအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၀။ ပုရေဇာတပစ္စယော (Prenascence condition)

*ရှေ့၌အရင်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၁။ ပစ္ဆာဇာတပစ္စယော (Postnascence condition)

*နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၂။ အာသေဝနပစ္စယော (Repetative condition)

*အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၃။ ကမ္မပစ္စယော (Kamma condition)

*အကြောင်းကံဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၄။ ဝိပါကပစ္စယော (Resultant condition)

*အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၅။ အာဟာရပစ္စယော (Nutriment condition)

*အထောက်အပံ့ ရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၆။ ဣန္ဒြိယပစ္စယော (Faculty condition)

*အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၇။ ဈာနပစ္စယော (Jhâna condition)

*စူးစိုက်ကာကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၈။ မဂ္ဂပစ္စယော (Path condition)

*ဆောင်ပို့တတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၁၉။ သမ္ပယုတ္တပစ္စယော (Association condition)

*ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၂၀။ ဝိပ္ပယုတ္တပစ္စယော (Dissociation condition)

*မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၂၁။ အတ္ထိပစ္စယော (Presence condition)

*ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၂၂။ နတ္ထိပစ္စယော (Absence condition)

*မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၂၃။ ဝိဂတပစ္စယော (Disappearance condition)

*ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

၂၄။ အဝိဂတပစ္စယော (Non-disappearance condition)

*မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။*

# ပစ္စယနိဒ္ဒေသ

## ၁ – ဟေတုပစ္စယော
## အရင်းအမြစ်အဖြစ်ဖြင့် ကျေးဇူးပြုသည့်ပစ္စည်း

**ဟေတုပစ္စယောတိ** - ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

*ဟေတုပစ္စယောတိ၊* ဟေတုပစ္စည်းဟူသည်ကား။ *ဟေတူ၊* လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟတည်းဟူသော ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့သည်။ *ဟေတုသမ္ပယုတ္တကာနံ၊* ဟိတ်ခြောက်ပါးနှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စိတ်, စေတသိက်တရားတို့အားလည်းကောင်း။ *တံသမုဋ္ဌာနာနံ၊* ထိုဟိတ်ခြောက်ပါးကြောင့် ဖြစ်ကုန်သော။ *ရူပါနဉ္စ၊* စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ *ဟေတုပစ္စယေန၊* အကြောင်းရင်းမူလ ဟေတုပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

### “ဖြစ်စေ တည်စေ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု”

### ဟေတုပစ္စည်း

***သစ်ပင်များ၌ ရေသောက်မြစ်ရှိ၏၊ ထိုရေသောက်မြစ်ကြောင့် သစ်ပင်တစ်ပင်လုံး မယိုင်မလဲ ခိုင်မြဲကြီးပွား စည်ကားရသည်၊ ထိုရေသောက်မြစ်၌ သစ်ပင်တစ်ပင်လုံး မယိုင်မလဲ ခိုင်မြဲကြီးပွား စည်ကားစေနိုင်သော သတ္တိထူးရှိသကဲ့သို့၊ ထို့အတူ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဤဟိတ်ခြောက်ပါး၌လည်း အတူတကွ ဖြစ်ဖော်ဖြစ်ဖက် နာမ်နှင့် ရုပ်တို့ကို ခိုင်မြဲစေနိုင်သော သတ္တိထူး ကိုယ်စီရှိသည်၊ ဤအစွမ်းသတ္တိကိုပင် ဟေတုပစ္စည်းဟု ခေါ်ပါသည်။***

## Hetu Paccaya (Root condition)

The first condition is *Hetu Paccaya*. There are six *Hetus*. *'Hetu'* here means root. It is compared with roots of a tree. Just as the roots maintain a tree or make a tree firm, strong and prosperous. These roots make co-nascent consciousness and mental factors and also the mind-produced matter and kamma produced matter firm, strong and prosperous.

*Hetu* is compared to roots of a tree. Among the six roots greeds, hatred, delusion, non-greed, non- hatred and non-delusion. If you look at the roots and a tree, you know that the roots and the tree must be existing at the same time. Roots and the tree must be connected. In the same way, the conditioning factor here must be connected with conditioned factor. The conditioned factors must be arise simultaneously with conditioning states.

## ၂ - အာရမ္မဏပစ္စယော
## အာရုံအဖြစ်ဖြင့် ကျေးဇူးပြုသည့်ပစ္စည်း

**အာရမ္မဏပစ္စယောတိ** - ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဗ္ဗေ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ, တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

*အာရမ္မဏပစ္စယောတိ၊* အာရမ္မဏပစ္စည်းဟူသည်ကား။ *ရူပါယတနံ၊* ရူပါရုံ အဆင်းဓာတ်သည်။ *စက္ခုဝိညာဏ ဓာတုယာ စ၊* မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရား ခုနစ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ)တို့အား လည်းကောင်း။ *အာရမ္မဏပစ္စယေန၊* အာရမ္မဏပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*သဒ္ဒါယတနံ၊* သဒ္ဒါရုံ အသံဓာတ်သည်။ *သောတဝိညာဏဓာတုယာ စ၊* ကြားသိစိတ် 'သောတဝိညာဏဓာတ်'အား လည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုကြားသိစိတ် 'သောတဝိညာဏဓာတ်'နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရား ခုနစ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ) တို့အား လည်းကောင်း။ *အာရမ္မဏပစ္စယေန၊* အာရမ္မဏပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဂန္ဓာယတနံ၊* ဂန္ဓာရုံ အနံ့ဓာတ်သည်။ *ဃာနဝိညာဏဓာတုယာ စ၊* နံသိစိတ် 'ဃာနဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုနံသိစိတ် 'ဃာနဝိညာဏဓာတ်'နှင့် ယှဉ်ကုန်သော။

*ဓမ္မာနဥ္စ၊* စေတသိက်တရား ခုနစ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ) တို့အားလည်းကောင်း။ *အာရမ္မဏပစ္စယေန၊* အာရမ္မဏပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ရသာယတနံ၊* ရသာရုံ အရသာဓာတ်သည်။ *ဇိဝှါဝိညာဏဓာတုယာ စ၊* လျှက်သိစိတ် ‘ဇိဝှါဝိညာဏဓာတ်”အား လည်းကောင်း၊ တံ သမ္ပယုတ္တကာနံ၊ ထိုလျှက်သိစိတ် ‘ဇိဝှါဝိညာဏဓာတ် နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရား ခုနစ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ)တို့အား လည်းကောင်း။ *အာရမ္မဏပစ္စယေန၊* အာရမ္မဏပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဖောဋ္ဌဗ္ဗာယတနံ၊* ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိဓာတ်သည်။ *ကာယဝိညာဏဓာတုယာ စ၊* ထိသိစိတ် ‘ကာယဝိညာဏဓာတ်’အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုထိသိစိတ် ‘ကာယဝိညာဏဓာတ်” နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရား ခုနစ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ)တို့အား လည်းကောင်း။ *အာရမ္မဏပစ္စယေန၊* အာရမ္မဏပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ရူပါယတနံ၊* အဆင်း ‘ရူပါရုံ’သည်လည်းကောင်း။ *သဒ္ဒါယတနံ၊* အသံ ‘သဒ္ဒါရုံ’သည် လည်းကောင်း။ *ဂန္ဓာယတနံ၊* အနံ့ ‘ဂန္ဓာရုံ’သည် လည်းကောင်း။ *ရသာယတနံ၊* အရသာ ‘ရသာရုံ’ သည်လည်းကောင်း။ *ဖောဋ္ဌဗ္ဗာယတနံ၊* အတွေ့အထိ ‘ဖောဋ္ဌဗ္ဗာရုံ’သည်လည်းကောင်း။ *မနောဓာတုယာ စ၊* အာရုံဟူ၍ သိရုံမျှ ဝိုးတဝါးသိမှု ‘မနောဓာတ်’အား လည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရား ဆယ်ပါး(ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ)တို့အားလည်းကောင်း။ *အာရမ္မဏပစ္စယေန၊* အာရမ္မဏပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*သဗ္ဗေ၊* ခပ်သိမ်းကုန်သော။ *ဓမ္မာ၊* အာရုံခြောက်ပါး အကြောင်းပစ္စည်းတရားတို့သည်။ *မနောဝိညာဏဓာတုယာ စ၊* ကြံသိစိတ် ‘မနောဝိညာဏဓာတ်’ အားလည်းကောင်း။ *တံ သမ္ပယုတ္တကာနံ၊* ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ *ဓမ္မာနဥ္စ၊* စေတသိက်တရားဆယ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ) တို့အား လည်းကောင်း။ *အာရမ္မဏပစ္စယေန၊* အာရမ္မဏပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ယံ ယံ ဓမ္မံ၊* အကြင် အကြင်သို့သော အာရုံခြောက်ပါး ပစ္စည်းတရားကို။ *အာရဗ္ဘ၊* အာရုံပြု၍။ *စိတ္တစေတသိကာ၊* စိတ် စေတသိက် ဖြစ်ကုန်သော။ *ယေ ယေ ဓမ္မာ၊* အကြင် အကြင်သို့သော ပစ္စယုပ္ပန် သဘောတရားတို့သည်။ *ဥပ္ပဇ္ဇန္တိ၊* ဖြစ်ကုန်၏။ *တေ တေ ဓမ္မာ၊* ထိုထိုသို့သော အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ *တေသံ တေသံ ဓမ္မာနံ၊* ထိုထိုသို့သော စိတ် စေတသိက် ပစ္စယုပ္ပန်တရား တို့အား။ *အာရမ္မဏပစ္စယေန၊* အာရမ္မဏပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

| | |
|---|---|
| မနောဓာတု | = သမ္ပဋိစ္ဆိုင်း၊ မနောဓာတ်သိရုံမျှ၊ သိရုံမျှ |
| မနောဝိညာဏဓာတု | = သန္တီရဏ၊ အားရှိပါးရှိ ထိထိမိမိသိခြင်း |

## အာရမ္မဏပစ္စည်း

*သစ်သီးဥယျာဉ် ပန်းဥယျာဉ်မှာ ပျော်မွေ့ဖွယ် သတ္တိရှိသကဲ့သို့ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ ရနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊ ကြံတွေးစရာမျိုးစုံ ဓမ္မာရုံတို့၌လည်း စိတ်, စေတသိက်တို့၏ ပျော်မွေ့ဖွယ် သတ္တိထူး ရှိကြသည်။ အာရုံခြောက်ပါးတို့၌ရှိသည့် စိတ်, စေတသိက်တို့၏ ပျော်မွေ့ဖွယ် အစွမ်းသတ္တိကိုပင် အာရမ္မဏပစ္စည်းဟု ခေါ်ပါသည်။*

*မသန်မစွမ်းသူတို့သည် ဒုတ်, တောင်ဝှေး, ကြိုးတန်းကို ဆွဲကိုင်ဆုပ်ကိုင် မှီခို၍ ထကြရ, ရပ်တည်ကြရသဖြင့် တောင်ဝှေး, ကြိုးတန်းတို့၌ ဆွဲကိုင် ဆုပ်ကိုင်ထိုက်သော သတ္တိထူးရှိသကဲ့သို့ အာရုံခြောက်ပါးတို့၌လည်း စိတ်, စေတသိက်တို့၏ ဆွဲမှီစရာ ဆုပ်ကိုင်စရာ သတ္တိထူး ကိုယ်စီရှိကြသည်။ ထို့ကြောင့်ပင် စိတ်, စေတသိက်တို့သည် ကိုယ်နှစ်သက်ရာ ကိုယ်စွဲလမ်းရာ အာရုံကို လက်မလွှတ်နိုင်လောက်အောင်ပင် ဆွဲကိုင် ဆုပ်ကိုင်ထားကြလေသည်။*

## Ârammaṇa Paccaya (Object support condition)

*'Ârammaṇa'* has two meanings. The first meaning is a place where people take delight, you delight in the place, like an amusement park or a garden or something like that. It is called *Ârammaṇa.* As an amusement park has delightful power, the six objects also have delightful force, so our minds are always delighting in the great object-garden. That is one meaning of the word *'Ârammaṇa'.*

The second meaning of the word *'Ârammaṇa'* actually comes from the pali word *'Alambana'.* The second meaning is something to hold on to. It is compared to a staff. If you are infirm, you have to depend on the stick or the staff to get up or to stand. In the same way, these objects serve as a stick or a staff for the consciousness and mental factors. Mind and mental factors can arise only when there is an object. When there is no object, consciousness and mental factors cannot arise.

It is also compared to a line of rope. In order to lead some blind person to a place you put a line of rope. In order to lead some blind person, you may put out a rope he can hold onto. In the same way, our mind and mental factors are holding onto the object-line of rope. We cannot renounce object-line of rope. If we are able to renounce sense object-line of rope, we will have to feel the real happiness and peace.

## ၃ – အဓိပတိပစ္စယော
## အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုသည့်ပစ္စည်း

**အဓိပတိပစ္စယောတိ** - ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ, တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

*အဓိပတိပစ္စယောတိ၊* အဓိပတိ ပစ္စည်းဟူသည်ကား *ဆန္ဒာဓိပတိ၊* အကြီးအမှူးဆန္ဒသည်။ *ဆန္ဒသမ္ပယုတ္တကာနံ၊* ဆန္ဒနှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* ဒွိဟိတ်ဇော, တိဟိတ်ဇော၊ စိတ်, စေတသိက်တရားတို့အားလည်းကောင်း။ *တံသမုဋ္ဌာနာနံ၊* ထိုဆန္ဒကြောင့် ဖြစ်ကုန်သော။ *ရူပါနဉ္စ၊* စိတ္တဇရုပ်တို့အားလည်းကောင်း။ *အဓိပတိပစ္စယေန၊* အကြီးအမှူးဖြစ်သော။ အဓိပတိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဝီရိယာဓိပတိ၊* အကြီးအမှူးဝီရိယသည်။ *ဝီရိယသမ္ပယုတ္တကာနံ၊* ဝီရိယနှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* ဒွိဟိတ် ဇော, တိဟိတ်ဇော၊ စိတ်, စေတသိက်တရားတို့အားလည်းကောင်း။ *တံသမုဋ္ဌာနာနံ၊* ထိုဝီရိယကြောင့် ဖြစ်ကုန်သော။ *ရူပါနဉ္စ၊* စိတ္တဇရုပ်တို့အား လည်းကောင်း။ *အဓိပတိပစ္စယေန၊* အကြီးအမှူးဖြစ်သော အဓိပတိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*စိတ္တာဓိပတိ၊* အကြီးအမှူးစိတ်သည်။ *စိတ္တသမ္ပယုတ္တကာနံ၊* စိတ်နှင့်ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *တံသမုဋ္ဌာနာနံ၊* ထိုစိတ်ကြောင့် ဖြစ်ကုန်သော။ *ရူပါနဉ္စ၊* စိတ္တဇရုပ်တို့အားလည်းကောင်း။ *အဓိပတိပစ္စယေန၊* အကြီးအမှူးဖြစ်သော အဓိပတိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဝီမံသာဓိပတိ၊* အကြီးအမှူးပညာသည်။ *ဝီမံသသမ္ပယုတ္တကာနံ၊* ပညာနှင့်ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စိတ်, စေတသိက်တရားတို့အား လည်းကောင်း။ *တံသမုဋ္ဌာနာနံ၊* ထိုပညာကြောင့် ဖြစ်ကုန်သော။ *ရူပါနဉ္စ၊* စိတ္တဇရုပ်တို့အား လည်းကောင်း။ *အဓိပတိပစ္စယေန၊* အကြီးအမှူးဖြစ်သော အဓိပတိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ယံ ယံ ဓမ္မံ၊* အကြင်အကြင် အာရုံခြောက်ပါး ပစ္စည်းတရားကို။ *ဂရုံကတွာ၊* အလေးအမြတ်ပြု၍။ *စိတ္တစေတသိကာ၊* စိတ်, စေတသိက် ဖြစ်ကုန်သော။ *ယေ ယေ ဓမ္မာ၊* အကြင်အကြင် ပစ္စယုပ္ပန်တရားတို့သည်။ *ဥပ္ပဇ္ဇန္တိ၊* ဖြစ်ကုန်၏။ *တေ တေ ဓမ္မာ၊* ထိုထို အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။

တေသံ တေသံ ဓမ္မာနံ၊ ထိုထိုစိတ်, စေတသိက် ပစ္စယုပ္ပန်တရားတို့အား။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပတိပစ္စည်း**

***သဟဇာတာဓိပတိ***

***သဟဇာတာဓိပတိ၏ သဘောကို စကြာမင်းဖြင့် ဥပမာပြကြ၏၊ မိမိနိုင်ငံ၌ ပြိုင်ဘက်မရှိ စိုးစံရသော ပြည့်ရှင်မင်းဖြင့်လည်း ဥပမာပေးကြသည်၊ ပြည့်ရှင်မင်းသည် မိမိနိုင်ငံ၌ မိမိတစ်ဦးတည်းသာ ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သကဲ့သို့၊ ထို့အတူ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် စိတ်, စေတသိက် နာမက္ခန္ဓာတရားတို့တွင် တစ်ပါးတည်းက သူ့အလိုကျအောင် အုပ်စိုးလျက် တွဲဘက် စိတ်, စေတသိက်များကို လွှမ်းမိုးနိုင်သော သတ္တိသည် သဟဇာတာဓိပတိမည်၏။***

***အာရမ္မဏာဓိပတိ***

***အာရုံသည် သာမန်အာရုံ, အလေးအမြတ် အာရုံဟူ၍ နှစ်မျိုးရှိသည်၊ သာမန်အာရုံကလည်း စိတ်ကို ဆွဲဆောင်နိုင်သော သတ္တိရှိသည်၊ အာရမ္မဏပစ္စည်း၏ အာရုံသည် သာမန်အာရုံဖြစ်သည်၊ အာရမ္မဏာဓိပတိပစ္စည်း၏ အာရုံမှာ အလေးအမြတ် အာရုံဖြစ်သည်၊ ဒီအာရုံကို မမြင်ရလျှင် မနေနိုင်လောက်အောင် သူ့အသံကို မကြားရလျှင် မနေနိုင်လောက်အောင် သူ့ရနံ့ကို မနမ်းရ, မရှူရလျှင် မနေနိုင်လောက်အောင် ဒီအရသာကို မစားရ မသောက်ရ မလျက်ရလျှင် မနေနိုင်လောက်အောင် ဒီအာရုံကို မတွေ့ရ, မထိရလျှင် မနေနိုင်လောက်အောင် သူ့အကြောင်းကို မတွေးရ မစဉ်းစားရ မကြံစည်ရလျှင် မနေနိုင်လောက်အောင် အရမ်းဆွဲဆောင်မှု အားကောင်းသောသတ္တိကို အာရမ္မဏာဓိပတိအာရုံဟု ခေါ်ပါသည်။***

## Adhipati Paccaya (Predominance condition)

*Adhipati* means predominance. There are two kinds of *Adhipati*. *Ârammaṇ 'âdhipati* and *Sahajât 'âdhipati*. *Ârammaṇ 'âdhipati* is very charming object. This object can charm our mind to it. It is compared to a long strong stick or a line of rope. We have explained these examples in the object condition.

*Sahajât 'âdhipati* is compared to a universal king because that king is the king of all the world. He is the one who is predominant in all of the world. As *Sahajât 'âdhipati* is compared to a universal king and also we may compare it to a president in this country. The president has the sole power, so *Adhipati* is like the president.

There are four *Adhipatis.* They are predominant desire, predominant effort, predominant mind and predominant investigation. At one time, only one of them is perdominance condition. When one is predominance condition, the others are conditioned state of predominance condition. When earnest desire arises, only earnest desire is predominance condition. When earnest effort arises, only earnest effort is predominance condition. When earnest mind arises, only earnest mind is predominance

condition. When earnest investigation arises, only earnest investigation is predominance condition. At one time, only one of them can be predominance condition. These are four *Adhipatis*.

## ၄ – အနန္တရပစ္စယော
## အကြားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသည့်ပစ္စည်း စက္ခုဝိညာဏဓာတ်နှင့် မနောဓာတ်

**အနန္တရပစ္စယောတိ** - စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရ-ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ, တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

*အနန္တရပစ္စယောတိ၊* အနန္တရပစ္စည်းဟူသည်ကား။ *စက္ခုဝိညာဏဓာတု၊* မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'သည် လည်းကောင်း။ *တံသမ္ပယုတ္တကာ၊* ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာ စ၊* စေတသိက်တရား ခုနစ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ) တို့သည် လည်းကောင်း။ *မနောဓာတုယာ စ၊* သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားဆယ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ) တို့အားလည်းကောင်း။ *အနန္တရပစ္စယေန၊* အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*မနောဓာတု စ၊* သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ *တံသမ္ပယုတ္တကာ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာ စ၊* စေတသိက်တရားတို့သည်လည်းကောင်း။ *မနောဝိညာဏဓာတုယာ စ၊* သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏ ဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနော ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အနန္တရပစ္စယေန၊* အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*သောတဝိညာဏဓာတု စ၊* ကြားသိစိတ် 'သောတဝိညာဏဓာတ်' သည်လည်းကောင်း။ *တံသမ္ပယုတ္တကာ၊* ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာ စ၊* စေတသိက်တရားဆယ်ပါးတို့သည် လည်းကောင်း။ *မနောဓာတုယာ စ၊* သမ္ပဋိစ္ဆိုန်းဟုဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားဆယ်ပါးတို့အားလည်းကောင်း။ *အနန္တရပစ္စယေန၊* အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*မနောဓာတု စ၊* သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ *တံသမ္ပယုတ္တကာ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာ စ၊* စေတသိက်တရားတို့သည်လည်းကောင်း။ *မနောဝိညာဏ-ဓာတုယာ စ၊* သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အနန္တရပစ္စယေန၊* အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဃာနဝိညာဏဓာတု စ၊* နံသိစိတ် 'ဃာနဝိညာဏဓာတ်'သည်လည်းကောင်း။ *တံသမ္ပယုတ္တကာ၊* ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာ စ၊* စေတသိက်တရား ခုနစ်ပါးတို့သည်လည်းကောင်း။ *မနောဓာတုယာ စ၊* သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရား ဆယ်ပါးတို့အားလည်းကောင်း။ *အနန္တရပစ္စယေန၊* အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှါဝိညာဏဓာတု၊ လျှက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'သည် လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား ခုနစ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ) တို့သည်လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားဆယ်ပါး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ)တို့အား လည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကာယဝိညာဏဓာတု စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်'သည် လည်းကောင်း။ တံသမ္ပ-ယုတ္တကာ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား ခုနစ်ပါးတို့သည် လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော ထိုမနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားဆယ်ပါးတို့အား လည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား တို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

*ဃာနဝိညာဏဓာတု စ၊* နံသိစိတ် 'ဃာနဝိညာဏဓာတ်' သည်လည်းကောင်း။ *တံသမ္ပယုတ္တကာ၊* ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာ စ၊* စေတသိက်တရား ခုနစ်ပါးတို့သည်လည်းကောင်း။ *မနောဓာတုယာ စ၊* သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရား ဆယ်ပါးတို့အားလည်းကောင်း။ *အနန္တရပစ္စယေန၊* အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*မနောဓာတု စ၊* သမ္ပဋိစ္ဆိုန်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ *တံသမ္ပယုတ္တကာ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာ စ၊* စေတသိက်တရားတို့သည်လည်းကောင်း။ *မနောဝိညာဏဓာတုယာ စ၊* သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏ ဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အနန္တရပစ္စယေန၊* အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

ဣန္ဒြိယပစ္စယေန ပစ္စယော။ ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

---

ဣန္ဒြိယပစ္စယောတိ၊ ဣန္ဒြိယပစ္စည်းဟူသည်ကား။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေ ပသာဒရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသော ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

သောတိန္ဒြိယံ၊ သောတိန္ဒြေ ပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသော ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေ ပသာဒရုပ် နှာခေါင်းအကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေ ပသာဒရုပ် လျှာအကြည်သည်။ ဇိဝှါ ဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကာယိန္ဒြိယံ၊ ကာယိန္ဒြေပသာဒရုပ် ကိုယ်အကြည်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ကဋတ္တာရူပါနံ၊ ကမ္မဇရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

*အရူပိနော၊* နာမ်ဖြစ်ကုန်သော။ *ဣန္ဒြိယာ၊* နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်သော ဣန္ဒြေတို့သည်။ *သမ္ပယုတ္တကာနံ၊* ယှဉ်၍ ဖြစ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *တံသမုဋ္ဌာနာနံ၊* ထိုဣန္ဒြေတို့ကြောင့် ဖြစ်ကုန်သော။ *ရူပါနဉ္စ၊* စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့ အားလည်းကောင်း။ *ဣန္ဒြိယပစ္စယေန၊* အစိုးရသည်၏အဖြစ် ဣန္ဒြိယ ပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

## ဣန္ဒြိယပစ္စည်း

***သာသနာရေးဝန်ကြီး ပညာရေးဝန်ကြီး စသော ဝန်ကြီးများသည် မိမိဆိုင်ရာကိစ္စ၌ အစိုးရကြသကဲ့သို့၊ ထို့အတူ စက္ခုပသာဒသည် မြင်ခြင်းကိစ္စ၌ အစိုးရ၏၊ သောတပသာဒ သည် ကြားခြင်းကိစ္စ၌ အစိုးရ၏၊ ဃာနပသာဒသည် နမ်းရှူခြင်းကိစ္စ၌ အစိုးရ၏၊ ဤသို့လျှင် မိမိဆိုင်ရာကိစ္စ၌ မိမိအလိုအတိုင်းဖြစ်အောင် ပိုင်နင်း အုပ်စိုး လွှမ်းမိုးနိုင်သော သတ္တိထူးကို ဣန္ဒြိယပစ္စည်းဟု ခေါ်ပါသည်။***

### Indriya Paccaya (Faculty condition)

Number sixteen, *Indriya* is faculty or exercising power. *Indriya* is compared to regional chiefs or ministers as opposed to a universal king or prime minister. The ministers have authority over respective departments, not over everything. In the same way, each *Indriya* can exercise authority in its own field. For example, eye faculty exercises authority over seeing, not over hearing and so on.

Among the 22 *Indriyas* two are not taken to be the conditioning states in *Indriya* condition. They are the two genders, masculinity and femininity. In order to be *Indriya* condition, it needs to be existing with the conditioned states. Because *Indriya* belongs also to Atthi group whatever constitutes the *Indriya* condition must be arising at the same time with what is conditioned. Masculinity or femininity arises at the moment of rebirth linking. But at the moment of rebirth linking there are no manners of man or woman, no features of man or woman, no habits of man or woman. That is why they are excluded from *Indriya* condition.

The others are included in the *Indriya* condition. There are different kinds of *Indriya* conditions physical faculty and mental faculty. Eye faculty, ear faculty and so on are physical faculty. Then there are confidence, effort and so on. They are mental faculty. Then physical life faculty is made one separate faculty.

## ၁၇ – ဈာနပစ္စယော
## စူးစူးစိုက်စိုက် ရှုတတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း

**ဈာနပစ္စယောတိ** - ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ဈာနပစ္စယောတိ၊ ဈာနပစ္စည်းဟူသည်ကား။ ဈာနင်္ဂါနိ၊ ဒွေပဉ္စဝိညာဏ်တစ်ဆယ် ကြဉ်သောစိတ်တစ်ခုယုတ် ရှစ်ဆယ်တို့၌ ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာတည်း ဟူသော ဈာန်အင်္ဂါငါးပါးတို့သည်။ ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ် စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဈာန်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။ ဈာနပစ္စယေန၊ ကပ်၍ရှုတတ်သော ဈာနပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဈာနပစ္စည်း

***ဈာနသတ္တိကို သစ်ပင်ပေါ် သို့မဟုတ် တောင်ထိပ်ပေါ်သို့ တက်ရောက်နေသူဖြင့် ဥပမာပြကြ၏၊ တောင်ထိပ်ပေါ်သို့ တက်ရောက်နေသူသည် လှပသော ရှုခင်းရှုကွက်မျိုးစုံကို ကိုယ် တိုင်လည်း ကြည့်ရမြင်ရ၏။ မိမိမြင်ရသမျှကို တောင်အောက်က လူတို့အားလည်း ပြောပြ၏။ ထို့အတူ ဝိတက်စသော ဈာန်တရားတို့သည် အာရုံတစ်ခု၌ ဧကဂ္ဂတာကျ သမာဓိ ရနေသည့်အခါ ယှဉ်ဘက်တရားတို့ကိုလည်း ထိုအာရုံမှာ စွဲမြဲစွာ ရှုစားစေနိုင်သော သတ္တိကို ဈာနပစ္စည်းဟု ခေါ်ပါသည်။***

## Jhâna Paccaya (Jhana condition)

Number seventeen is *Jhâna Paccaya.* How many *Jhâna* factors are there? There are seven or five Initial application, sustained application, joy, feeling and concentration are the *Jhâna* factors. The *Jhâna* condition is compared to pepole who go up a tree or a mountain. A person who goes up a tree sees things for himself and then he relates to other people what he sees. In the same way, these *Jhâna* factors contemplate on the objects closely. The same is true for a person who goes up a mountain. You go up a mountain and see many things there. You tell to other people what you have seen also.

They are initial application, sustained application, joy, feeling and concentration. Concentration is concomitant with every type of consciousness. Feeling is concomitant with every type of consciousness. Concentration in eye-conscious-

ness and so on is not called a *Jhâna* factor however. When we talk about the conditioning states of *Jhâna* condition, we must exclude Dvipan-cavinnnna Cittas. That means seeing consciousness and so on. The *Jhâna* factors arising with seeing consciousness and so on must be excluded.

## ၁၈ – မဂ္ဂပစ္စယော
## လမ်းဟူသော ထွက်မြောက်တတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း

**မဂ္ဂပစ္စယောတိ** - မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စည်းဟူသည်ကား မဂ္ဂင်္ဂါနိ၊ သဟိတ်စိတ်၌ရှိသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုးပါးတို့သည်။ မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ် စေတသိက် တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ္ဂင်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။ မဂ္ဂပစ္စယေန၊ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်း မဂ္ဂပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### မဂ္ဂပစ္စည်း

***မဂ္ဂသဒ္ဒါသည် သွားရိုးလာစဉ် လမ်းခရီးဟူသော အနက်ကို ဟော၏၊ ဤနေရာ၌ လမ်းခရီးနှင့်တူသော အမြင်မှန်စသည်ကို 'မဂ္ဂ'ဟု ခေါ်ပါသည်၊ ပကတိလမ်းခရီးသည် ကောင်းသောအရပ်သို့လည်း ရောက်စေတတ်၊ မကောင်းသောအရပ်သို့လည်း ရောက်စေတတ်သကဲ့သို့ အမြင်မှန် အတွေးမှန်စသော သမ္မာမဂ္ဂင်တို့သည် မကောင်းသောဘဝမှ ကောင်းသော ဘဝသို့လည်းကောင်း၊ ညစ်နွမ်းသော သံကိလေသအဖို့မှ ဖြူစင်သော ဝေါဒါန အဖို့သို့လည်းကောင်း ရောက်စေတတ်၏။ အမြင်မှား အတွေးမှား စသော မိစ္ဆာမဂ္ဂင်တို့သည် ကောင်းသောဘဝမှ မကောင်းသော ဘဝသို့လည်းကောင်း ဖြူစင်သော စိတ်အစဉ်မှ ညစ်နွမ်းသော စိတ်အစဉ်သို့လည်းကောင်း ရောက်စေတတ်သည်။***

***ဤသို့လျှင် အမြင်မှား အတွေးမှား စသည်က မကောင်းသောဘဝသို့လည်းကောင်း အမြင်မှန် အတွေးမှန် စသည်က ကောင်းသောဘဝနှင့် ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့လည်းကောင်း ပို့ဆောင်ပေးနိုင်သော အစွမ်းသတ္တိကို မဂ္ဂပစ္စည်းဟု ခေါ်ပါသည်။***

***ဤမဂ္ဂပစ္စည်းကို ကား, ရထား, လှေ, သင်္ဘော, လေယာဉ် စသည်တို့ဖြင့်လည်း ပညာရှင်များက ဥပမာပြကြသည်။ လှေ သင်္ဘော စသော ယာဉ်များသည် ဤဘက်ကမ်းမှ***

***ဟိုဘက်ကမ်းသို့၊ ဟိုဘက်ကမ်းမှ ဤဘက်ကမ်းသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်သကဲ့သို့ အမြင်မှား အတွေးမှား စသော မဂ္ဂင်တို့သည် ကောင်းသောဘဝမှ မကောင်းသောဘဝသို့၊ အမြင်မှန် အတွေးမှန် စသော မဂ္ဂင်တို့သည် မကောင်းသောဘဝမှ ကောင်းသောဘဝနှင့် ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်ပေးနိုင်သော အစွမ်းသတ္တိ ရှိကြလေသည်။***

**Magga Paccaya (Path condition)**

Number eighteen is *Magga Paccaya.* How many *Magga* factors are there, both good and bad? There are twelve Right Understanding, Right Thought, Right Speech, Right Action, Right Livelihood, Right Effort, Right Mindfulness, Right Concentration, and then Wrong Understanding, Wrong Thought, Wrong Effort and Wrong Concentration. These are the conditioning factors of *Magga* condition. Actually there are nine.

*Magga* condition is compared to a ferry or a boat. You reach a place throught a ferry or you use a boat to reach the place you want to go to. Whatever leads to something is called *Magga.* Good factors lead to good destination and to realization of *Nibbana.* Bad factors lead to  bad destinies. So they are called *Magga.*

## ၁၉ – သမ္ပယုတ္တပစ္စယော
## ယှဉ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

**သမ္ပယုတ္တပစ္စယောတိ** - စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

*သမ္ပယုတ္တပစ္စယောတိ၊* သမ္ပယုတ္တပစ္စည်းဟူသည်ကား *စတ္တာရော၊* လေးပါးကုန်သော။ *အရူပိနော၊* နာမ်ဖြစ်ကုန်သော။ *ခန္ဓာ၊* ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ *အညမညံ၊* အချင်းချင်း။ *သမ္ပယုတ္တပစ္စယေန၊* ယှဉ်ခြင်း သမ္ပယုတ္တ ပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

***တစ်နည်း*** ။ ။ *သမ္ပယုတ္တပစ္စယေန၊* နို့ရည်, ထောပတ်, ပျားသကာဟူသော စတုမဓု အရသာသည် အချင်းချင်း နှီးနှော ရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ အတူတကွယှဉ်ခြင်း သမ္ပယုတ္တပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

### သမ္ပယုတ္တပစ္စည်း

***ထောပတ် ပျားရည် သကာ ဆီဟူသော အချို အဆိမ့် လေးမျိုးကို ရောလျက် သမအောင် နှေရောင်ခြည်အောက်မှာ ကျိုချက်ပြီးသောအခါ ဤအရသာက ထောပတ် အရသာ၊ ဤအရသာက ဆီအရသာ စသည်ဖြင့် ခွဲခြား၍ မသိနိုင်လောက်အောင် ရောနှော***

*နေသကဲ့သို့၊ ထို့အတူ နာမ်ခန္ဓာလေးပါးတို့ အတူတကွ ဖြစ်ကြသောအခါ ဤသဘောက စိတ်၏သဘော၊ ဤသဘောက ခံစားချက်၏သဘော စသည်ဖြင့် ခွဲခြား၍ မသိနိုင်လောက် အောင် ရောနှောမိကြလေသည်၊ ဤသို့လျှင် နာမ်ခန္ဓာလေးပါးတို့ တူသောဖြစ်ခြင်း၊ တူသော ချုပ်ခြင်း၊ တူသော အာရုံရှိခြင်း၊ တူသော မှီရာဝတ္ထုရှိခြင်းဟူသော လက္ခဏာလေးပါးဖြင့် ယှဉ်ကြရာ၌ အချင်းချင်း မဆန့်ကျင်ဘဲ တစ်ပါးသဘောကို တစ်ပါးက လိုက်လျောနိုင်သော သတ္တိကို သမ္ပယုတ္တပစ္စည်းဟု ခေါ်ပါသည်။*

### Sampayutta Paccaya (Association condition)

Number nineteen is *Sampayutta* Paccaya, association condition. Association is compared to four sweet things. You know that monks can eat some kinds of sweet things in the afternoon. They are a mixture of four things ghee, oil , molasses and honey. They are mixed together and they must be cooked in the sun. That mixture we call *Catumadhura.*

*'Catu'* means four. *'Madhura'* means sweet thing. When they are mixed together, they really mix. They are blended. They are combined. We do not differentiate one from the other. In the same way, we say some things *Sampayutta.* They are blended together so much that it is difficult to differentiate them.When consciousness and mental factors arise together, it is very difficult to differentiate this is consciousness, this is mental factor. We are now talking about consciousness and mental factors because *Buddha* taught them. We are just following what he taught.

You remember the characteristics of mental factors. What are those characteristics? Their characteristics are arising together with consciousness, perishing together with consciousness, having the same object, having the same base. These are the four characteristics of being *Sampayutta.* That applies here too. So the conditioning states of *Sampayutta* can only be minds and mental factors. The conditioned states are also minds and mental factors.

### ၂၀ – ဝိပ္ပယုတ္တပစ္စယော
### မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောပစ္စည်း

**ဝိပ္ပယုတ္တပစ္စယောတိ** - ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ဝိပ္ပယုတ္တပစ္စယောတိ၊ ဝိပ္ပယုတ္တပစ္စည်းဟူသည်ကား ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဝတ္ထုရုပ် ခြောက်ပါးတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နောက်နောက်၌ဖြစ်သော အရူပဝိပါက်

၄-ခုကြဉ်သော စိတ် - ၈၅ ပါး, ပဋိသန္ဓေ ပဋိသန္ဓေ နာမက္ခန္ဓာ တို့အား။ *ဝိပ္ပယုတ္တပစ္စယေန၊* မယှဉ်ခြင်း ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*အရူပိနော၊* နာမ်ဖြစ်ကုန်သော။ *ခန္ဓာ၊* အတူတကွ ဖြစ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓ, ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် အရူပဝိပါက်စိတ် ၄-ခုကြဉ်သော ပဋ္ဌမဘဝင် အစရှိသော နောက်နောက်၌ ဖြစ်သည့် စိတ် ၈၅-ပါး နာမက္ခန္ဓာ တို့သည်။ *ရူပီနံ၊* ရုပ်ဖြစ်ကုန်သော။ *ခန္ဓာနံ၊* တကွဖြစ်ကြသည့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ရှေ့စိတ္တက္ခဏ တစ်ချက်နှင့်အတူ ဥပါဒ်ပြိုင်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယတို့အား။ *ဝိပ္ပယုတ္တပစ္စယေန၊* မယှဉ်ခြင်း ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

## ဝိပ္ပယုတ္တပစ္စည်း

***ဤဝိပ္ပယုတ္တပစ္စည်းသည် သမ္ပယုတ္တပစ္စည်း၏ ဆန့်ကျင်ဘက်ဖြစ်၏၊ တူသော ဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊ တူသောအာရုံ ရှိခြင်း၊ တူသောမှီရာဝတ္ထုရှိခြင်း ဟူသော လက္ခဏာလေးပါးတို့ဖြင့် မယှဉ်ရကား ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ အချင်းချင်း မလိုက်လျော နိုင်သော သတ္တိသည် ဝိပ္ပယုတ္တပစ္စည်းမည်၏၊ ဤဝိပ္ပယုတ္တပစ္စည်းကို အရသာခြောက်ပါး ရောစပ်ထားပုံနှင့် တူ၏ဟု ရှေးဆရာတို့ ဥပမာပြုကြသည်၊ ချို ချဉ် စပ် ဖန် အငန် အခါး အရသာခြောက်ပါး ရောစပ်ထားရာ၌ ရောပင်ရောသော်လည်း တစ်ခုနှင့်တစ်ခု မနှီးနှောမိကြ သဖြင့် "အညီအမျှသမ" မဖြစ်နိုင်သလို ထို့အတူ ပစ္စည်းပစ္စယုပ္ပန်တို့ ရောနှောမိကြ တော့မိ ဆိုင်မိကြသော်လည်း အချင်းချင်း မလိုက်လျောနိုင်ကြသဖြင့် အညီအမျှ သမသဘော သမ္ပယုတ္တသဘောမရှိ၊ ဝိပ္ပယုတ္တသဘောသာ ဖြစ်ကြလေသည်။***

## Vippayutta Paccaya (Dissociation condition)

Number twenty is *Vippayutta Paccaya.* It is the opposite of S*ampayutta Paccaya.* It is compared to mixture of six tastes. When you mix six tastes, they will mix but they will not be blended. You will still know or experience different tastes although you mix them together. They are together so they are called mixed, but they are not blended. In the same way, there are some things that are mixed so there is a suspicion whether they may be *Sampayutta.* In that case this word has to be used to prevent them from being taken as *Sampayutta. Nama* to *Rupa* and *Rupa* to *Nama* is *Vippayutta.* But *Rupa* to *Rupa* we don't say is *Vippayutta* because there is no suspicion of their being *Sampayutta.* We don't say there is *Vippayutta* condition between *Rupa* and *Rupa,* although they are really *Vippayutta.* With regard to *Vippayutta* we take *Nama* on the hand and *Rupa* on the other.

## ၂၁ – အတ္ထိပစ္စယော
## ပစ္စုပ္ပန် သဘောဖြစ်သော ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

**အတ္ထိပစ္စယောတိ** - စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ, တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

---

*အတ္ထိပစ္စယောတိ၊* အတ္ထိပစ္စည်းဟူသည်ကား *စတ္တာရော၊* လေးပါးကုန်သော။ *အရူပိနော၊* နာမ်တရားဖြစ်ကုန်သော။ *ခန္ဓာ၊* ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ *အညမညံ၊* အချင်းချင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*စတ္တာရော၊* လေးပါးကုန်သော။ *မဟာဘူတာ၊* မဟာဘုတ် ရုပ်လေးပါးတို့သည်။ *အညမညံ၊* အချင်းချင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဩက္ကန္တိက္ခဏေ၊* ပဋိသန္ဓေခဏ၌။ *နာမရူပံ၊* ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ *အညမညံ၊* အချင်းချင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*စိတ္တစေတသိကာ၊* စိတ် စေတသိက်ဖြစ်ကုန်သော။ *ဓမ္မာ၊* နာမက္ခန္ဓာတရားလေးပါးတို့သည်။ *စိတ္တသမုဋ္ဌာနံ၊* စိတ်ကြောင့် ဖြစ်ကုန်သော။ *ရူပါနံ၊* စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*မဟာဘူတာ၊* ပထဝီ တေဇော အာပေါ ဝါယောဟုဆိုအပ်သော မဟာဘုတ်ရုပ်တို့သည်။ *ဥပါဒါရူပါနံ၊* ဥပါဒါရုပ်တို့အား။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*စက္ခာယတနံ၊* စက္ခုပသာဒရုပ် မျက်စိအကြည်သည်။ *စက္ခုဝိညာဏဓာတုယာ စ၊* မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*သောတာယတနံ၊* သောတပသာဒရုပ် နားအကြည်သည်။ *သောတဝိညာဏဓာတုယာ စ၊* ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဃာနယတနံ၊* ဃာနပသာဒရုပ် နှာခေါင်းအကြည်သည်။ *ဃာန ဝိညာဏဓာတုယာ စ၊* နံသိစိတ် 'ဃာနဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဇိဝှါယတနံ၊* ဇိဝှါ ပသာဒရုပ် လျှာအကြည်သည်။ *ဇိဝှါဝိညာဏဓာတုယာ စ၊* လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အား လည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ကာယာယတနံ၊* ကာယပသာဒရုပ် ကိုယ်အကြည်သည်။ *ကာယဝိညာဏဓာတုယာ စ၊* ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ရူပါယတနံ၊* ရူပါရုံ အဆင်းရုပ်ဓာတ်သည်။ *စက္ခုဝိညာဏ ဓာတုယာ စ၊* မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုစက္ခု ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*သဒ္ဒါယတနံ၊* သဒ္ဒါရုံ အသံရုပ်ဓာတ်သည်။ *သောတဝိညာဏဓာတုယာ စ၊* ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိသည်၏ အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဂန္ဓာယတနံ၊* ဂန္ဓာရုံ အနံ့ရုပ်ဓာတ်သည်။ *ဃာနဝိညာဏဓာတုယာ စ၊* နံသိစိတ် 'ဃာနဝိညာဏဓာတ်' အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ရသာယတနံ၊* ရသာရုံ အရသာ ရုပ်ဓာတ်သည်။ *ဇိဝှါ ဝိညာဏဓာတုယာ စ၊* လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အား လည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဖောဋ္ဌဗ္ဗာယတနံ၊* ဖောဋ္ဌဗ္ဗာရုံ အတွေ့ရုပ်ဓာတ်သည်။ *ကာယဝိညာဏဓာတုယာ စ၊* ထိသိစိတ် 'ကာယဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အား လည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ရူပါယတနံ၊* အဆင်း 'ရူပါရုံ' သည်လည်းကောင်း။ *သဒ္ဒါယတနံ၊* အသံ 'သဒ္ဒါရုံ'သည် လည်းကောင်း။ *ဂန္ဓာယတနံ၊* အနံ့ 'ဂန္ဓာရုံ'သည် လည်းကောင်း။ *ရသာယတနံ၊* အရသာ 'ရသာရုံ'သည် လည်းကောင်း။ *ဖောဋ္ဌဗ္ဗာယတနံ၊* အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' သည်လည်းကောင်း။ *မနောဓာတုယာ စ၊* မနောဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့ အားလည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ယံ ရူပံ၊* အကြင်ဟဒယဝတ္ထုရုပ်ကို။ *နိဿာယ၊* အမှီပြု၍။ *မနောဓာတု စ၊* မနောဓာတ်သည် လည်းကောင်း။ *မနောဝိညာဏဓာတု စ၊* မနောဝိညာဏဓာတ်သည် လည်းကောင်း။ *ဝတ္တန္တိ၊* ဖြစ်ကုန်၏။ *တံ ရူပံ၊* ထိုဟဒယဝတ္ထုရုပ်သည်။ *မနောဓာတုယာ စ၊* မနောဓာတ်အားလည်းကောင်း။ *မနောဝိညာဏဓာတုယာ စ၊* မနောဝိညာဏ ဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်, မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အား လည်းကောင်း။ *အတ္ထိပစ္စယေန၊* ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

## မှတ်ချက်

| | |
|---|---|
| မနောဓာတု | = သမ္ပဋိစ္ဆိုင်း၊ မနောဓာတ်သိရုံမျှ၊ သိရုံမျှ |
| ပဥ္စဝိညာဏဓာတု | = မနောဓာတ်ထက် ပို၍ သိခြင်း၊ ဥပမာ-စက္ခုဝိညာဏ် |
| မနောဝိညာဏဓာတု | = သန္တီရဏ၊ အားရှိပါးရှိ ထိထိမိမိသိခြင်း |

## အတ္ထိပစ္စည်း

*ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သတ္တိသည် အတ္ထိပစ္စည်းမည်၏၊ အတ္ထိပစ္စည်းကို သစ်ပင်တို့အား အထောက် အပံ့ပေးနေသောမြေကြီး မြင့်မိုရ်တောင်နှင့်တူ၏ဟု ဥပမာ ပြုကြသည်၊ မြေကြီးနှင့် မြင့်မိုရ်တောင်တို့သည် မိမိတို့ထင်ရှား ရှိခိုက်မှာ မိမိအပေါ်၌ ဆိုင်ရာမျိုးစေ့ကြောင့် ပေါက်နေ ထင်ရှားရှိနေသော သစ်ပင်တို့အား ရှင်သန်အောင် စိမ်းစိုလန်းဆန်းအောင် အထောက်အပံ့ပေးသကဲ့သို့ ဤအတ္ထိပစ္စည်းတပ်သော အကြောင်းတရားများသည်လည်း မိမိတို့ထင်ရှားရှိခိုက်ဝယ် မိမိတို့ကဲ့သို့ ထင်ရှားရှိနေသော အကျိုးတရားတို့အား အထောက်အပံ့ပေးကာ ကျေးဇူးပြုလေသည်။*

## Atthi Paccaya (Presence condition)

Number 21 is *Atthi Paccaya. 'Atthi'* means existing. It is compared to the earth or *Mount Meru,* the same. When the earth is existing, we survive on the earth. The trees also survive on the earth. *Mount Meru* is the same or we can just say is a big mountain. A big Mountain serves as a support. Also when it is existing, it helps beings, trees and others to exist. *Atthi* condition is persence. The conditioning states of *Atthi* condition must be present along with those that are conditioned. Sometimes it is affiliated with *Sahajâta.* Sometimes it is affiliated with *Purejâta.* Sometimes it is affiliated with *Pacchâjâta-.* Sometimes it is affiliated with *Âhâra* and so on.

## ၂၂ – နတ္ထိပစ္စယော
## ချုပ်ပျောက်သောအားဖြင့် မရှိသောအားဖြင့် နောက်ဖြစ်သော နာမ်တရားတို့အား ဖြစ်ခွင့်ပေးလျက် ကျေးဇူးပြုသောပစ္စည်း

**နတ္ထိပစ္စယောတိ** - သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

*နတ္ထိပစ္စယောတိ*၊ နတ္ထိပစ္စည်းဟူသည်ကား *သမနန္တရနိရုဒ္ဓါ*၊ မိမိအခြားမဲ့၌ ကောင်းစွာ ချုပ်ကုန်ပြီးသော။ *စိတ္တစေတသိကာ*၊ စိတ် စေတသိက်ဖြစ်ကုန်သော။ *ဓမ္မာ*၊ ရုပ်နာမ်တို့၏ စုတိကြည်သော နာမက္ခန္ဓာတရားတို့သည်။ *ပစ္စုပ္ပန္နာနံ*၊ နောက်ဆက်တစ်ဖန် ဖြစ်ကုန်သော။ *စိတ္တစေတသိကာနံ*၊ စိတ် စေတသိက်ဖြစ်ကုန်သော။ *ဓမ္မာနံ*၊ ရုပ်နာမ်တို့၏ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား။ *နတ္ထိပစ္စယေန*၊ မရှိသော နတ္ထိပစ္စယ သတ္တိဖြင့်။ *ပစ္စယော ဥပကာရကော*၊ ကျေးဇူးပြုတတ်သည်။ *ဟောတိ*၊ ဖြစ်၏။

## နတ္ထိပစ္စည်း

***နတ္ထိသဒ္ဒါသည် "မရှိ" ဟူသောအနက်ကို ဟော၏၊ ဝိဂတသဒ္ဒါကား "ကင်းပျောက်ခြင်း၊ ချုပ်ခြင်း" ဟူသော အနက်ကို ဟော၏၊ ငြိမ်းလေပြီးသော ဆီမီးသည် အမိုက်အမှောင် ဖြစ်ပေါ်လာရန် အခွင့်အရေးပေးသကဲ့သို့ မိမိတို့မရှိခြင်း ချုပ်ပျောက်ခြင်းဖြင့် နောက် နောက်တရားတို့အား ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်းမည်၏။***

### Natthi Paccaya (Absence condition)

Number 22 is *Natti Paccaya.* It is the opposite of *Atthi Paccaya.* It is compared to a flame that has ceased, that has blown out. When the flame is blown out, there is darkness. The flame that goes out, the flame that ceases serves as a condition for darkness to arise. *Actually Natthi* is the same as *Anantara.* The conditioning states and the conditioned states do not exist at the same moment. They belong to different moments.

## ၂၃ – ဝိဂတပစ္စယော
## ချုပ်ပျောက်သောအားဖြင့် ကင်းကွာသောအားဖြင့် နောက်ဖြစ်သော နာမ်တရားတို့အား ဖြစ်ခွင့်ပေးလျက် ကျေးဇူးပြုသောပစ္စည်း

**ဝိဂတပစ္စယောတိ** - သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

*ဝိဂတပစ္စယောတိ*၊ ဝိဂတပစ္စည်းဟူသည်ကား *သမနန္တရဝိဂတာ*၊ မိမိအခြားမဲ့၌ ကောင်းစွာ ကင်းကုန်ပြီးသော။ *စိတ္တစေတသိကာ*၊ စိတ် စေတသိက်ဖြစ်ကုန်သော။ *ဓမ္မာ*၊ ရုပ်နာမ်တို့၏ စုတိကြည်သော နာမက္ခန္ဓာ တရားတို့သည်။ *ပစ္စုပ္ပန္နာနံ*၊ နောက်ဆက်တစ်ဖန်ဖြစ်ကုန်သော။ *စိတ္တစေတသိကာနံ*၊ စိတ် စေတသိက်ဖြစ်ကုန်သော။ *ဓမ္မာနံ*၊ ရုပ်နာမ်တို့၏ စုတိစိတ်နှင့် တကွဖြစ်သော နာမက္ခန္ဓာတို့အား။ *ဝိဂတပစ္စယေန*၊ ကင်းချုပ်သည်၏အဖြစ် ဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော*၊ ကျေးဇူး ပြုတတ်သည်။ *ဟောတိ*၊ ဖြစ်၏။

## ဝိဂတပစ္စည်း

*နေရောင် ကွယ်ပျောက်ခြင်းသည် လရောင် လင်းဖို့ရာ သို့မဟုတ် အမှောင် ရောက်လာဖို့ရာ ကျေးဇူးပြုသကဲ့သို့ မိမိတို့ ကွယ်ပျောက်ချုပ်ကင်းခြင်းဖြင့် နောက်နောက် တရားစု ဖြစ်ပေါ်လာရန် အခွင့်အရေးပေးကာ ကျေးဇူးပြုခြင်းသည် ဝိဂတပစ္စည်း မည်၏။*

**Vigata Paccaya (Disappearance condition)**

Number 23 is *Vigata Paccaya.* disappearance condition. It is compared to the disappearance of the sun at night. When the sun goes down, there is darkness. The disappearance of the sun makes it possibles for darkness to arise. *Vigata* is also the same as *Anantara.*

## ၂၄ – အဝိဂတပစ္စယော
## မကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

**အဝိဂတပစ္စယောတိ** - စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

*အဝိဂတပစ္စယောတိ၊* အဝိဂတပစ္စည်းဟူသည်ကား *စတ္တာရော၊* လေးပါးကုန်သော။ *အရူပိနော၊* နာမ်တရား ဖြစ်ကုန်သော။ *ခန္ဓာ၊* ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ *အညမညံ၊* အချင်းချင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် ထင်ရှားရှိနေခြင်း အဝိဂတပစ္စယ သတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*စတ္တာရော၊* လေးပါးကုန်သော။ *မဟာဘူတာ၊* မဟာဘုတ် ရုပ်တို့သည်။ *အညမညံ၊* အချင်းချင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဩက္ကန္တိက္ခဏေ၊* ပဋိသန္ဓေခဏ၌။ *နာမရူပံ၊* ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယ ဝတ္ထုရုပ်သည်။ *အညမညံ၊* အချင်းချင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယ သတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*စိတ္တစေတသိကာ၊* စိတ် စေတသိက်ဖြစ်ကုန်သော။ *ဓမ္မာ၊* နာမက္ခန္ဓာတရားလေးပါးတို့သည်။ *စိတ္တသမုဋ္ဌာနာနံ၊* စိတ်ကြောင့် ဖြစ်ကုန်သော။ *ရူပါနံ၊* စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ အညမညံ၊ အချင်းချင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ် သည်။ *ဟောတိ၊* ဖြစ်၏။

*စက္ခာယတနံ၊* စက္ခုပသာဒရုပ် မျက်စိအကြည်သည်။ *စက္ခုဝိညာဏဓာတုယာ စ၊* မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အား လည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*သောတာယတနံ၊* သောတပသာဒရုပ် နားအကြည်သည်။ *သောတဝိညာဏဓာတုယာ စ၊* ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုသောတ ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အဝိဂတ ပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြု တတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဃာနာယတနံ၊* ဃာနပသာဒရုပ် နှာခေါင်းအကြည်သည်။ *ဃာနဝိညာဏဓာတုယာ စ၊* နံသိစိတ် 'ဃာနဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက် တရားတို့အားလည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဇိဝှါယတနံ၊* ဇိဝှါ ပသာဒရုပ် လျှာအကြည်သည်။ *ဇိဝှါ ဝိညာဏဓာတုယာ စ၊* လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အား လည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။

*ဓမ္မာနဥ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အဓိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ကာယာယတနံ၊* ကာယပသာဒရုပ် ကိုယ်အကြည်သည်။ *ကာယဝိညာဏဓာတုယာ စ၊* ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရားတို့ အားလည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ရူပါယတနံ၊* ရူပါရုံ အဆင်းရုပ်သည်။ *စက္ခုဝိညာဏဓာတုယာ စ၊* မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*သဒ္ဒါယတနံ၊* သဒ္ဒါရုံ အသံရုပ်သည်။ *သောတဝိညာဏဓာတုယာ စ၊* ကြားသိစိတ် 'သောတဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရားတို့ အားလည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဂန္ဓာယတနံ၊* ဂန္ဓာရုံ အနံ့ရုပ်သည်။ *ဃာနဝိညာဏဓာတုယာ စ၊* နံသိစိတ် 'ဃာနဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ရသာယတနံ၊* ရသာရုံ အရသာရုပ်သည်။ *ဇိဝှါဝိညာဏဓာတုယာ စ၊* လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရားတို့အားလည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ဖောဋ္ဌဗ္ဗာယတနံ၊* ဖောဋ္ဌဗ္ဗာရုံ အတွေ့ရုပ်သည်။ *ကာယဝိညာဏဓာတုယာ စ၊* ထိသိစိတ် 'ကာယဝိညာဏဓာတ်'အား လည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊* စေတသိက်တရားတို့အား လည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ရူပါယတနံ၊* အဆင်း 'ရူပါရုံ' သည်လည်းကောင်း။ *သဒ္ဒါယတနံ၊* အသံ 'သဒ္ဒါရုံ'သည် လည်းကောင်း။ *ဂန္ဓာယတနံ၊* အနံ့ 'ဂန္ဓာရုံ' သည်လည်းကောင်း။ *ရသာယတနံ၊* အရသာ 'ရသာရုံ'သည် လည်းကောင်း။ *ဖောဋ္ဌဗ္ဗာယတနံ၊* အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'သည် လည်းကောင်း။ *မနောဓာတုယာ စ၊* မနောဓာတ်အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဥ္စ၊*

စေတသိက်တရားတို့အား လည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

*ယံ ရူပံ၊* အကြင်ဟဒယဝတ္ထုရုပ်ကို။ *နိဿာယ၊* အမှီပြု၍။ *မနောဓာတု စ၊* မနောဓာတ်သည်လည်းကောင်း။ *မနောဝိညာဏဓာတု စ၊* မနောဝိညာဏဓာတ်သည်လည်းကောင်း၊ *ဝတ္တန္တိ၊* ဖြစ်ကုန်၏။ *တံ ရူပံ၊* ထိုဟဒယဝတ္ထုရုပ်သည်။ *မနောဓာတုယာ စ၊* မနောဓာတ်အား လည်းကောင်း။ *မနောဝိညာဏဓာတုယာ စ၊* မနောဝိညာဏဓာတ် အားလည်းကောင်း။ *တံသမ္ပယုတ္တကာနံ၊* ထိုမနောဓာတ်, မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ *ဓမ္မာနဉ္စ၊* စေတသိက်တရားတို့အား လည်းကောင်း။ *အဝိဂတပစ္စယေန၊* မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ *ပစ္စယော ဥပကာရကော၊* ကျေးဇူးပြုတတ်သည်။ *ဟောတိ၊* ဖြစ်၏။

## အဝိဂတပစ္စည်း

***အဝိဂတသဒ္ဒါသည်ကား မကင်းသေး မချုပ်သေးဟူသော အနက်ကိုဟော၏၊ ဤအဝိဂတပစ္စည်းကို မဟာသမုဒ္ဒရာနှင့် တူ၏ဟု ရှေးဆရာတို့ ဥပမာပေးကြသည်၊ မဟာသမုဒ္ဒရာသည် ပင်လယ်သမုဒ္ဒရာထဲ၌ တည်ရှိနေသော ငါး လိပ် စသည်တို့အား ပင်လယ်ရေ မကုန်ခမ်းသေး မခြောက်ခမ်းသေးသမျှ အသက် ရှင်သန်ဖို့ရာ အေးအေး ချမ်းချမ်းနေဖို့ရာ ကျေးဇူးပြုသကဲ့သို့၊ ဤအဝိဂတပစ္စည်းသည်လည်း မိမိမကင်းသေး မချုပ်သေးသမျှ ဆိုင်ရာအကျိုးတရားတို့ ဖြစ်ပေါ်လာအောင် အထောက်အပံ့ပေးကာ ကျေးဇူးပြုလေသည်။***

## Avigata Paccaya (Non-disappearance condition)

The last one is *Avigata Paccaya,* non-disappearance condition. It is the opposite of *Vigata Paccaya.* That means existing. So it is the same as number 21, *Atthi Paccaya.*It is compared to the ocean where fish delight. That means so long as there is an ocean, then the fish can live in the ocean. It serves as their place, as their domain while it is existing. When the ocean dries up, it is no longer a place for fish to live.

## စက္ခုဒွါရ၌ အတိမဟန္တာရုံဝီထိဖြစ်ပုံ (A COMPLETE EYE-DOOR PROCESS)

| | | | | |
|---|---|---|---|---|
| | ဘဝင် | | | Stream of bhavanga |
| ၁။ | တီ | အတီတဘဝင် | (လွန်လေပြီးသောဘဝင်) | Past bhavanga |
| ၂။ | န | ဘဝင်္ဂစလန | (လှုပ်သွားသောဘဝင်) | Vibrational bhavanga |
| ၃။ | ဒ | ဘဝင်္ဂုပစ္ဆေဒ | (ပြတ်စဲသောဘဝင်) | Arrest bhavanga |
| ၄။ | ပ | ပဉ္စဒွါရာဝဇ္ဇန်း | (အာရုံအသစ်ကို နှလုံးသွင်းဆင်ခြင်သည်) | Five-door adverting |
| ၅။ | စ | စက္ခုဝိညာဏ် | (အာရုံကို မြင်သည်) | Eye-consciousness |
| ၆။ | သံ | သမ္ပဋိစ္ဆိုင်း | (အာရုံကို လက်ခံသည်) | Receiving |
| ၇။ | ဏ | သန္တီရဏ | (အာရုံကို စူးစမ်းသည်) | Investigating |
| ၈။ | ဝု | ဝုဋ္ဌော | (အာရုံ ကောင်း မကောင်း ဆုံးဖြတ်သည်) | Determining |
| ၉။ | ဇ | ဇော | (အာရုံ၏ အရသာကို ခံယူသည်) | Javana |
| ၁၀။ | ဇ | ဇော | ။ | Javana |
| ၁၁။ | ဇ | ဇော | ။ | Javana |
| ၁၂။ | ဇ | ဇော | ။ | Javana |
| ၁၃။ | ဇ | ဇော | ။ | Javana |
| ၁၄။ | ဇ | ဇော | ။ | Javana |
| ၁၅။ | ဇ | ဇော | ။ | Javana |
| ၁၆။ | ဒါ | တဒါရုံ | (ဇော၏အာရုံကိုပင်ယူသည်) | Registration |
| ၁၇။ | ဒါ | တဒါရုံ | (ဇော၏အာရုံကိုပင်ယူသည်) | Registration |
| | ဘဝင် | | | Stream of bhavanga |



# ပဉ္စဒွါရဝီထိသို့ အစဉ်လိုက်သော အနုဗန္ဓကမနောဒွါရဝီထိ



တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ (အဆင်းကို မြင်သည့်ဝီထိ)

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ (ဆက်ဖြစ်ဝီထိ)

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ (သဏ္ဍာန်ပညတ်ဒြပ်သိဝီထိ)

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ (အမည်သိဆက်ဖြစ်ဝီထိ)

## ပဉ္စဒွါရဝီထိ

အဗျာကတ — ကုသိုလ်၊ အကုသိုလ်၊ ကြိယာ — အဗျာကတ

| တီ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဒါ | ဒါ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အတီတဘဝင် | ဘဝင်စလန | ဘဝင်္ဂုပစ္ဆေဒ | ပဉ္စဒွါရာဝဇ္ဇန်း | စက္ခုဝိညာဏ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | ဇော | ဇော | ဇော | ဇော | ဇော | ဇော | တဒါရုံ | တဒါရုံ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | |

## မနောဒွါရဝီထိ

အဗျာကတ — ကုသိုလ်၊ အကုသိုလ်၊ ကြိယာ — အဗျာကတ

| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဒါ | ဒါ |
|---|---|---|---|---|---|---|---|---|---|---|---|
| ဘဝင်စလန | ဘဝင်္ဂုပစ္ဆေဒ | မနောဒွါရာဝဇ္ဇန်း | ဇော | ဇော | ဇော | ဇော | ဇော | ဇော | ဇော | တဒါရုံ | တဒါရုံ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |


ဥပါဒ် ဌီ ဘင်

* စိတ်တစ်ခု၏အသက် [redacted] ဥပါဒ် ဌီ ဘင်ဟူ၍ ခဏငယ်သုံးချက် * ခဏငယ်သုံးချက် စိတ္တက္ခဏ ၁ ချက် * စိတ္တက္ခဏ(၁၇)ချက် [redacted] တစ်ဝီထိ

မှတ်သားရန်။ ။ အဆင်းမြင်စဉ် ဝီထိစိတ်ကုဋေပေါင်းများစွာထဲက နည်းယူသိသာနိုင်ရန် ဥပမာဖြင့် ဖော်ပြခြင်းဖြစ်သည်။ လက်ဖျစ် ၁-တွက်၊ မျက်စိ ၁-မှိတ် တဒင်္ဂ တစ်ခဏကာလတိုအတွင်းမှာ စိတ္တက္ခဏ ကုဋေ ၁-သိန်း ($10^{12}$) ရှိပါသည်။ ထို့ကြောင့် စိတ်တစ်ခု၏အသက်သည် ($1/10^{12}$) = 0.000000000001 second. လက်ဖျစ် ၁-တွက်၊ မျက်စိ ၁-မှိတ် တဒင်္ဂ တစ်ခဏတာ ကာလတိုကို နားလည် လွယ်စေရန် ၁-စက္ကန့်ဟု ယူထားသည်။ အမှန်တကယ်တွင်မူ ၁-စက္ကန့်ထက်ပင် တိုတောင်းသောအချိန် ဖြစ်ပါသည်။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)


**မနောဒွါရဝီထိ**





**<u>မဂ္ဂအပ္ပနာဝီထိ ၄-ပါး</u>**

ဝိပဿနာအားထုတ်သော ယောဂီသည် ရုပ်နာမ်တို့၏ မမြဲခြင်းသဘော (အနိစ္စလက္ခဏာ)၊ ရုပ်နာမ်တို့၏ ဆင်းရဲခြင်းသဘော (ဒုက္ခလက္ခဏာ)၊ ရုပ်နာမ်တို့ကို အစိုးမရခြင်းသဘော (အနတ္တ လက္ခဏာ)၊ ဤလက္ခဏာရေးသုံးပါးတို့တွင် တစ်ပါးပါးက ထင်ရှားစွာ ထင်ပေါ်လာသည့်အခါ မဂ္ဂအပ္ပနာ ဝီထိဖြစ်၏။ မဂ်ဉာဏ် ၄-ဆင့်ရှိ၏။

**(မန္ဒပညာ)**




**(တိက္ခပညာ)**




(၁) ပုထုဇဉ်ယောဂီ၏ မနောဒွါရ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး အာရုံထင်လာသည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဟု ဘဝင် ၂-ကြိမ် လှုပ်၍ပြတ်ပြီးလျှင် ထိုထင်လာသော အာရုံကို ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါးအနက်မှ တစ်ပါးပါးသည် လက္ခဏာရေးသုံးပါးကို အာရုံပြုလျက် ပရိကမ် ဥပစာ အနုလုံဟု ၃-ကြိမ်၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘု ၁-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် သောတာပတ္တိမဂ်ဇောသည် နိဗ္ဗာန်ကိုအာရုံပြုလျက် ၁-ကြိမ်ဖြစ်၍ ထိုမဂ်၏ အခြားမဲ့၌ သောတာပတ္တိဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုလျက် ၂-ကြိမ် ဖြစ်၍ချုပ်ပြီးလျှင် ဘဝင်ကျ၍ မဂ်မှထ၏။ (တိက္ခပညာ ပုဂ္ဂိုလ်ဖြစ်သော် ပရိကမ်ကို ချန်လှပ်ပြီး ဖိုလ်ဇော ၃-ကြိမ် စောရမည်။) နောက်ပိုင်းတွင် တိက္ခပညာ၊ မန္ဒပညာဟူ၍ ဝီထိ ၂-ပါးကို မပြဘဲ ဝီထိတစ်ပါးသာ ပြမည်။


၁- ကုသလံ ဝုဌာနသ္သ အနန္တရပစ္စယေန ပစ္စယော။

၂- မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော။


၃- အနုလောမံ သေက္ခာယဖလဿမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။

၄- နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ကု၊ ဗျာ - နှာ - ၂၂ ကြည့်)


၁- ကုသလံ ဝုဌာနသ္သ အနန္တရပစ္စယေန ပစ္စယော။





၂- မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော။




၃- အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။




၄- နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။




ပ = ပရိကံ ဥ = ဥပစာ နု = အနုလုံ


ဂေါ = ဂေါတြဘု ဖ = ဖလသမာပတ် = ဖိုလ် နိ = နိရောဓသမာပတ်

ဈာန် = နေဝသညာနာသညာယတနကြိယာ


အနုလောမဉာဏ်သည် ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ဖြစ်သည့် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်ဟုဆိုအပ်သော ဖလသမာပတ်အား အနန္တရပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။

၁- ဘဝင်္ဂ အာဝဇ္ဇနာယ အနန္တရပစ္စယေန ပစ္စယော။
၂- ကိရိယံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။
၃- အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။
၄- နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ဗျာ၊ ဗျာ - နှာ -၂၂ ကြည့်)


၁- ဘဝင်္ဂ အာဝဇ္ဇနာယ အနန္တရ ပစ္စယေနပစ္စယော။




အာဝဇ္ဇန်းစိတ် turning to, paying attention နှလုံးသွင်းခြင်း၊ ထင်လာသောအာရုံကို ဆင်ခြင်ခြင်း
ဝုဋ္ဌော = မနောဒွါရဝဇ္ဇန်းစိတ်
၂- ကိရိယံ ဝုဋ္ဌာနဿ အနန္တရ ပစ္စယေနပစ္စယော။





၃- အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရ ပစ္စယေနပစ္စယော။





၄- နိရောဓာဝုဋ္ဌာဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။

နိရောဓသမာပတ်မဝင်စားခင် နေဝသညာနာသညာကိရိယာဇောက နိရောဓသမာပတ်မှထပြီး အရဟတ္တဖိုလ်စိတ်ကို ကျေးဇူးပြုသည့် ဝီထိအစဉ်။




၁- အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော။
၂- အနုလောမံ ဝေါဒါနဿ အနန္တရပစ္စယေန ပစ္စယော။
၃- ဂေါတြဘု မဂ္ဂဿ  အနန္တရပစ္စယေန ပစ္စယော။
၄- ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (ကု၊ ကု - နှာ - ၂၀ ကြည့်)

၁- အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော။





၂- အနုလောမံ ဝေါဒါနဿ အနန္တရပစ္စယေန ပစ္စယော။





ဝိပဿနာဉာဏ်၏ အထွဋ်အထိပ်သို့ရောက်သော အနုလောမဉာဏ်သည် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်၏ရှေ့ ကိလေသာမှ ဖြူစင်ခြင်းဟူသော ဝေါဒါန်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၃- ဂေါတြဘု မဂ္ဂဿ အနန္တရပစ္စယေနပစ္စယော




သောတပတ္တိမဂ်၏ရှေ့ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးတတ်သော ဂေါတြဘုသည် သောတာပတ္တိမဂ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၄- ဝေါဒါနံ မဂ္ဂဿအနန္တရပစ္စယေနပစ္စယော။



**“ပဋ္ဌာဝါရ အနုလုံ သဘာဂဇယား”**

| | အာရမ္မဏ | သဟဇာတ | ဥပနိဿယ | | ပုရေဇာတ | ပစ္ဆာဇာတ | ဗလဝ ဒုဗ္ဗလကံ | ရုပ်အာဟာရ | ရူပဇီဝိ တိန္ဒြိယ | သဟဇာတံ ပုရေဇာတံ | ပစ္ဆာဇာတံ အာဟာရံ | ပစ္ဆာဇာတံ ဣန္ဒြိယံ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အနန္တရူပနိဿယ | ပကတူပနိဿယ | | | | | | | | |
| ဟေတုပစ္စယော | | ဟေ-၇ | | | | | | | | | | |
| အာရမ္မဏပစ္စယော | အာ-၉ | | | | | | | | | | | |
| အဓိပတိ ပစ္စယော | အာဓိ-၇ | သဟာဓိ-၇ | | | | | | | | | | |
| အနန္တရပစ္စယော | | | နံ-၇ | | | | | | | | | |
| သမနန္တရပစ္စယော | | | နံ-၇ | | | | | | | | | |
| သဟဇာတ ပစ္စယော | | သဟ-၉ | | | | | | | | | | |
| အညမညပစ္စယော | | ည-၃ | | | | | | | | | | |
| နိဿယပစ္စယော | ဝတ္ထာ-၃ | သဟနိ-၉ | | | ပုရေနိ-၃ | | | | | သဟပုရေ-၂ | | |
| ဥပနိဿယပစ္စယော | အာရမ္မဏူ-၇ | | အနန္တရူ-၇ | ပကတူ-၉ | | | | | | | | |
| ပုရေဇာတပစ္စယော | အာပု-၃ | | | | ဝတ်ပု-၃ | | | | | | | |
| ပစ္ဆာဇာတပစ္စယော | | | | | | ပစ္ဆာ-၃ | | | | | | |
| အာသေဝနပစ္စယော | | | သေ-၃ | | | | | | | | | |
| ကမ္မပစ္စယော | | သဟကမ္မ-၇ | အနံကမ္မ-၁ | ဗလဝကမ္မ-၂ | | | ကံ-၂ | | | | | |
| ဝိပါကပစ္စယော | | ဝိပါ-၁ | | | | | | | | | | |
| အာဟာရပစ္စယော | | နာမ်ဟာ-၇ | | | | | | ရုပ်ဟာ-၁ | | | | |
| ဣန္ဒြိယပစ္စယော | | သဟတိံ-၇ | | | ပုတိံ-၁ | | | | ရူပတိံ-၁ | | | |
| ဈာနပစ္စယော | | ဈာ-၇ | | | | | | | | | | |
| မဂ္ဂပစ္စယော | | မဂ်-၇ | | | | | | | | | | |
| သမ္ပယုတ္တ ပစ္စယော | | သံ-၃ | | | | | | | | | | |
| ဝိပ္ပယုတ္တပစ္စယော | ဝတ္ထာ-၃ | သဟဝိပ်-၃ | | | ပုရေဝိပ်-၃ | ပစ္ဆာဝိပ်-၃ | | | | | | |
| အတ္ထိပစ္စယော | အာပု-၃ | သဟ-၉ | | | ပုရေ-၃ | ပစ္ဆာ-၃ | | ရုပ်ဟာ-၁ | ရူပတိံ-၁ | သဟပုရေ-၂ | ပစ္ဆာဟာ-၂ | ပစ္ဆာဣံ-၂ |
| နတ္ထိပစ္စယော | | | နံ-၇ | | | | | | | | | |
| ဝိဂတပစ္စယော | | | နံ-၇ | | | | | | | | | |
| အဝိဂတပစ္စယော | အာပု-၃ | သဟ-၉ | ဝိဂ-၇ | | ပုရေ-၃ | ပစ္ဆာ-၃ | | ရုပ်ဟာ-၁ | ရူပတိံ-၁ | သဟပုရေ-၂ | ပစ္ဆာဟာ-၂ | ပစ္ဆာဣံ-၂ |

# မှတ်သားစရာ သင်္ချာများ

| | | | |
|---|---|---|---|
| ဟေတုယာ | - သတ္တ | အာရမ္မဏေ | - နဝ |
| အဓိပတိယာ | - ဒသ | အနန္တရေ | - သတ္တ |
| သမနန္တရေ | - သတ္တ | သဟဇာတေ | - နဝ |
| အညမညေ | - တီဏိ | နိဿယေ | - တေရသ |
| ဥပနိဿယေ | - နဝ | ပုရေဇာတေ | - တီဏိ |
| ပစ္ဆာဇာတေ | - တီဏိ | အာသေဝနေ | - တီဏိ |
| ကမ္မေ | - သတ္တ | ဝိပါကေ | - ဧကံ |
| အာဟာရေ | - သတ္တ | ဣန္ဒြိယေ | - သတ္တ |
| ဈာနေ | - သတ္တ | မဂ္ဂေ | - သတ္တ |
| သမ္ပယုတ္တေ | - တီဏိ | ဝိပ္ပယုတ္တေ | - ပဥ္စ |
| အတ္ထိယာ | - တေရသ | နတ္ထိယာ | - သတ္တ |
| ဝိဂတေ | - သတ္တ | အဝိဂတေ | - တေရသ |

| | | | |
|---|---|---|---|
| **ဧက - ၁ ခု** | **တီဏိ - ၅ ခု** | **ပဥ္စ - ၁ ခု** | **သတ္တ - ၁၀ ခု** |
| **နဝ - ၃ ခု** | **ဒသ - ၁ ခု** | **တေရသ - ၃ ခု** | |

# မှီငြမ်းကိုးကား ကျမ်းစာအုပ်များ


၁။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်းတရားတော်
(၂၀၀၆ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၂။ ပန်းကုံးဆရာတော်ကြီး၏ ပဋ္ဌာနပန်းကုံး (၂၀၁၆ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၃။ အရှင်နန္ဒောဘာသ၏ အုတ်ကန်ပဋ္ဌာန်းနည်းပြကျမ်း (၂၀၁၅ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၄။ ပဋ္ဌာန်းသိပ္ပံဆရာတော်၏ ပဋ္ဌာန်းလမ်းညွှန်ကျမ်း (ဒုတိယအကြိမ်)
(၂၀၀၈ - ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေသည်)

၅။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတရေစကြိုဆရာတော်ကြီး၏ ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ (၂၀၀၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၆။ ပါမောက္ခချုပ်ဆရာတော်ကြီး၏ ပဋ္ဌာန်းမြတ်ဒေသနာ(၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၇။ ဂန္ဓာရုံဘုံကျော်ဆရာတော်ကြီး (တောင်တွင်းကြီး)၏ တိကပဋ္ဌာနပါဠိ၊ ပစ္စယနိဒ္ဒေသမှတ်စု

၈။ ဦးတင်ဝင်း(ဒိုက်ဦး)၏ ပဉှာဝါရဝိဘင်္ဂမှတ်စု (၂၀၁၂ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၉။ ဓမ္မာစရိယ ဦးအောင်ကျော်မိုး၏ ပဋ္ဌာန်းပဉှာဝါရပါဠိတော် ပါဠိအသံထွက်၊ မြန်မာပြန်
(၂၀၁၂ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၁၀။ ဒေါက်တာမင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ် (စတုတ္ထအကြိမ်)
(၁၉၉၈ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၁၁။ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းစာတမ်း

၁၂။ ပြင်ဦးလွင်မှ ဆရာကြီးဦးအုန်းကျော် (အင်ဂျင်နီယာ)မှ ဟောကြားသည့် ပဋ္ဌာန်းတရားတော်များ

၁၃။ သစ္စာမဏ္ဍိုင်ပိဋကတ်တိုက်မှ ထုတ်ဝေသည့် ပဋ္ဌာန်းပါဠိတော်နိဿယနှင့် ၂၄-ပစ္စည်း အဓိပ္ပါယ်အကျဉ်း
(၁၉၈၅ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၁၄။ Handbook of Abhidhamma studies by Ven.Sayadaw U Silananda

၁၅။ Patthana by by Ven.Sayadaw U Silananda

၁၆။ Patthana Condition Relations by Agganyani

# နက်နဲလွန်းသည့် အနန္တနယ ပဋ္ဌာန်းကျမ်း

ပဋ္ဌာန်းတရားတော်မြတ်သည် ဂမ္ဘီရော နက်နဲလွန်းပါသည်။

ဒုဒ္ဒသော မြင်နိုင်ခဲပါသည်၊ ဒုရာနုဗောဓော သာမန်ဉာဏ်ဖြင့်

ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲလွန်းပါသည်။

အတက္ကာဝစရော လောကရေးရာ ကိစ္စရပ်များပမာ

ကြံစည် တွေးတော စဉ်းစားရုံမျှဖြင့်လည်း သိနိုင်သည့်တရား မဟုတ်ပေ။

ပဏ္ဍိတ ဝေဒနီယော ပရမတ္ထတရားကို သိမြင်နိုင်စွမ်းသည့်

ပညာရှိ အနည်းစုတို့ကသာ ဉာဏ်သက်ဝင်နိုင်စွမ်းသည့်

တရားတော်မြတ်ကြီး ဖြစ်ကြောင်းကို

အဋ္ဌကထာဆရာမြတ်များက မိန့်ဆိုတော်မူထားပါသည်။